# ကြေးမုံ

The Mirror Daily
Established in 1957
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

e – paper ဖတ်ရှုရန်


**မေတ္တာဖြင့် အောင်ရာ၏**

အမျက်ထွက်တတ်သောသူကို အမျက်မထွက်ခြင်းဖြင့် (မေတ္တာဖြင့်)အောင်ရာ၏၊ မကောင်းသောသူကို ကောင်းသောသဘောဖြင့် အောင်ရာ၏၊ နှမြောဝန်တိုသောသူကို ပေးကမ်းခြင်းဖြင့် အောင်ရာ၏၊ မဟုတ်မမှန် ပြောဆိုတတ်သောသူကို မှန်ကန်သောစကားကို ပြောဆိုခြင်းဖြင့် အောင်ရာ၏။ ကောဓဝဂ်(ဓမ္မပဒ -၂၂၃)


၁၃၈၈ ခုနှစ်၊ ဝါခေါင်လဆန်း ၁၁ ရက်၊ တနင်္လာနေ့။ Monday, 24 August 2026 ၁၂၂၈၀


## နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် တူဗားပြည်နယ်ရှိ အထင်ကရနေရာများအား ကြည့်ရှုလေ့လာ

နေပြည်တော် ဩဂုတ် ၂၃

ရုရှားဖက်ဒရေးရှင်းနိုင်ငံ တူဗားပြည်နယ် ကီဇီးလ်မြို့တွင် တရားဝင်ခရီးစဉ် ရောက်ရှိနေသည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်သည် ခရီးစဉ်တွင် လိုက်ပါလာသည့် ပြည်ထောင်စုဝန်ကြီးများနှင့် အဖွဲ့ဝင်များ၊ တူဗားပြည်နယ် အကြီးအကဲ မစ္စတာ ဗလာဒီစလပ် ခိုဗာလစ်ဂ်၊ ဒူးမားလွှတ်တော် ဒုတိယဥက္ကဋ္ဌ မစ္စတာ ကာရာ-အိုးလ် ရှော်ဘန်၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ကီဇီးလ်မြို့ရှိ အထင်ကရနေရာများအား လှည့်လည်ကြည့်ရှုလေ့လာကြသည်။

ဦးစွာ နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် မြစ်ကမ်းနံဘေးရှိ အာရှတိုက်၏ အလယ်ဗဟိုနေရာဖြစ်သည့် The Center of Asia အထိမ်းအမှတ်ကျောက်တိုင်သို့ သွားရောက် ကြည့်ရှုလေ့လာကြရာ တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်သမ္မတက သိရှိလိုသည်များ ပြန်လည်မေးမြန်းဆွေးနွေးပြောကြားပြီး The Center of Asia အထိမ်းအမှတ်ကျောက်တိုင်နေရာ၌ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။


စာမျက်နှာ ၃ ကော်လံ ၁ သို့ ❖




နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် တူဗားပြည်နယ် အမျိုးသားပြတိုက်တွင် ကြည့်ရှုလေ့လာစဉ်။



## အမျိုးသားပြတိုက်(ရန်ကုန်)သို့ ထန်းတပင်မြို့နယ်ရှိ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ သွားရောက်လေ့လာ

ရန်ကုန် ဩဂုတ် ၂၃

ကျောင်းသား ကျောင်းသူ၊ လူငယ်လူရွယ်များအနေဖြင့် နိုင်ငံ၏ ခိုင်မာသည့် သမိုင်းကြောင်းအစဉ်အလာနှင့် ယဉ်ကျေးမှုတန်ဖိုးများ သိရှိနားလည်လာစေရန်၊ အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားလာစေရန်နှင့် ဘိုးဘွားများ၏ ယဉ်ကျေးမှုအမွေအနှစ်များကို ထိန်းသိမ်းမြှင့်တင်လိုစိတ်ရှိလာစေရန် ရည်ရွယ်၍ အမျိုးသားပြတိုက်(ရန်ကုန်)သို့ ယနေ့နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး ထန်းတပင်မြို့နယ် အထက (ကျူတော)မှ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများက သွားရောက်လေ့လာခဲ့ကြသည်။


စာမျက်နှာ ၄ ကော်လံ ၆ သို့ ✪


### ယနေ့ ဖတ်စရာ


ဘားအံမြို့၌ ကရင်ရိုးရာ ချည်ဖြူဖွဲ့မင်္ဂလာ (လာခုဂ်ခါင်.စူး)ပွဲတော် ကျင်းပ
စာမျက်နှာ ၅

တစ်သျှူးငှက်ပျော စိုက်ပျိုးရေးလုပ်ငန်းမှ လူငယ်များအတွက် အလုပ်အကိုင် အခွင့်အလမ်းများစွာ ဖော်ဆောင်ပေး
စာမျက်နှာ ၁၀

ရောဝတီတိုင်းဒေသကြီး အတွင်း မြို့နယ် ခြောက်မြို့နယ်ရှိ ရပ်ကွက် ၂၀ နှင့် ကျေးရွာအချို့ ရေဝင်ရောက်မှုဖြစ်ပွား ကူညီကယ်ဆယ်ရေးနှင့် တားဆီးကာကွယ်ရေး လုပ်ငန်းများ အင်တိုက်အားတိုက် ဆက်လက်ဆောင်ရွက်ပေးလျက်ရှိ
စာမျက်နှာ ၁၂


## အလားအလာကောင်းများရှိနေသည့် ရော်ဘာစိုက်ပျိုးထုတ်လုပ်မှုနှင့် ပို့ကုန်



ဆောင်းပါး စာမျက်နှာ » ၁၆




## လေဖိအားနည်းရပ်ဝန်း အခြေအနေ

နေပြည်တော် ဩဂုတ် ၂၃

ယနေ့မွန်းလွဲ ၃ နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းနှင့် ယင်းနှင့် ဆက်စပ်လျက်ရှိသော အိန္ဒိယနိုင်ငံ၊ အနောက်ဘင်္ဂလားပြည်နယ် ကမ်းလွန်-ဘင်္ဂလားဒေ့ရှ်နိုင်ငံ ကမ်းခြေတို့တွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် ဘင်္ဂလားပင်လယ်အော်အနောက်မြောက်ပိုင်းသို့ ရောက်ရှိခဲ့ပြီး ဆက်လက်တည်ရှိနေသည်။ အဆိုပါ လေဖိအားနည်းရပ်ဝန်းသည် နောက် ၂၄ နာရီအတွင်း အနောက်မြောက်ဘက်သို့ ရွေ့လျားနိုင်ပြီး အိန္ဒိယနိုင်ငံ ဩရိဿပြည်နယ်မြောက်ပိုင်းနှင့် ယင်းနှင့် ဆက်စပ်လျက်ရှိသော အနောက်ဘင်္ဂလားပြည်နယ်တို့သို့ ဖြတ်ကျော်နိုင်သည်ဟု ခန့်မှန်းရသည်။ မိုး/ဇလ



ကြေးမုံ

# တာဝန်ကျေပြည်သူ့စစ်မှုထမ်းကောင်း အလုပ်အကိုင်ရရှိရေးဆောင်ရွက်ပေး

နိုင်ငံသားတိုင်း စစ်ပညာသင်ကြားရန်နှင့် နိုင်ငံတော်၏ ကာကွယ်ရေးတာဝန် ထမ်းဆောင်နိုင်ရန်ရည်ရွယ်၍ ပြည်သူ့စစ်မှုထမ်းဥပဒေကို ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီလ ၁၀ ရက်နေ့တွင် စတင်အာဏာတည်ပြီးနောက် ပြည်သူ့စစ်မှုထမ်းသင်တန်းများကို ပြည်နယ်နှင့် တိုင်းဒေသကြီးအသီးသီးရှိ စစ်ဌာနချုပ်များတွင်ဖွင့်လှစ်ခဲ့ရာ ယခုအခါ ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၂၅)အထိ သင်တန်းဆင်းခဲ့ပြီးဖြစ်သည်။ ပြည်သူ့စစ်မှုထမ်းဥပဒေအရ သတ်မှတ်ကာလအတွင်း တာဝန်ကျေပွန်စွာထမ်းဆောင်ပြီးသော ပြည်သူ့စစ်မှုထမ်းများမှာလည်း ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၁) မှစ၍ အပတ်စဉ်အလိုက် ပြည်သူ့စစ်မှုထမ်းတာဝန်ပြီးမြောက်ခဲ့ကြသည်။

ပြည်သူ့စစ်မှုထမ်းတာဝန် ကျေပွန်စွာထမ်းဆောင်ပြီးခဲ့သည့် နိုင်ငံ့သားကောင်း ပြည်သူ့စစ်မှုထမ်းများအနေဖြင့် ပြည်သူ့စစ်မှုထမ်းဥပဒေနှင့်အညီ ပြည်သူ့စစ်မှုထမ်း တာဝန် ဆက်လက်တာဝန်ထမ်းဆောင်လိုပါက ဆက်လက်ထမ်းဆောင်နိုင်ပြီး မိဘရပ်ထံတွင် မိသားစုနှင့်အတူ အေးချမ်းစွာနေထိုင်လိုပါက နေထိုင်နိုင်သည့်အခွင့်အရေးများရရှိနေပြီဖြစ်သည်။ ယခုအခါ နိုင်ငံတော်အစိုးရက ဖွဲ့စည်းပေးထားသော “စစ်မှုထမ်းတာဝန်ကျေပွန်စွာထမ်းဆောင်ခဲ့သူများ အလုပ်အကိုင်ရရှိရေးစီမံခန့်ခွဲမှုကော်မတီ”အနေဖြင့်လည်း တာဝန်ကျေပြည်သူ့စစ်မှုထမ်းများ အလုပ်အကိုင်ရရှိရေးကို ဆောင်ရွက်ပေးလျက်ရှိသည်။

စစ်မှုထမ်းတာဝန် ကျေပွန်စွာထမ်းဆောင်ခဲ့သူများ အလုပ်အကိုင်ရရှိရေးစီမံခန့်ခွဲမှုကော်မတီအနေဖြင့် ပြည်သူ့စစ်မှုထမ်းဥပဒေအရ နိုင်ငံတော်ကာကွယ်ရေးတာဝန်ထမ်းဆောင်ခဲ့ပြီး သတ်မှတ်ကာလပြည့်မြောက်သဖြင့် နေရပ်အသီးသီးသို့ပြန်ကြမည့် နိုင်ငံ့သားကောင်း ပြည်သူ့စစ်မှုထမ်းများအတွက် အလုပ်အကိုင်အခွင့်အလမ်းများရရှိအောင် စီမံဆောင်ရွက်ပေးနေသည်။ ကော်မတီသည် ပြည်သူ့စစ်မှုထမ်းတာဝန်ကျေ အသိအမှတ်ပြုလက်မှတ်ရရှိထားသော နိုင်ငံ့သားကောင်းများအနက်မှ အတတ်ပညာများ တတ်မြောက်လိုသည့် ပြည်သူ့စစ်မှုထမ်းဟောင်းများကို သက်ဆိုင်ရာဝန်ကြီးဌာနအသီးသီးတွင် ဖွင့်လှစ်လျက်ရှိသော အသက်မွေးဝမ်းကျောင်းသင်တန်းများတွင် တက်ရောက်ခွင့်ကို ဆောင်ရွက်ပေးနေပြီး အသိအမှတ်ပြုလက်မှတ်ရသင်တန်းများအဖြစ် စီစဉ်ဆောင်ရွက်ပေးလျက်ရှိသည်။

ထို့အပြင် အစိုးရဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်လိုသူများအပါအဝင် ပြည်တွင်း/ပြည်ပ ကုမ္ပဏီဝန်ထမ်းများအဖြစ် လုပ်ကိုင်လိုသူများနှင့် မိမိတို့ရပ်ရွာများတွင် ကိုယ်ပိုင်စီးပွားရေးလုပ်ကိုင်လိုသူများအတွက်လည်း သက်ဆိုင်ရာဝန်ကြီးဌာနများ၊ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI) နှင့် ပြည်ပအလုပ်အကိုင်ရှာဖွေရေးအေဂျင်စီများနှင့် ချိတ်ဆက်ဆောင်ရွက်ပေးသွားမည်ဖြစ်သည်။ အလုပ်အကိုင်အခွင့်အလမ်းများရရှိအောင်ဆောင်ရွက်ရာတွင် အခက်အခဲများရှိပါက နိုင်ငံပိုင်သတင်းစာများတွင်ဩဂုတ် ၂၃ ရက်က သတင်းထုတ်ပြန်ခဲ့သော ကာကွယ်ရေးဝန်ကြီးဌာန၊ စစ်ရေးချုပ်ရုံးနှင့် အလုပ်သမားဝန်ကြီးဌာန ဖုန်းနံပါတ်များသို့ ဆက်သွယ်ဆောင်ရွက်နိုင်သည်။

နိုင်ငံသားတိုင်းသည် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးဟူသည့် ဒို့တာဝန်အရေးသုံးပါးကို ထိန်းသိမ်းစောင့်ရှောက်ရန်တာဝန်ရှိသည်။ ယင်းတာဝန်ကို ထမ်းဆောင်နိုင်ရန်အတွက် စိတ်အားထက်သန်စွာဖြင့် ပြည်သူ့စစ်မှုထမ်းဆောင်နိုင်ရန် ကိုယ်တိုင်ဆန္ဒပြုခဲ့ကြသည်။ ယခုအခါ ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၂၅)အထိ သင်တန်းဆင်းခဲ့ပြီး ပြည်သူ့စစ်မှုထမ်းသင်တန်းအသစ်များကိုလည်း အသုတ်လိုက်ဆက်လက်ဖွင့်လှစ်ပေးလျက်ရှိသည်။ နိုင်ငံ့တာဝန်ကို ကျေပွန်စွာထမ်းဆောင်ခဲ့ကြသည့် နိုင်ငံ့သားကောင်း ပြည်သူ့စစ်မှုထမ်းအချို့သည် နိုင်ငံတော်ကာကွယ်ရေးနှင့်လုံခြုံရေးတာဝန်ကို ဆက်လက်ထမ်းဆောင်လိုသည့်အတွက် ကိုယ်တိုင်ဆန္ဒပြုပြီး တပ်မတော်တွင် ဆက်လက်တာဝန်ထမ်းဆောင်နေကြသူများလည်းရှိသည်။

မိမိတို့၏ဆန္ဒအလျောက် စစ်မှုထမ်းတာဝန်ကျေပွန်စွာ ထမ်းဆောင်ပြီးနောက် ပြည်သူ့စစ်မှုထမ်းဆောင်ပြီးကြောင်းလက်မှတ်၊ ပြည်သူ့စစ်မှုထမ်းတံဆိပ်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာများကို ပေးအပ်ချီးမြှင့်ခဲ့သည်။ နိုင်ငံ့သားကောင်းတာဝန်ကျေပြည်သူ့စစ်မှုထမ်းများအနေဖြင့် ကုမ္ပဏီဝန်ထမ်းဖြစ်ပါက ယခင်အလုပ်အကိုင်သို့မဟုတ် အလားတူရာထူးအတိုင်း ပြန်လည်ခန့်အပ်ခံရခြင်းနှင့် နိုင်ငံတော်က ပေးအပ်ချီးမြှင့်သည့် ထိုက်သင့်သည့်အကျိုးခံစားခွင့်များကို ရရှိမည်ဖြစ်သည်။ သို့ဖြစ်ရာ သတ်မှတ်စစ်မှုထမ်းကာလ ပြည့်မြောက်ပြီးသူများအနေဖြင့် နောင်ရေးစိတ်အေးစေရန်အတွက် အသက်မွေးဝမ်းကျောင်းသင်တန်းများတက်ရောက်နိုင်ရေး၊ အစိုးရဝန်ထမ်းအပါအဝင် ပြည်တွင်း/ပြည်ပ ကုမ္ပဏီဝန်ထမ်းအဖြစ်လုပ်ကိုင်နိုင်ရေးနှင့် ၎င်းတို့ရပ်ရွာများတွင် ကိုယ်ပိုင်စီးပွားရေးလုပ်ကိုင်နိုင်ရေးအတွက် “စစ်မှုထမ်းတာဝန် ကျေပွန်စွာထမ်းဆောင်ခဲ့သူများ အလုပ်အကိုင်ရရှိရေး စီမံခန့်ခွဲမှုကော်မတီ” အနေဖြင့် အဆင်ပြေအောင် စီစဉ်ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။ ။

# နိုင်ငံ့သားကောင်း တာဝန်ကျေပြည်သူ့စစ်မှုထမ်းများ အလုပ်အကိုင်ရရှိရေး အသိပေးထုတ်ပြန်ချက်

၁။ နိုင်ငံတော်အစိုးရမှဖွဲ့စည်းပေးထားသည့် “စစ်မှုထမ်းတာဝန်ကျေပွန်စွာထမ်းဆောင်ခဲ့သူများ အလုပ်အကိုင်ရရှိရေး စီမံခန့်ခွဲမှုကော်မတီ”အနေဖြင့် ပြည်သူ့စစ်မှုထမ်းဥပဒေအရ နိုင်ငံတော်ကာကွယ်ရေး တာဝန်ထမ်းဆောင်ခဲ့ပြီး သတ်မှတ်ကာလ ပြည့်မြောက်သဖြင့် နေရပ်အသီးသီးသို့ပြန်ကြမည့် နိုင်ငံ့သားကောင်း ပြည်သူ့စစ်မှုထမ်းများအတွက် အလုပ်အကိုင်အခွင့်အလမ်းများရရှိရေး စီမံဆောင်ရွက်ပေးလျက်ရှိပါသည်။

၂။ ကော်မတီသည် ပြည်သူ့စစ်မှုထမ်းတာဝန်ကျေ အသိအမှတ်ပြုလက်မှတ်ရရှိထားသည့် နိုင်ငံ့သားကောင်းများအနက်မှ သက်ဆိုင်ရာဝန်ကြီးဌာနများတွင် ဖွင့်လှစ်လျက်ရှိသော အသက်မွေးဝမ်းကျောင်းသင်တန်းများသို့ တက်ရောက်လိုသူများ၊ အစိုးရဝန်ထမ်းအပါအဝင် ပြည်တွင်း/ပြည်ပကုမ္ပဏီဝန်ထမ်းအဖြစ် လုပ်ကိုင်လိုသူများနှင့် မိမိတို့ရပ်ရွာများတွင် ကိုယ်ပိုင်စီးပွားရေး လုပ်ကိုင်လိုသူများကို သက်ဆိုင်ရာဝန်ကြီးဌာနများ၊ မြန်မာနိုင်ငံကုန်သည်ကြီးများနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI)နှင့် ပြည်ပအလုပ်အကိုင်ရှာဖွေရေးအေဂျင်စီများနှင့် ချိတ်ဆက်ဆောင်ရွက်ပေးသွားမည် ဖြစ်ပါသည်။

၃။ သို့ဖြစ်ပါ၍ တာဝန်ကျေပြည်သူ့စစ်မှုထမ်း နိုင်ငံ့သားကောင်းများအနေဖြင့် သတ်မှတ်ကာလ ပြည့်မီစွာ တာဝန်ထမ်းဆောင်ပြီးနောက် အလုပ်အကိုင်အခွင့်အလမ်းများရရှိရန် အခက်အခဲများရှိပါက အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း စုံစမ်းမေးမြန်းဆက်သွယ်ဆောင်ရွက်နိုင်ပါကြောင်း အသိပေးထုတ်ပြန်အပ်ပါသည်–

(က) ကာကွယ်ရေးဝန်ကြီးဌာန - ၀၆၇၃၄၀၄၆၃၄၊ ၀၆၇၃၄၀၄၆၃၅။
(ခ) စစ်ရေးချုပ်ရုံး - ၀၃၆၃၁၃၄၇။
(ဂ) အလုပ်သမားဝန်ကြီးဌာန - ၀၆၇၃၄၃၀၁၈၁၊ ၀၆၇၃၄၃၀၁၈၂။

**စစ်မှုထမ်းတာဝန်ကျေပွန်စွာထမ်းဆောင်ခဲ့သူများ အလုပ်အကိုင်ရရှိရေးစီမံခန့်ခွဲမှုကော်မတီ**

# အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခု လှုပ်ရှား

နေပြည်တော် ဩဂုတ် ၂၃

ယနေ့ နံနက် ၁၀ နာရီ ၁၄ မိနစ် ၅၇ စက္ကန့်တွင် ပဲခူးမြေငလျင်စခန်းမှ အနောက်မြောက်ဘက် ၃၈ မိုင်ခန့်ကွာဝေးသော မြန်မာနိုင်ငံပြည်တွင်း (ဒိုက်ဦးမြို့၏ အနောက်ဘက် ၃၂ မိုင်ခန့်အကွာ) မြောက်လတ္တီတွဒ် ၁၇ ဒသမ ၈၁ ဒီဂရီ၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒသမ ၁၉ ဒီဂရီ၊ အနက် ၁၀ ကီလိုမီတာကို ဗဟိုပြု၍ ပမာဏ ၄ ဒသမ ၇ (M) အဆင့်ရှိ အင်အားအနည်းငယ်ရှိသော မြေငလျင် တစ်ခု လှုပ်ရှားသွားကြောင်း တိုင်းထွာရရှိသည်။ မိုး/ဇလ

# သောင်ရင်းမြစ်ရေ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်

နေပြည်တော် ဩဂုတ် ၂၃

ယနေ့ မွန်းလွဲ ၃နာရီခွဲ တိုင်းထွာချက်အရ သောင်ရင်းမြစ်ရေသည် မြဝတီမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် ၁၁ လက်မခန့်အလိုတွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ မြဝတီမြို့နယ်အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် ကြိုတင်သတိပြုနိုင်ပါရန်နှင့် မြစ်ရေမြင့်တက်လာပါက အချိန်မီရှောင်ရှားနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

မိုး/ဇလ

# တာမွေမြို့နယ်၌ GEC (ပညာရေး) သမဝါယမအသင်းလီမိတက် နှစ်ပတ်လည်စည်းဝေး

ရန်ကုန် ဩဂုတ် ၂၃

ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ် GEC(ပညာရေး) သမဝါယမအသင်းလီမိတက်၏ ၂၀၂၅ - ၂၀၂၆ ဘဏ္ဍာနှစ် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာအစည်းအဝေးနှင့် အမှုဆောင်သစ်ရွေးချယ်ပွဲကို ယမန်နေ့ နံနက်ပိုင်းက တာမွေမြို့နယ် တာမွေကြီး(ခ) ရပ်ကွက် အဝေရာလမ်း GEC (ပညာရေး) သမဝါယမအသင်း ရုံးခန်းမ၌ ကျင်းပရာ အသင်းဥက္ကဋ္ဌ ဒေါ်ခင်စန်းမြင့်က သဘာပတိအဖြစ်ဆောင်ရွက်ပြီး အသင်း၏အခြေအနေများကို ပြောကြားသည်။

ဆက်လက်၍ မြို့နယ်သမဝါယမဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက သမဝါယမဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ရမည့် ရှေ့လုပ်ငန်းစဉ်များ၊ ဥပဒေ၊ နည်းဥပဒေနှင့် ညွှန်ကြားချက်များကို ရှင်းလင်းပြောကြားပြီး အမှုဆောင်သစ် ငါးဦးအား အတည်ပြုချက်ရယူသည်။ ယင်းနောက် အသင်းသားများအား အစုပေါ်အမြတ်ငွေကျပ် ၃၄၀၀၀၀၀ ကို ပေးအပ်ခဲ့ကြောင်း သိရသည်။

ဗလ

## ၂၃ - ၈ - ၂၀၂၆ ရက်နေ့ ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ ငွေကျပ် ၇၁၀၀၀၀၀ ဖြစ်သည်။**

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**

ကြေးမုံ

| | | | |
|---|---|---|---|
| **စာတည်းမှူးချုပ်** | - ဝင်းနိုင် | **အကြီးတန်း သတင်းထောက်များ** | - ခင်မို့မို့အောင်၊ ခင်မျိုးနိုင်၊ မာမာစိုး၊ ခိုင်သန္တာရွှေ၊ ခင်ယုဆွေ၊ အိအိမွန် |
| **စာတည်းမှူး** | - အေဝမ်းစိုး | **အငယ်တန်း သတင်းထောက်များ** | - အောင်ကျော်ဦး၊ သန်းတင်အောင် ခင်သက်မွန်၊ မြသီတာ |
| **စာတည်းများ** | - စန်းအောင်၊ ခင်ခင်သက်၊ ယုဝါဝါ၊ သီသီမင်း၊ ဟိန်းထက်လင်း၊ သက်ထွေး၊ စန်းယဉ်ဦး၊ နိုင်လင်းကြည် | **သုတေသန** | - ဇင်မာဝင့် |
| | | **စာပြင်** | - ခင်နှင်းယုနှင့်အဖွဲ့ |
| **ဘာသာပြန်** | - အောင်ကျော်ကျော်၊ စိုးသူရ | **စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** | - နီလာစိုးနှင့်အဖွဲ့ |
| | | **အီးမေးလ်နှင့် အွန်လိုင်း** | - စိုးချစ်ဦးနှင့်အဖွဲ့ |

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com

https://www.moi.gov.mm/km

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၂၅
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁





❖ ရှေ့ဖုံးမှ

အဆိုပါ The Center of Asia ကျောက်တိုင်တည်ရှိသည့် နေရာသည် Great Yenisei နှင့် Little Yenisei မြစ်နှစ်စင်း ဆုံစည်းရာ Yenisei မြစ်ကမ်းနံဘေး မြောက်လတ္တီတွဒ် ၅၁ ဒီဂရီ ၄၂ မိနစ် ၄၁ စက္ကန့်နှင့် အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၂၇ မိနစ် ၃၈ စက္ကန့်တွင် တည်ရှိပြီး အဆိုပါ The Center of Asia သည် အာရှတိုက်၏ပထဝီဗဟိုချက်ကျရောက်သည့်နေရာကို အထိမ်းအမှတ် ကျောက်တိုင်အဖြစ် တည်ဆောက်ထားခြင်းဖြစ်ကြောင်းနှင့် တူဗားပြည်နယ်၏ အထင်ကရ နေရာတစ်ခုဖြစ်ကြောင်း သိရသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် တူဗားပြည်နယ် အမျိုးသား ဂီတနှင့် ပြဇာတ်ရုံ "V.Kok-ool"သို့ ရောက်ရှိကြပြီး တူဗားပြည်နယ် ယဉ်ကျေးမှုအဖွဲ့က ကမ္ဘာကျော် တူဗာရိုးရာလည်ချောင်းသံဖြင့် သံစဉ်ပြုလုပ်သီဆိုရသော ရိုးရာတေးသီချင်းများဖြင့် သီဆိုဖျော်ဖြေခြင်းနှင့် ရိုးရာတူရိယာ ပစ္စည်းများဖြင့် ယဉ်ကျေးမှုအဖွဲ့များက တီးမှုတ်ဖျော်ဖြေ သရုပ်ဖော်တင်ဆက်ပြသခြင်းများကို ကြည့်ရှုအားပေးကြပြီး တူဗားပြည်နယ် အမျိုးသား ဂီတနှင့် ပြဇာတ်ရုံ"V.Kok-ool"၏ သမိုင်းမှတ်တမ်း ပြခန်းကို လှည့်လည် ကြည့်ရှုလေ့လာကြသည်။

အဆိုပါ တူဗားပြည်နယ် အမျိုးသား ဂီတနှင့် ပြဇာတ်ရုံ "V.Kok-ool" သည် ကီဇီးလ်မြို့၏ ဗဟိုချက်မဖြစ်သော Arat Square (အာရက် ရင်ပြင်တွင်) တည်ရှိပြီး ၁၉၃၆ ခုနှစ်တွင် စတင်ဖွင့်လှစ်ခဲ့ခြင်းဖြစ်ပြီး တူဗားပြည်နယ်၏ ထင်ရှားကျော်ကြားသော သရုပ်ဆောင်၊ စာရေးဆရာနှင့် ပြဇာတ်ရေးဆရာ Viktor Shogzhapovich Kok-ool ကို ဂုဏ်ပြု၍ နာမည်ပေးထားခြင်းဖြစ်ကာ အဆိုပါ အမျိုးသား ဂီတနှင့် ပြဇာတ်ရုံတွင် ကမ္ဘာကျော်တူဗားရိုးရာလည်းချောင်းသံ သီချင်းများနှင့် ရိုးရာတူရိယာပစ္စည်းများ အသုံးပြု၍ တီးခတ်သီဆို သရုပ်ဖော်တင်ဆက်ခြင်းများကို တူဗားဘာသာစကားနှင့် ရုရှားဘာသာစကားတို့ဖြင့် ကဏ္ဍအလိုက် တင်ဆက်လေ့ရှိကြောင်း သိရသည်။

**နိုင်ငံတော် သမ္မတ ဦးမင်းအောင်လှိုင် တူဗားပြည်နယ် ကီဇီးလ်မြို့ရှိ အာရှတိုက်၏ အလယ်ဗဟိုနေရာဖြစ်သည့် The Center of Asia တွင် ကြည့်ရှုလေ့လာစဉ်။**



ယင်းနောက် နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် တူဗားပြည်နယ် အမျိုးသားပြတိုက်သို့ ရောက်ရှိကြရာ ပြတိုက်အကြီးအကဲနှင့် တာဝန်ရှိသူများက ရင်းရင်းနှီးနှီး ကြိုဆိုနှုတ်ဆက်ကြပြီး ပြတိုက်အတွင်း ခင်းကျင်းပြသထားသည့် တူဗားလူမျိုးများ၏ တူဗားပြည်သူ့သမ္မတနိုင်ငံခေတ်မှ ကိုးကွယ်ခဲ့သည့် ဗုဒ္ဓရုပ်ပွားတော်များ၊ လူမျိုးရေးဆိုင်ရာ ရှေးဘိုးဘေးတို့၏ အသုံးအဆောင်ပစ္စည်းများ၊ လက်ဝတ်ရတနာ အဆင်တန်ဆာများ၊ ရှေးယခင်က အမဲလိုက်ရာတွင် အသုံးပြုခဲ့သည့် လက်နက်ကိရိယာများ၊ ရှေးဟောင်းယဉ်ကျေးမှုဆိုင်ရာများနှင့် တူဗားလူမျိုးများ ဝတ်စားဆင်ယင်ခဲ့သည့် ရိုးရာဝတ်စုံများ၊ တူဗားဒေသရှိယခင်က နေထိုင်မှုပုံစံ သရုပ်ပြခန်းများ အတွင်း စိတ်ပါဝင်စားစွာဖြင့် လှည့်လည်ကြည့်ရှုလေ့လာကြရာ ပြတိုက်မှ တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်သမ္မတက သိရှိလိုသည်များ မေးမြန်းပြီး ပြန်လည်ဆွေးနွေးပြောကြားကာ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

အဆိုပါ တူဗားပြည်နယ် အမျိုးသားပြတိုက်ကို ၁၉၂၉ ခုနှစ်တွင် စတင်တည်ထောင်ခဲ့ခြင်းဖြစ်ပြီး ယခုပြတိုက်နေရာသို့ ၂၀၀၈ ခုနှစ်တွင် ပြောင်းရွှေ့ဖွင့်လှစ်ခဲ့ခြင်းဖြစ်ပြီး ပြတိုက်သည် တူဗားလူမျိုးများ၏ သမိုင်းကြောင်းနှင့် ယဉ်ကျေးမှု အမွေအနှစ်များကို စုဆောင်းထိန်းသိမ်း ပြသထားသည့် နေရာတစ်ခုဖြစ်ကြောင်း၊ တူဗားပြည်သူ့သမ္မတနိုင်ငံခေတ်မှ ရှားပါးအသုံးအဆောင်ပစ္စည်းများ၊ စာရွက်စာတမ်းများ၊ လူမျိုးရေးဆိုင်ရာပစ္စည်းများ၊ နတ်ကိုးကွယ်ယုံကြည်မှု၊ ဗုဒ္ဓဘာသာနှင့် အော်သိုဒေါ့တို့၏ ဘာသာရေးဆိုင်ရာပြခန်းများ၊ တူဗားလူမျိုးတို့၏ မဟာမျိုးချစ်စစ်ပွဲတွင်ပါဝင်မှု ပြခန်းများ အပါအဝင် ပြခန်းပေါင်း ၂၄ ခန်းကို ခင်းကျင်းပြသထားကြောင်း၊ တူဗားပြည်နယ် အမျိုးသားပြတိုက်သည် တူဗားပြည်နယ်၏ ထူးခြားသော သမိုင်းဝင်နှင့် ယဉ်ကျေးမှုအမွေအနှစ်များကို စနစ်တကျထိန်းသိမ်းထားရှိသည့် နေရာတစ်ခုဖြစ်ကြောင်း သိရသည်။

ယခု နိုင်ငံတော်သမ္မတ ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ ရောက်ရှိခဲ့သော ရုရှားဖက်ဒရေးရှင်းနိုင်ငံ တူဗားပြည်နယ် ကီဇီးလ်မြို့သည် ရုရှားနိုင်ငံတောင်ပိုင်း ဆိုက်ဘေးရီးယားဒေသရှိတူဗားပြည်နယ်၏မြို့တော်တစ်ခုဖြစ်ကြောင်း၊ တူဗားပြည်နယ်သည်ကုန်းတွင်းပိတ်ဒေသတစ်ခုဖြစ်ပြီး မြေမျက်နှာသွင်ပြင်များမှာ ထူးခြားပြီး Sayan Mountains နှင့် Altai Mountains တို့က ဒေသကို ဝန်းရံထားပြီး အလယ်ပိုင်းတွင် ကျယ်ပြန့်သည့် ချိုင့်ဝှမ်းလွင်ပြင်များရှိကြောင်း၊ ဒေသအတွင်း Yenisei မြစ်က ဖြတ်သန်းစီးဆင်းလျက်ရှိပြီး ဒေသအတွင်း စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများအတွက် များစွာအထောက်အကူပြုလျက်ရှိသည့် မြစ်တစ်ခုဖြစ်ကြောင်း၊ မွေးမြူရေး လုပ်ငန်းများတွင် မြင်းမွေးမြူခြင်းသည် တူဗားဒေသ၏ ရိုးရာယဉ်ကျေးမှု အမွေအနှစ်တစ်ခုအဖြစ် ပါဝင်ကြောင်း၊ တူဗားဒေသတွင် နေထိုင်ကြသူများ၏ ဘာသာစကား၊ ဂီတ၊ ဝတ်စားဆင်ယင်မှုနှင့် ရိုးရာယုံကြည်မှုများသည် အလယ်အာရှနှင့် ဆိုက်ဘေးရီးယားဒေသ ယဉ်ကျေးမှုများကို

**စာမျက်နှာ ၄ သို့ »»**





**နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် တူဗားပြည်နယ် ကီဇီးလ်မြို့ရှိ အမျိုးသားဂီတနှင့် ပြဇာတ်ရုံ "V.Kok-ool"တွင် တူဗားပြည်နယ် ယဉ်ကျေးမှုအဖွဲ့က တီးမှုတ်ဖျော်ဖြေ သရုပ်ဖော်တင်ဆက်ပြသခြင်းများကို ကြည့်ရှုအားပေးစဉ်။**

»»» စာမျက်နှာ ၃ မှ

ပေါင်းစပ်ထားသည့် ပုံစံဖြစ်ကြောင်း၊ တူဗားဒေသသည်တိဗက်ဗုဒ္ဓဘာသာ၊ အော်သိုဒေါ့ခရစ်ယာန်ဘာသာနှင့် ရှာမန် နတ်ကိုးကွယ်မှုများ ယှဉ်တွဲတည်ရှိသည့် ယဉ်ကျေးမှု အစဉ်အလာများကို ကောင်းမွန်စွာ ထိန်းသိမ်းထားသည့် နေရာဖြစ်ကြောင်း၊ တူဗားဒေသ၏ မြို့တော်ဖြစ်သည့် ကီဇီးလ်မြို့တွင် ရုရှားနိုင်ငံ၏ အကြီးဆုံး ဗုဒ္ဓဘုရားကျောင်းတော်တည်ရှိပြီး ဗုဒ္ဓဘာသာတက္ကသိုလ်ကိုလည်း ဖွင့်လှစ်ထားရှိကြောင်း၊ (၄)ကြိမ်မြောက် နိုင်ငံတကာ ဗုဒ္ဓဘာသာ ဖိုရမ် မကြာခင်က ကျင်းပပြုလုပ်ခဲ့ပြီး ကမ္ဘာ့နိုင်ငံအသီးသီးမှ ဗုဒ္ဓဘာသာ ဘုန်းတော်ကြီးများနှင့် နိုင်ငံရေး၊ အုပ်ချုပ်ရေးနှင့် လူမှုရေးနယ်ပယ်မှ ထင်ရှားကျော်ကြားသည့် ပုဂ္ဂိုလ်များ တက်ရောက်ခဲ့ကြကြောင်း၊အလားတူ အဆိုတော်တစ်ဦးတည်းမှနေ၍ မြစ်ရေစီးသံ၊ လေတိုက်သံ၊ မြင်းသံ စသည်များကို အသံတုများအဖြစ် ဖန်တီးသီဆိုသည့် ရိုးရာဂီတသည် တူဗားဒေသ၏ ထင်ရှားသော ရိုးရာဂီတဖြစ်ကြောင်း၊ တူဗားဒေသသည် ဆောင်းရာသီတွင် အလွန်အေးမြပြီး နွေရာသီတွင် နေ့အပူချိန်မြင့်မားသဖြင့် ရာသီဥတု အလွန်ပြင်းထန်သည့် ဒေသတစ်ခုဖြစ်ကြောင်း၊ တူဗားဒေသသည် ယဉ်ကျေးမှု၊ လှပသည့် သဘာဝတောတောင်ရေမြေများနှင့် သမိုင်းကြောင်းများအရ ထင်ရှားမှုများရှိသဖြင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၏ ထူးခြားလှပသည့် ဒေသတစ်ခုဖြစ်ကြောင်း သိရသည်။

သတင်းစဉ်



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် တူဗားပြည်နယ်အကြီးအကဲ မစ္စတာ ဗလာဒီစလပ် ခိုဗာလစ်ဂ်၊ ဒူးမားလွှတ်တော် ဒုတိယဥက္ကဋ္ဌ မစ္စတာ ကာရာ-အိုးလ်ရှော်ဘန်၊ တာဝန်ရှိသူများနှင့်အတူ တူဗားပြည်နယ် အမျိုးသားပြတိုက်တွင် စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်စဉ်။

**❂ အမျိုးသားပြတိုက်မှ**

ထန်းတပင်မြို့နယ် အထက (ကျူတော)ကျောင်းမှ ကျောင်းအုပ်ဆရာမကြီး ဒေါ်စီစီမော် ဦးဆောင်၍ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများက ရန်ကုန်မြို့ ပြည်လမ်း အမျိုးသားပြတိုက် (ရန်ကုန်)ရှိ ခေတ်အဆက်ဆက် သမိုင်းမှတ်တမ်းများနှင့် ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်များကို ကြည့်ရှုလေ့လာခဲ့ကြပြီး အမျိုးသားပြတိုက်မှ တာဝန်ရှိသူများက အမျိုးသားပြတိုက်၏ သမိုင်းကြောင်းနှင့် ခေတ်အဆက်ဆက် ပြသထားရှိမှုတို့ကို ရှင်းလင်းပြောကြားခဲ့ကြကြောင်း သိရသည်။

**ဇင်မင်းထိုက်(ထန်းတပင်)**

# ရုရှားဖက်ဒရေးရှင်းနိုင်ငံနှင့် ဘယ်လာရုစ်သမ္မတနိုင်ငံတို့သို့ တရားဝင်ခရီးစဉ်များ သွားရောက်ခဲ့သည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ ပြန်လည်ရောက်ရှိ

**နေပြည်တော် ဩဂုတ် ၂၃**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ သမ္မတ မစ္စတာ ဗလာဒီမာ ပူတင်၏ ဖိတ်ကြားချက်အရ ရုရှားဖက်ဒရေးရှင်းနိုင်ငံသို့ တရားဝင်ခရီးစဉ်အဖြစ် လည်းကောင်း၊ ဘယ်လာရုစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာ အလက်ဇန္ဒား လူကာရှန်ကို၏ ဖိတ်ကြားချက်အရ ဘယ်လာရုစ် သမ္မတနိုင်ငံသို့ တရားဝင်ခရီးစဉ်အဖြစ် လည်းကောင်း သွားရောက်ခဲ့ပြီး ယနေ့ ဒေသစံတော်ချိန် နံနက် ၁၁ နာရီခွဲတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ တူဗားပြည်နယ် ကီဇီးလ်မြို့ အပြည်ပြည်ဆိုင်ရာ လေဆိပ်မှ ပြန်လည်ထွက်ခွာကြရာ တူဗားပြည်နယ် အကြီးအကဲ မစ္စတာ ဗလာဒီစလပ် ခိုဗာလစ်ဂ်၊ ဒူးမားလွှတ်တော် ဒုတိယဥက္ကဋ္ဌ မစ္စတာ ကာရာ-အိုးလ်ရှော်ဘန် နှင့် ပြည်နယ်အစိုးရအဖွဲ့မှ တာဝန်ရှိသူများ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးမျိုးမိုးအောင်၊ မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီးနှင့် တာဝန်ရှိသူများက လေဆိပ်တွင် ရင်းရင်းနှီးနှီး ပို့ဆောင်နှုတ်ဆက်ကြသည်။

နိုင်ငံတော်သမ္မတနှင့် အတူ အဖွဲ့ဝင်များအဖြစ် လိုက်ပါသွားကြသော ပြည်ထောင်စုဝန်ကြီးများ ဖြစ်ကြသည့် ဦးခင်မောင်ရီ၊ ဦးတင်မောင်ဆွေ၊ ဒေါက်တာ ချောချောစိန်၊ ဒေါက်တာ သက်ခိုင်ဝင်း၊ ဦးကိုကိုလွင်၊ ဒေါက်တာ ချာလီသန်း၊ မြန်မာ အာကာသ အေဂျင်စီအမှုဆောင် အရာရှိချုပ် ဒေါက်တာ စိုးမြင့်မောင်၊ တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဇော်နိုင်ဦး၊ ကာကွယ်ရေး ဦးစီးချုပ်ရုံးမှ အဆင့်မြင့် တပ်မတော် အရာရှိကြီးများ၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများ ပြန်လည်လိုက်ပါလာကြသည်။

ညနေပိုင်းတွင် နိုင်ငံတော်သမ္မတဦးဆောင်သည့် မြန်မာ အဆင့်မြင့် ကိုယ်စားလှယ်အဖွဲ့သည် နေပြည်တော်သို့ ပြန်လည်ရောက်ရှိကြရာ ဒုတိယသမ္မတများဖြစ်ကြသည့် ဦးညိုစောနှင့် ဒေါ်နန်းနီနီအေး၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ၊ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ဦးအောင်လင်းဒွေး၊ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ နေပြည်တော် တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံရုံးနှင့် စစ်သံရုံးတို့မှ တာဝန်ရှိသူများက လေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်အား ရုရှားဖက်ဒရေးရှင်းနိုင်ငံ တူဗားပြည်နယ် အကြီးအကဲ မစ္စတာ ဗလာဒီစလပ် ခိုဗာလစ်ဂ်၊ ဒူးမားလွှတ်တော် ဒုတိယဥက္ကဋ္ဌ မစ္စတာ ကာရာ-အိုးလ်ရှော်ဘန်နှင့် တာဝန်ရှိသူများက ကီဇီးလ်မြို့ အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ရင်းရင်းနှီးနှီး ပို့ဆောင်နှုတ်ဆက်ကြစဉ်။

နိုင်ငံတော်သမ္မတသည် ရုရှားဖက်ဒရေးရှင်းနိုင်ငံနှင့် ဘယ်လာရုစ်သမ္မတနိုင်ငံများသို့ တရားဝင်ခရီးစဉ်အတွင်း ရုရှားဖက်ဒရေးရှင်းနိုင်ငံ သမ္မတ မစ္စတာ ဗလာဒီမာ ပူတင်နှင့် လည်းကောင်း၊ ဘယ်လာရုစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာ အလက်ဇန္ဒား လူကာရှန်ကိုနှင့်လည်းကောင်း သီးခြားစီ တွေ့ဆုံ၍ နှစ်နိုင်ငံအကြား အစိုးရများနှင့် ပြည်သူများအကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ဆောင်ရွက်ရေး၊ ဘက်စုံကဏ္ဍစုံမှ မဟာဗျူဟာမြောက် မိတ်ဖက် ပူးပေါင်း ဆောင်ရွက်မှုများ အရှိန်အဟုန်ဖြင့် ဆက်လက်တိုးမြှင့်ဆောင်ရွက်ရေး၊ အာကာသ သိပ္ပံနှင့် နည်းပညာကဏ္ဍ၊ စက်မှုလက်မှုနှင့် စိုက်ပျိုးမွေးမြူရေးကဏ္ဍ၊ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုကဏ္ဍ၊ ပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍ၊ ယဉ်ကျေးမှုကဏ္ဍ၊ လျှပ်စစ်နှင့်စွမ်းအင်ကဏ္ဍ၊ ခရီးသွားကဏ္ဍအပါအဝင် အခြားကဏ္ဍပေါင်းစုံ၌ ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုမြှင့်တင်ဆောင်ရွက်နိုင်မည့် အခြေအနေများနှင့်ပတ်သက်၍ ဆွေးနွေးနိုင်ခဲ့သကဲ့သို့ ကဏ္ဍများအလိုက် သဘောတူစာချုပ်များနှင့် နားလည်မှုစာချွန်လွှာများကို လက်မှတ်ရေးထိုး အပြန်အလှန်လဲလှယ်ခြင်း၊ သက်ဆိုင်ရာနိုင်ငံများနှင့် စီးပွားရေးကဏ္ဍမြှင့်တင် ဆောင်ရွက်နိုင်ရန်အတွက် စီးပွားရေးဖိုရမ်များကို ကျင်းပပြုလုပ်နိုင်ခဲ့ပြီး မြန်မာနိုင်ငံနှင့် ရုရှားဖက်ဒရေးရှင်း နိုင်ငံ၊ ဘယ်လာရုစ်နိုင်ငံတို့၏ မဟာဗျူဟာမြောက် မိတ်ဖက်ဆက်ဆံရေးများကို ပိုမိုတိုးမြှင့်ဆောင်ရွက်နိုင်ခဲ့ကာ နိုင်ငံ့ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများအတွက် များစွာ အကျိုးပြု အထောက်အကူပြုသည့် ခရီးစဉ်တစ်ခုဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်အား နေပြည်တော်လေဆိပ်၌ ကျောင်းသား ကျောင်းသူလေးများက ဂုဏ်ပြုပန်းစည်းဖြင့် ကြိုဆိုနှုတ်ဆက်ကြစဉ်။

# ဘားအံမြို့၌ ကရင်ရိုးရာချည်ဖြူဖွဲ့မင်္ဂလာ(လာခုဂ်ခါင်.စူး)ပွဲတော် ကျင်းပ

ဘားအံ ဩဂုတ် ၂၃

(၄၇)ကြိမ်မြောက် ကရင်ရိုးရာ ဝါခေါင်လ ချည်ဖြူဖွဲ့မင်္ဂလာ(လာခုဂ်ခါင်.စူး)ပွဲတော်ကို ယနေ့ နံနက် ၉ နာရီတွင် ဘားအံမြို့ ဖွဲကပင်ခန်းမ၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။

ပွဲတော်သို့ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ မြန်မာနိုင်ငံလွှတ်တော်အဖွဲ့ အဖွဲ့ဝင် ဦးမောင်မောင်အုန်း၊ ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦး၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များက ဒေသခံတိုင်းရင်းသားပြည်သူများနှင့်အတူ တက်ရောက်အားပေးကြသည်။



အဆိုပါပွဲတော်တွင် သဘာပတိက ဝါခေါင်လ ချည်ဖြူဖွဲ့မင်္ဂလာ(လာခုဂ်ခါင်.စူး) ဆိုင်ရာများကို ရှင်းလင်းပြောကြားပြီး ကရင်ပြည်နယ်ဝန်ကြီးချုပ်က ဆုတောင်းမေတ္တာစကားပြောကြားကာ ကရင်တိုင်းရင်းသား လူငယ်မောင်မယ်များက ဝါခေါင်လချည်ဖြူဖွဲ့မင်္ဂလာ(လာခုဂ်ခါင်.စူး) ဖြစ်ပေါ်လာပုံကို ပိုးကရင်ဘာသာ၊ စကောကရင်ဘာသာ၊ မြန်မာဘာသာတို့ဖြင့် ဖတ်ကြားသည်။

ထို့ပြင် ပြည်နယ်ဝန်ကြီးချုပ်က ငွေကျပ်သိန်း ၃၀၀ ကို ပွဲတော်ကျင်းပရေးကော်မတီနာယကထံ ပေးအပ်ချီးမြှင့်ပြီး ပွဲတော်ကျင်းပရေးကော်မတီက (၄၇)ကြိမ်မြောက် ကရင်ရိုးရာ ချည်ဖြူဖွဲ့မင်္ဂလာ (လာခုင်ခါင်.စူး)ပွဲတော် ဖြစ်မြောက်ရေးအတွက် အလှူငွေထည့်ဝင်သူများအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ဆက်လက်၍ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌနှင့်အဖွဲ့က ကရင်တိုင်းရင်းသားရပ်မိရပ်ဖများ၊ ဒေသခံတိုင်းရင်းသားပြည်သူများနှင့်အတူ အဘိုးအဘွားများထံတွင် ချည်ဖြူဖွဲ့မင်္ဂလာခံယူကြသည်။

ချည်ဖြူဖွဲ့ရာတွင် ငှက်ပျောသီး၊ ကောက်ညှင်းထုပ်၊ ထမင်းဆုပ်၊ နတ်ပန်းညို၊ ချည်ဖြူ သန့်စင်သောရေ၊ ကြံပိုင်း စသည့်ပစ္စည်းခုနစ်မျိုးပါဝင်ပြီး တစ်ခုချင်းစီ၏ဂုဏ်သတ္တိများအလိုက် ကရင်တိုင်းရင်းသားတို့အား စုပေါင်းညီညွတ်စွာနေထိုင်စေလိုသည့် အဓိပ္ပာယ်များပါဝင်ကြောင်း၊ မွန်မြတ်သန့်စင်၍ ချစ်စရာကောင်းသည့် ယဉ်ကျေးမှုဓလေ့ထုံးတမ်းအစဉ်အလာကောင်းများကို ကရင်တိုင်းရင်းသားများ ထိန်းသိမ်းသည့် ပွဲတော်တစ်ရပ်ဖြစ်ကြောင်းနှင့် ကရင်ရိုးရာ ချည်ဖြူဖွဲ့မင်္ဂလာပွဲတော်ကို ဝါခေါင်လ တစ်လလုံး နေရာဒေသအနှံ့အပြားတွင် ကျင်းပလေ့ရှိရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်ကြသည့် တိုင်းရင်းသားညီအစ်ကိုမောင်နှမများအားလုံး ပျော်ရွှင်စွာပါဝင်ဆင်နွှဲနိုင်ကြောင်း သိရသည်။ **စောမျိုးမင်းသိန်း(ပြန်/ဆက်)**

# မြန်မာ့ရိုးရာအစားအစာပြိုင်ပွဲနှင့်ပြပွဲ - ၂၀၂၆ (မန္တလေး) ဒုတိယနေ့ ဆက်လက်ကျင်းပ



မန္တလေး ဩဂုတ် ၂၃

ဟိုတယ်၊ ခရီးသွားလာရေးနှင့် ယဉ်ကျေးမှု ဝန်ကြီးဌာန၏ ဦးဆောင်မှု၊ မြန်မာနိုင်ငံစားသောက်ဆိုင်လုပ်ငန်းရှင်များ အသင်း၏ ကြီးကြပ်ဆောင်ရွက်မှုဖြင့် မြန်မာ့ရိုးရာအစားအစာ ပြိုင်ပွဲနှင့် ပြပွဲ- ၂၀၂၆ (မန္တလေး)ကို "Taste of the Golden Land 2026 (Mandalay)"ဟူသော ဆောင်ပုဒ်ဖြင့် မန္တလေးမြို့ရှိမန္တလေးကွန်ဗင်းရှင်းစင်တာ၌ ဩဂုတ် ၂၂ ရက်နှင့် ၂၃ ရက် နှစ်ရက်တာကျင်းပသည်။

မြန်မာ့ရိုးရာအစားအစာပြိုင်ပွဲနှင့်ပြပွဲ -၂၀၂၆ (မန္တလေး) ဒုတိယနေ့ အစီအစဉ်များအဖြစ် မြန်မာ့ရိုးရာ အစားအစာများကို နိုင်ငံတကာ အဆင့်မီ Fine Dining အသွင်ဖြင့် တည်ခင်းပြသခြင်း၊ မြန်မာနိုင်ငံ လက်ဖက်နှင့် ကော်ဖီအသင်းများမှ တာဝန်ရှိသူများက သက်ဆိုင်ရာ ကဏ္ဍများအလိုက် ဆွေးနွေးတင်ပြခြင်း၊ "ဒေသအစားအစာအရသာမှ ကမ္ဘာ့အဆင့်မြင့် ထူးချွန်မှုဆီသို့ ကမ်းလှမ်းခြင်း" ခေါင်းစဉ်ဖြင့် စကားဝိုင်းဆွေးနွေးခြင်း၊ မြန်မာ့ရိုးရာထုတ်ကုန်ပစ္စည်းများကို အသုံးပြု၍ ကော့တေးပြုလုပ်ပြသခြင်းတို့ကို ဆောင်ရွက်ကြသည်။

ယနေ့ ပြိုင်ပွဲနှင့်ပြပွဲ ဒုတိယနေ့ ကျင်းပမှုကို ဟိုတယ်၊ ခရီးသွားလာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုးသည် တာဝန်ရှိသူများနှင့်အတူ သွားရောက် ကြည့်ရှုအားပေးပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ စားသောက်ဆိုင် လုပ်ငန်းရှင် အသင်းများအား ဂုဏ်ပြုမှတ်တမ်းလွှာများပေးအပ်ကာ အမှာစကား ပြောကြားသည်။

မြန်မာ့ရိုးရာအစားအစာ ပြိုင်ပွဲနှင့်ပြပွဲ -၂၀၂၆ (မန္တလေး) ကျင်းပရာတွင် အစားအသောက်လုပ်ငန်းနယ်ပယ်မှ ဝါရင့်လုပ်ငန်းရှင်များ၊ ကျွမ်းကျင်ပညာရှင်များ၏ အတွေ့အကြုံများကို မျှဝေပေးသည့် စကားဝိုင်း ဆွေးနွေးပွဲများအပြင် ဖျော်ဖြေရေး အစီအစဉ်များနှင့် ကံစမ်းမဲ အစီအစဉ်များကိုပါ ထည့်သွင်းဆောင်ရွက်ခဲ့သည်။

ထို့ပြင် ပြိုင်ပွဲသို့ပြိုင်ပွဲဝင် ၁၁ ဖွဲ့ ပါဝင်ယှဉ်ပြိုင်ခဲ့ပြီး ပြခန်းပေါင်း ၁၄၁ ခန်း ခင်းကျင်းပြသရောင်းချကာ အဆိုပါပြိုင်ပွဲနှင့် ပြပွဲသို့ လာရောက်လေ့လာ ဝယ်ယူအားပေးကြသူများဖြင့် စည်ကားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**



# မော်လမြိုင်မြို့၌ ငှက်ပျောပင်စိုက်ပျိုးပွဲ ကျင်းပ

မော်လမြိုင် ဩဂုတ် ၂၃

မော်လမြိုင်မြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဦးဆောင်မှုဖြင့် မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ ငှက်ပျောပင်စိုက်ပျိုးပွဲကို ယမန်နေ့နံနက်ပိုင်းက အခြေခံပညာအထက်တန်းကျောင်း(စမ်းကြီး)၌ ကျင်းပသည်။

ဦးစွာ ခေတ္တမြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇေယျာစိုးမိုးက အမှာစကား ပြောကြားပြီး ငှက်ပျောပင်များကို ဌာနဆိုင်ရာတာဝန်ရှိသူများထံ ပေးအပ်သည်။

ထို့နောက် ခေတ္တမြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်ပညာရေးမှူး၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ အမျိုးသမီးရေးရာအဖွဲ့နှင့် ကျောင်းသား ကျောင်းသူများက သတ်မှတ်နေရာများတွင် ငှက်ပျောပင် ၂၅၀ ကို စိုက်ပျိုးခဲ့ကြောင်း သိရသည်။

**စည်သူ(ပြန်/ဆက်)**

# ချမ်းအေးသာစံမြို့နယ်၌ သဘာဝဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေး



မန္တလေး ဩဂုတ် ၂၃

မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ် မြို့နယ်မီးသတ်ဦးစီးမှူးရုံး ဦးစီးအရာရှိ ဦးဆောင်ကာ သဘာဝဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေးဟောပြောခြင်းနှင့် လက်တွေ့သရုပ်ပြခြင်းကို ယမန်နေ့က အမှတ်(၂၂)အခြေခံပညာအထက်တန်းကျောင်း၌ ဆောင်ရွက်သည်။

ဦးစွာ မြို့နယ်မီးသတ်ဦးစီးမှူးရုံး ဦးစီးအရာရှိ ဦးညီထွေးဦးက သဘာဝဘေးအန္တရာယ်ဆိုင်ရာ သိကောင်းစရာအကြောင်းအရာများကို ရှင်းလင်းပြောကြားပြီး မီးငြိမ်းသတ်ခြင်းများကို လက်တွေ့သရုပ်ပြဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **ချမ်းမြေ့မောင်(ချမ်း/စံ)**



# လပွတ္တာမြို့နယ်၌ ဓာတ်မြေသြဇာပေးအပ်ပွဲ ကျင်းပ

လပွတ္တာ ဩဂုတ် ၂၃

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက မိုးစပါးရာသီ MPE ဓာတ်မြေသြဇာနှင့် ကောမက်ပုလဲဓာတ်မြေသြဇာ ပေးအပ်ပွဲအခမ်းအနားကို ယမန်နေ့နံနက်ပိုင်းက အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ရွှေနဒီခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် တိုင်းဒေသကြီး သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဒေါ်မေသန်းဦးနှင့် ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကိုကိုလှိုင်တို့က အမှာစကားပြောကြားသည်။ ဆက်လက်ပြီး တိုင်းဒေသကြီးဝန်ကြီးနှင့် တာဝန်ရှိသူများက ကျေးရွာအုပ်စု ၁၁ စုမှ တောင်သူ ၁၁၀ အား ဓာတ်မြေသြဇာများ ပေးအပ်ခဲ့ကြောင်းသိရသည်။

**မူမူ(ပြန်/ဆက်)**

# ကြံခင်းမြို့၌ ဥပဒေအသိပညာပေး ဟောပြောဆွေးနွေး

ကြံခင်း ဩဂုတ် ၂၃

ဧရာဝတီတိုင်းဒေသကြီး ကြံခင်းမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၌ ဥပဒေဆိုင်ရာအသိပညာပေးဟောပြောပွဲကို ယမန်နေ့က အဆိုပါကျောင်းရှိ အောင်ကျော်ခန်းမ၌ ကျင်းပသည်။

ဟောပြောပွဲတွင် ကျောင်းအုပ်ဆရာမကြီး ဒေါ်အေးအေးမော်က အမှာစကားပြောကြားပြီး မြို့မရဲစခန်းမှူး ဒုရဲမှူးလှခိုင်က အွန်လိုင်းလိမ်လည်မှု၊ ယာဉ်စည်းကမ်း လမ်းစည်းကမ်းများ၊ မြို့နယ်ဥပဒေဆိုင်ရာအထောက်အကူပေးရေးအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်သိန်းက ကလေးသူငယ်ဥပဒေ ပြစ်မှုဆိုင်ရာဥပဒေမှ သိကောင်းစရာများ၊ ဦးကြည်ဝင်း (တရားလွှတ်တော်ရှေ့နေ)က မူးယစ်ဆေးဝါးအန္တရာယ်နှင့် ပြစ်မှုပြစ်ဒဏ်များ၊ အဖွဲ့ဝင် ဦးကြည်ဝင်းက လူကုန်ကူးမှုနှင့် အဖွဲ့ကကူညီပေးနေမှုများကို ဟောပြောခဲ့ကြောင်း သိရသည်။



**ဖြိုးဝေလင်း(ပြန်/ဆက်)**

# အနေဝေးသော်လည်း သွေးမဝေးသည့် ယုံကြည်စိတ်ချအားထားရသော မိတ်ဆွေနိုင်ငံ

**မောင်ငြိမ်းအေး**

(ယမန်နေ့မှအဆက်)


ရုရှားဖက်ဒရေးရှင်းနိုင်ငံ မော်စကိုမြို့သို့ တရားဝင်ခရီးစဉ် သွားရောက်ခဲ့သည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ တရားဝင်ခရီးစဉ်အပြီးတွင် ဘယ်လာရုစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာ အလက်ဇန္ဒား လူကာရှန်ကို၏ ဖိတ်ကြားချက်အရ ဘယ်လာရုစ်သမ္မတနိုင်ငံသို့ တရားဝင်ခရီးစဉ် ဆက်လက်သွားရောက်ခဲ့ရာ ဩဂုတ် ၂၀ ရက်နေ့ ဒေသစံတော်ချိန် နံနက် ၉ နာရီ ၄၅ မိနစ်တွင် ဘယ်လာရုစ်နိုင်ငံ မင့်စ်မြို့ အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိခဲ့သည်။ လေဆိပ်တွင် နိုင်ငံတော်သမ္မတအား ဘယ်လာရုစ်သမ္မတနိုင်ငံ နိုင်ငံတော်ဂုဏ်ပြုတပ်ဖွဲ့က ကော်ဇောနီလျှောက်လမ်း၏ တစ်ဖက်တစ်ချက်တွင်နေရာယူ၍ နိုင်ငံတော်အဆင့် ချစ်ကြည်ရေးခရီးစဉ် လာရောက်ကြသည့် နိုင်ငံ့ခေါင်းဆောင်များအား ကြိုဆိုသည့် အစဉ်အလာအတိုင်း ဂုဏ်ပြုကြိုဆိုခဲ့သည်။

ထို့နောက် နိုင်ငံတော်သမ္မတသည် မင့်စ်မြို့ရှိ ဒုတိယကမ္ဘာစစ်အတွင်း နာဇီကျူးကျော်သူများကို တွန်းလှန်တိုက်ခိုက်ရင်း ကျဆုံးခဲ့ရသည့် ဆိုဗီယက်တပ်မတော်သားများနှင့် ဘယ်လာရုစ် ပြောက်ကျားရဲဘော်များကို ရည်စူး၍ ၁၉၅၄ ခုနှစ်တွင် တည်ဆောက်ခဲ့သော နိုင်ငံ၏သမိုင်းဝင် အထင်ကရနေရာတစ်ခုဖြစ်သည့် The Victory Monument (အောင်ပွဲခံအထိမ်းအမှတ်ကျောက်တိုင်)၌ လွမ်းသူ့ပန်းခွေချ အလေးပြုခဲ့သည်။ ထို့နောက် ထိုနေ့ ဒေသစံတော်ချိန် နံနက် ၁၀ နာရီ ၄၅ မိနစ်တွင် နိုင်ငံတော်သမ္မတရောက်ရှိနေသော မင့်စ်မြို့ President ဟိုတယ်၌ ဘယ်လာရုစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် H.E. Mr. Alexander Turchin က လာရောက်ဂါရဝပြုတွေ့ဆုံပြီး နိုင်ငံတော်သမ္မတနှင့် ဘယ်လာရုစ်ဝန်ကြီးချုပ်တို့ သီးခြားတွေ့ဆုံဆွေးနွေးကြသည်။

### အောင်မြင်သည့်ခရီးစဉ်

ထိုသို့တွေ့ဆုံစဉ် ဘယ်လာရုစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ်က ယခုကဲ့သို့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတအနေဖြင့် ဘယ်လာရုစ်သမ္မတနိုင်ငံသို့ တရားဝင်ခရီးစဉ် လာရောက်ခဲ့မှုအပေါ် ဘယ်လာရုစ်နိုင်ငံမှ လှိုက်လှဲနွေးထွေးစွာဖြင့် ကြိုဆိုပါကြောင်း၊ မိမိတို့သမ္မတကြီးနှင့် အဆွေတော်သမ္မတကြီးတို့အနေဖြင့် ပုဂ္ဂိုလ်ရေးအရ ခင်မင်ရင်းနှီးကြပြီး နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုနှင့် ဆက်ဆံမှုများကို ပိုမိုတိုးတက်ခိုင်မာအောင် အလေးထားဆောင်ရွက်နေသည်ကို မိမိတို့အနေဖြင့် သိရှိပါကြောင်း၊ မြန်မာ-ဘယ်လာရုစ်နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေးဆိုင်ရာ လမ်းပြမြေပုံ (၂၀၂၆-၂၀၂၈) ကိုလည်း ရေးဆွဲအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ယခုခရီးစဉ်အတွင်း နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုတိုးတက်စေရေးအတွက် ဆွေးနွေးဆောင်ရွက်သွားပြီး အောင်မြင်သည့်ခရီးစဉ်တစ်ခုဖြစ်မည်ဟု မိမိအနေဖြင့် ယုံကြည်ပါကြောင်း နှုတ်ခွန်းဆက်စကားပြောကြားသည်။

ယင်းနောက် နိုင်ငံတော်သမ္မတက ပြန်လည်ဆွေးနွေးပြောကြားရာတွင် မိမိဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ကို ဘယ်လာရုစ်နိုင်ငံမှ လှိုက်လှဲနွေးထွေးစွာဖြင့် ကြိုဆိုသည့်အတွက် ဝမ်းမြောက်ကျေးဇူးတင်ရှိကြောင်း၊ မိမိတို့ကိုယ်စားလှယ်အဖွဲ့ ရောက်ရှိချိန်တွင် ဘယ်လာရုစ်နိုင်ငံ မင့်စ်မြို့၏ ရာသီဥတုမှာ အေးမြကောင်းမွန်လျက်ရှိသည်ကို တွေ့ရှိရကြောင်း၊ ဘယ်လာရုစ်နိုင်ငံသို့ ယခုလာရောက်သည့် ခရီးစဉ်အတွင်း နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုကဏ္ဍပေါင်းစုံတွင် အောင်မြင်စွာ ဆွေးနွေးနိုင်မည်ဟု ယုံကြည်ကြောင်း၊ မြန်မာနိုင်ငံသည် အာဆီယံအဖွဲ့ဝင် နိုင်ငံတစ်နိုင်ငံဖြစ်ပြီး အရှေ့တောင်အာရှတွင် ဘယ်လာရုစ်နိုင်ငံ၏ မိတ်ဆွေရင်းနိုင်ငံတစ်ခုဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများကို ယခုထက် ပိုမိုတိုးတက်အောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့ပြီး နိုင်ငံတော်သမ္မတနှင့် ဘယ်လာရုစ်ဝန်ကြီးချုပ်တို့သည် နှစ်နိုင်ငံအကြား စိုက်ပျိုးမွေးမြူရေးကဏ္ဍ၊ စီးပွားရေးကဏ္ဍ၊ ရင်းနှီးမြှုပ်နှံမှုကဏ္ဍအပါအဝင် ကဏ္ဍပေါင်းစုံတွင် ပူးပေါင်းဆောင်ရွက်မှုများ ဆက်လက်တိုးမြှင့် ဆောင်ရွက်သွားမည့်အခြေအနေများနှင့်ပတ်သက်၍ ရင်းရင်းနှီးနှီး ဆွေးနွေးခဲ့ကြသည်။



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဘယ်လာရုစ်သမ္မတနိုင်ငံဝန်ကြီးချုပ် H.E. Mr. Alexander Turchin အား ဩဂုတ် ၂၀ ရက်က လက်ခံတွေ့ဆုံစဉ်။

### အခွင့်အလမ်းတစ်ရပ်

ထိုနေ့ဒေသစံတော်ချိန် နံနက် ၁၁ နာရီတွင် မင့်စ်မြို့ President ဟိုတယ်၌ ကျင်းပပြုလုပ်သည့် မြန်မာ -ဘယ်လာရုစ် စီးပွားရေးဖိုရမ်သို့ နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် တက်ရောက်၍ အဖွင့်အမှာစကား ပြောကြားသည်။ အဖွင့်အမှာစကားပြောကြားရာတွင် ယနေ့ကမ္ဘာ့စီးပွားရေးသည် လျင်မြန်စွာ ပြောင်းလဲတိုးတက်လျက်ရှိပြီး နိုင်ငံများအနေဖြင့် မိမိတို့၏ စီးပွားရေးအင်အားကို မြှင့်တင်ရန်အတွက် အပြန်အလှန်အကျိုးရှိစေမည့် မဟာဗျူဟာမြောက် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုတည်ဆောက်ရန် ကြိုးပမ်းလျက်ရှိကြကြောင်း၊ အထူးသဖြင့် နှစ်နိုင်ငံ စီးပွားရေးလုပ်ငန်းများအကြား B to B ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ခြင်း၊ ပူးတွဲစီးပွားရေးစီမံကိန်းများ ဖော်ဆောင်ခြင်း၊ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ သတင်းအချက်အလက်နှင့် အခွင့်အလမ်းများ အပြန်အလှန် မျှဝေခြင်း၊ စီးပွားရေးနှင့် ကုန်သွယ်ရေးဆိုင်ရာ အတားအဆီးများကို အပြန်အလှန် ဆွေးနွေးဖြေရှင်းခြင်းတို့သည် နှစ်နိုင်ငံစီးပွားရေးပူးပေါင်းဆောင်ရွက်မှုကို ပိုမိုထိရောက်စွာ မြှင့်တင်ပေးနိုင်မည်ဖြစ်ကြောင်း၊ ယနေ့ဖိုရမ်သည် မြန်မာနိုင်ငံနှင့် ဘယ်လာရုစ်နိုင်ငံတို့အကြား ရှိရင်းစွဲချစ်ကြည်ရင်းနှီးမှုကိုအခြေခံပြီး စီးပွားရေး၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုန်သွယ်မှုဆိုင်ရာ အပြန်အလှန်ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုခိုင်မာနက်ရှိုင်းစေရန်အတွက် အလွန်အရေးပါသည့် အခွင့်အလမ်းတစ်ရပ်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

မြန်မာနိုင်ငံနှင့် ဘယ်လာရုစ်နိုင်ငံတို့သည် တည်နေရာအရ အလှမ်းဝေးကွာသော်လည်း ချစ်ကြည်ရင်းနှီးမှုနှင့် အပြန်အလှန် နားလည်ယုံကြည်မှု အပြည့်အဝရှိသည့် မိတ်ဆွေစစ်နိုင်ငံများဖြစ်သည်။ မြန်မာနှင့် ဘယ်လာရုစ်နှစ်နိုင်ငံသည် ၁၉၉၉ ခုနှစ် စက်တင်ဘာလမှစ၍ သံတမန်ဆက်ဆံရေးရှိခဲ့ရာ ယခုအခါ ၂၆ နှစ်တာရှိပြီဖြစ်ပြီး နှစ်နိုင်ငံဆက်ဆံရေးသည် သိသာစွာ တိုးတက်လာသည်ကို အထင်အရှားတွေ့မြင်နိုင်သည်။ ထို့ပြင် နှစ်နိုင်ငံဆက်ဆံရေးသည် "အနီးကပ်ဆုံးအဆင့်" နှင့် "အမြင့်ဆုံးအဆင့်" ရောက်ရှိလာပြီး ဘယ်လာရုစ်နိုင်ငံ မင့်စ်မြို့ရှိ မြန်မာကောင်စစ်ဝန်ချုပ်ရုံးကို မြန်မာသံရုံးအဖြစ် အဆင့်မြှင့်တင်နိုင်ခဲ့ခြင်းသည် သိသာထင်ရှားသည့် မှတ်တိုင်တစ်ရပ်ဖြစ်သည်။ ဘယ်လာရုစ်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံအပေါ် နှစ်နိုင်ငံမိတ်ဖက်ဆက်ဆံရေးသာမက နိုင်ငံတကာမျက်နှာစာတွင်လည်း စိန်ခေါ်မှုများရှိသည့်ကာလ၌ပင် ခိုင်မာစွာအတူယှဉ်တွဲရပ်တည်ပြီး ပံ့ပိုးကူညီမှုများကို အစဉ်တစိုက် ပေးအပ်ခဲ့သည့်အတွက် နိုင်ငံတော်သမ္မတက အထူးကျေးဇူးတင်ရှိကြောင်း ပြောကြားခဲ့သည်။

### ပူးပေါင်းဆောင်ရွက်

မျက်မှောက်ခေတ် ကမ္ဘာ့ပထဝီနိုင်ငံရေးနှင့် ပထဝီစီးပွားရေးစိန်ခေါ်မှုများ မြင့်မားနေသည့်ကာလအတွင်း၌ပင် မြန်မာ-ဘယ်လာရုစ် နှစ်နိုင်ငံဆက်ဆံရေးသည် အပြန်အလှန်ယုံကြည်မှုတို့ဖြင့် ပိုမိုအားကောင်းခိုင်မာစွာ တိုးမြှင့်ဆောင်ရွက်ခဲ့သည်ကိုတွေ့ရှိရသည်။ အနာဂတ်တွင်လည်း ယခုထက်ပိုမိုတိုးတက်အောင် မြှင့်တင်ဆောင်ရွက်ရန်အတွက် မြန်မာနိုင်ငံအနေဖြင့် ခိုင်မာသည့် သန္နိဋ္ဌာန်ချမှတ်ထားသည်။ နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှု သမိုင်းကောင်းကိုအခြေခံပြီး စီးပွားရေးပူးပေါင်းဆောင်ရွက်မှုကို မဟာဗျူဟာမြောက် တိုးမြှင့်အကောင်အထည်ဖော်ရမည့် အချိန်ဖြစ်သည်။ ထို့ကြောင့် မြန်မာနိုင်ငံအနေဖြင့် နိုင်ငံစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်တွင်းရင်းနှီးမြှုပ်နှံမှုများသာမက နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများကို မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေ၊ မြန်မာနိုင်ငံအထူးစီးပွားရေးဇုန်ဥပဒေတို့နှင့်အညီ အားပေးဖိတ်ခေါ်နေသည်။ ထို့ပြင် မဟာဗျူဟာမြောက်မိတ်ဖက်နိုင်ငံများနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု၊ ရင်းနှီးမြှုပ်နှံမှုများမြှင့်တင်နိုင်ရန်အတွက် နှစ်နိုင်ငံစီးပွားရေးဆိုင်ရာ နားလည်မှုစာချွန်လွှာများ၊ သဘောတူစာချုပ်များကို လက်မှတ်ရေးထိုးဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်ရာတွင် မြန်မာနိုင်ငံနှင့် ဘယ်လာရုစ်နိုင်ငံတို့အကြား ကုန်သွယ်မှုနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု သဘောတူစာချုပ်ကို ၂၀၁၁ ခုနှစ် ဒီဇင်ဘာလ ၂ ရက်နေ့တွင် လက်မှတ်ရေးထိုးခဲ့သည်။ လက်ရှိကာလတွင် မြန်မာနိုင်ငံအနေဖြင့် နှစ်နိုင်ငံစီးပွားရေးပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုများကို အကာအကွယ်ပေးနိုင်ရန်အတွက် အလွန်အရေးပါသည့်လုပ်ငန်းစဉ်များကို အလေးထားဆောင်ရွက်လျက်ရှိသည်။ အထူးသဖြင့် မြန်မာနှင့် ဘယ်လာရုစ်နိုင်ငံတို့အကြား ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးနှင့် ပူးပေါင်းဆောင်ရွက်မှုများကို တိုးမြှင့်ရန်အတွက် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာကို ၂၀၂၅ ခုနှစ် နိုဝင်ဘာလ ၂၈ ရက်နေ့တွင် လက်မှတ်ရေးထိုးခဲ့ပြီးဖြစ်သည်။ ထို့ပြင် မြန်မာ-ဘယ်လာရုစ် နှစ်နိုင်ငံအကြား ရင်းနှီးမြှုပ်နှံမှုများမြှင့်တင်ရေးနှင့် အပြန်အလှန် အကာအကွယ်ပေးရေးဆိုင်ရာ သဘောတူစာချုပ်ကို အမြန်ဆုံးချုပ်ဆိုနိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

> **လက်ရှိကာလတွင် မြန်မာနိုင်ငံအနေဖြင့် နှစ်နိုင်ငံစီးပွားရေးပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုများကို အကာအကွယ်ပေးနိုင်ရန်အတွက် အလွန်အရေးပါသည့်လုပ်ငန်းစဉ်များကို အလေးထားဆောင်ရွက်လျက်ရှိသည်။ အထူးသဖြင့် မြန်မာနှင့် ဘယ်လာရုစ်နိုင်ငံတို့အကြား ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးနှင့် ပူးပေါင်းဆောင်ရွက်မှုများကို တိုးမြှင့်ရန်အတွက် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာကို ၂၀၂၅ ခုနှစ် နိုဝင်ဘာလ ၂၈ ရက်နေ့တွင် လက်မှတ်ရေးထိုးခဲ့ပြီးဖြစ်သည်။ ထို့ပြင် မြန်မာ- ဘယ်လာရုစ် နှစ်နိုင်ငံအကြား ရင်းနှီးမြှုပ်နှံမှုများမြှင့်တင်ရေးနှင့် အပြန်အလှန် အကာအကွယ်ပေးရေးဆိုင်ရာ သဘောတူစာချုပ်ကို အမြန်ဆုံးချုပ်ဆိုနိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိ**

### လမ်းပြမြေပုံ(၂၀၂၆-၂၀၂၈)

ထို့အတူ နှစ်နိုင်ငံစီးပွားရေးပူးပေါင်းဆောင်ရွက်မှုကို အထောက်အကူပြုစေမည့် သိပ္ပံနှင့်နည်းပညာဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုနားလည်မှုစာချွန်လွှာများ၊ အကောက်အခွန်ဆိုင်ရာကိစ္စရပ်များတွင် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာများ၊ ပို့ကုန်ချေးငွေမူဘောင်သဘောတူညီချက်များအပါအဝင် ကုန်သွယ်ရေး၊ စီးပွားရေး၊ သိပ္ပံနည်းပညာနှင့် ယဉ်ကျေးမှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု သဘောတူညီချက်/စာချွန်လွှာများကိုလက်မှတ်ရေးထိုးထားပြီးဖြစ်သည်။ **စာမျက်နှာ ၇ သို့** ☆

☆ စာမျက်နှာ ၆ မှ

အထူးသဖြင့် နှစ်နိုင်ငံအကြား ရင်းနှီးမြှုပ်နှံမှုအပါအဝင် နယ်ပယ်စုံ၊ ကဏ္ဍစုံ ပူးပေါင်းဆောင်ရွက်မှုများကို မဟာဗျူဟာမြောက်တိုးမြှင့်နိုင်ရန်အတွက် မြန်မာ-ဘယ်လာရုစ် နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေးဆိုင်ရာ လမ်းပြမြေပုံ (၂၀၂၆-၂၀၂၈)ကိုလည်း ရေးဆွဲအတည်ပြုလက်မှတ်ရေးထိုးပြီးဖြစ်သည်။ အဆိုပါ လမ်းပြမြေပုံထဲတွင် ရင်းနှီးမြှုပ်နှံမှု၊ ကုန်သွယ်မှု၊ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်မည့် အစီအစဉ်များအပြင် စက်မှု၊ စိုက်ပျိုးရေး၊ ကျန်းမာရေး၊ ဘဏ်လုပ်ငန်း၊ ပညာရေးနှင့် ခရီးသွားလုပ်ငန်း စသည့်ကဏ္ဍစုံတွင် လက်တွဲဆောင်ရွက်မည့် အသေးစိတ်အစီအစဉ်များလည်း ပါဝင်သည်။

ယင်းနှင့်ပတ်သက်၍ နိုင်ငံတော်သမ္မတက မိမိတို့၏ ပူးပေါင်းဆောင်ရွက်မှုသည် တိကျသည့် အချိန်ဇယားနှင့် ရည်မှန်းချက်များအပေါ် အခြေခံကြောင်းပြသနေပြီး နှစ်နိုင်ငံစီးပွားရေးဆက်ဆံမှု မြှင့်တင်ရန်အတွက် အရေးကြီးသည့်ခြေလှမ်းသစ်ဖြစ်လာမည်ဟု ယုံကြည်ကြောင်း၊ မြန်မာနိုင်ငံအတွင်း၌လည်း ပြည်တွင်းထုတ်လုပ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုများကို အကာအကွယ်ပေးရာတွင် နိုင်ငံတကာစံနှုန်းများနှင့်အညီ ရေးဆွဲပြဋ္ဌာန်းထားသည့် ရင်းနှီးမြှုပ်နှံမှုဥပဒေများသာမက မူပိုင်ခွင့်ဥပဒေ(၄)ရပ်ကို အပြည့်အဝ အကောင်အထည်ဖော်နေပြီဖြစ်သည့်အတွက် မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံဖန်တီးထုတ်လုပ်သည့် ထုတ်ကုန်များအတွက် ကမ္ဘာ့နိုင်ငံများနည်းတူ မူပိုင်ခွင့်ဆိုင်ရာ အကာအကွယ်များပါ ရရှိပြီဖြစ်ကြောင်း ပြောကြားခဲ့ပြီး နှစ်နိုင်ငံအကြား စီးပွားရေးပူးပေါင်းဆောင်ရွက်မှုကို တိုးမြှင့်နိုင်ရန် ဘယ်လာရုစ်လုပ်ငန်းရှင်များအတွက် မြန်မာနိုင်ငံ၏ စီးပွားရေးဆိုင်ရာ အခွင့်အလမ်းများကို အကျယ်တဝင့် ရှင်းလင်းဆွေးနွေး ပြောကြားခဲ့သည်။

### ရင်းနှီးမြှုပ်နှံမှုဖိတ်ခေါ်

မြန်မာနိုင်ငံသည် တရုတ်၊ အိန္ဒိယ၊ တောင်အာရှ၊ အရှေ့တောင်အာရှနှင့် အိန္ဒိယသမုဒ္ဒရာတို့ကို ဆက်သွယ်ပေးနိုင်သောနေရာတွင် တည်ရှိသည်။ စီးပွားရေး၊ ကုန်သွယ်ရေးနှင့် မဟာဗျူဟာရေးရာများတွင် တည်နေရာအရ အချက်အချာကျပြီး စိုက်ပျိုးဖြစ်ထွန်းသည့် မြေဧရိယာများစွာရှိသကဲ့သို့ သဘာဝအရင်းအမြစ်လည်း ကြွယ်ဝသည်။ ပူအိုက်စွတ်စိုသည့် ရာသီဥတုရှိခြင်းကြောင့် ၁၂ လရာသီပတ်လုံး စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ဆောင်ရွက်နိုင်သည်။ ဘယ်လာရုစ်နိုင်ငံသည် မွေးမြူရေးနည်းပညာမြင့်မားသည့်နိုင်ငံ ဖြစ်ခြင်းကြောင့် ကြက်၊ ဝက်၊ နွား မွေးမြူရေးများ လာရောက်ရင်းနှီးမြှုပ်နှံဆောင်ရွက်ပြီး အိမ်နီးချင်း တရုတ်နိုင်ငံ၊ အိန္ဒိယနိုင်ငံနှင့် အခြားအာရှဒေသများကို တင်ပို့ရောင်းချနိုင်သည်။ မိမိတို့အစိုးရအနေဖြင့် နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်အောင် မူဝါဒချမှတ်အကောင်အထည်ဖော်ရာတွင် နိုင်ငံ၏ ရေ၊ မြေ၊ ရာသီဥတု၊ တည်နေရာအားသာချက်များကို အခြေပြုပြီး စိုက်ပျိုးမွေးမြူရေး အခြေခံစက်မှုနိုင်ငံအဖြစ်




**နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်အား ဘယ်လာရုစ်သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ် H.E. Mr. Viktor Karankievch နှင့် တာဝန်ရှိသူများက ဘယ်လာရုစ်သမ္မတနိုင်ငံ မင့်စ်မြို့ အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ဩဂုတ် ၂၀ ရက်က ရင်းနှီးနွေးထွေးစွာ ကြိုဆိုနှုတ်ဆက်ကြစဉ်။**

ဦးတည်ဖော်ဆောင်နေသည်။ ဘယ်လာရုစ်နိုင်ငံမှ စိုက်ပျိုးရေးနည်းပညာများ၊ ဓာတ်မြေဩဇာ၊ လယ်ယာသုံးစက်ပစ္စည်းများသည် အရည်အသွေးကောင်းမွန်သည်။ ထို့ကြောင့် မြန်မာနိုင်ငံ၏ လယ်ယာကဏ္ဍကို Smart Agriculture စနစ်သို့ အောင်မြင်စွာကူးပြောင်းနိုင်ရန်အတွက် ဘယ်လာရုစ်နိုင်ငံမှ လုပ်ငန်းရှင်များအနေဖြင့် လယ်ယာစိုက်ပျိုးမှု (Farming) မှသည် စားသောက်ကုန်ထုတ်လုပ်မှု (Food Processing) လုပ်ငန်းများအထိ နည်းပညာနှင့် ရင်းနှီးမြှုပ်နှံမှုများ ပူးပေါင်းဆောင်ရွက်ရန် နိုင်ငံတော်သမ္မတက ဖိတ်ခေါ်ခဲ့သည်။

ထို့ပြင် ဘယ်လာရုစ်၏ အရည်အသွေးမြင့် လယ်ယာသုံးစက်ပစ္စည်းများ၊ စက်ယန္တရားများနှင့် စက်ပစ္စည်းများကို မြန်မာနိုင်ငံသို့ တင်သွင်းအသုံးပြုနိုင်မည့် အလားအလာများရှိပြီး မြန်မာနိုင်ငံတွင် ပူးပေါင်းထုတ်လုပ်ရန်အတွက်လည်း ရင်းနှီးမြှုပ်နှံမှုများ ဖိတ်ခေါ်ခဲ့သည်။

ထပ်မံအခွင့်အလမ်းတစ်ခုအနေဖြင့် လူသုံးကုန်၊ နို့နှင့် နို့ထွက်ပစ္စည်း၊ ဆေးနှင့် ဆေးပစ္စည်းများကို ပြည်တွင်း၌ ပိုမိုထုတ်လုပ်ရန် အားပေးလျက်ရှိသည်။ နှစ်နိုင်ငံစီးပွားရေး ပူးပေါင်းဆောင်ရွက်မှုတွင် အဆိုပါလုပ်ငန်းများ၌ လာရောက်ရင်းနှီးမြှုပ်နှံရန် အခွင့်အလမ်းများစွာရှိသည်။ ထို့ပြင် နိုင်ငံစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကကျသည့် အခြေခံအဆောက်အအုံဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကိုလည်း ဦးစားပေးအကောင်အထည်ဖော်လျက်ရှိသည်။ ထို့ကြောင့် ခေတ်မီသိုလှောင်ရုံများ၊ အအေးခန်းသိုလှောင်ရုံများ၊ ကုန်စည်ပို့ဆောင်ရေး အခြေခံအဆောက်အအုံများကဲ့သို့ စီးပွားရေးစီမံကိန်းများနှင့် ထောက်ပံ့ပို့ဆောင်ရေးလုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံရန် ဖိတ်ခေါ်ခဲ့သည်။

### လျှပ်စစ်ဓာတ်အားထုတ်လုပ်

ထို့အတူ အစိုးရအနေဖြင့် နိုင်ငံအတွင်း လျှပ်စစ်ဓာတ်အားဖူလုံမှုရှိစေရေး ပုဂ္ဂလိကရင်းနှီးမြှုပ်နှံမှုများကို အားပေးဖိတ်ခေါ်လျက်ရှိပြီး အထူးသဖြင့် ရေအားလျှပ်စစ်၊ နေရောင်ခြည်စွမ်းအင်၊ လေစွမ်းအင်၊ ဇီဝစွမ်းအင်အသုံးပြုသည့် လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုလုပ်ငန်းများကို အားပေးဖိတ်ခေါ်နေသည်။ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ကဏ္ဍမှ ရေအားလျှပ်စစ်ထုတ်လုပ်ရာတွင် မြန်မာနိုင်ငံသည် ဧရာဝတီမြစ်၊ သံလွင်မြစ်၊ ချင်းတွင်းမြစ်၊ စစ်တောင်းမြစ် စသည့်မြစ်ကြီး လေးစင်းအပြင် မြစ်ချောင်းပေါင်း ၁၀၀၀ ကျော်ရှိပြီး နှစ်စဉ် မိုးရေချိန် ၂၀၀၀ – ၅၀၀၀ မီလီမီတာ ရွာသွန်းခြင်းကြောင့် ရေအားလျှပ်စစ်ကို ၁၀၀ ဂစ်ဂါဝပ်အထိ ထုတ်လုပ်နိုင်စွမ်းရှိပြီး ၄၀-၅၀ ဂစ်ဂါဝပ်အထိ စီးပွားဖြစ်ထုတ်လုပ်နိုင်သည်။ ထို့အပြင် မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးတို့တွင် နေရောင်ခြည်စွမ်းအင်ကိုနှစ်စဉ် ၅၁၉၇၃ ဒသမ ၈ တယ်ရာဝပ်နာရီအထိ ထုတ်လုပ်နိုင်စွမ်းရှိသည်။ မြန်မာနိုင်ငံ တီကျစ်ဒေသ၊ နမ်းမားဒေသနှင့် မော်လိုက်ဒေသများသည် ကျောက်မီးသွေးများ ထွက်ရှိရာဒေသများဖြစ်ပြီး သဘာဝပတ်ဝန်းကျင်ထိခိုက်မှု နည်းပါးသည့် အဆင့်မြင့်နည်းပညာများအသုံးပြုပြီး ကျောက်မီးသွေးသုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံများကို တည်ဆောက်နိုင်သဖြင့် လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုလုပ်ငန်းများတွင် ဘယ်လာရုစ်လုပ်ငန်းရှင်များ လာရောက်ရင်းနှီးမြှုပ်နှံရန် ဖိတ်ခေါ်ခဲ့သည်။

### အကြီးစားထုတ်လုပ်ရေး

ထို့အပြင် မြန်မာနိုင်ငံအလယ်ပိုင်း ပြင်ဦးလွင်အနီးတွင် ရတနာပုံဆိုက်ဘာစီးတီး ဖွင့်လှစ်ထားရှိပြီး ရာသီမရွေးသွားလာနိုင်သော ကားလမ်းများနှင့် ဂျက်လေယာဉ်များ ဆင်းသက်နိုင်သည့် နိုင်ငံတကာအဆင့်မီလေဆိပ် ဖွင့်လှစ်ထားသဖြင့် ပြည်ပခရီးစဉ်များ လွယ်ကူချောမွေ့စွာ သွားလာနိုင်သည်။ ထို့ကြောင့် အစိုးရဝန်ဆောင်မှုများကို ဒီဂျစ်တယ်အသွင်ကူးပြောင်းရေး၊ ဆက်သွယ်ရေးနည်းပညာ၊ ဉာဏ်ရည်တု AI အသုံးချမှုများ၊ ဒီဂျစ်တယ်ငွေပေးချေမှုစနစ်များနှင့် ဆန်းသစ်တီထွင်မှုဆိုင်ရာ စီးပွားရေးဝန်းကျင် ဖော်ဆောင်ရေးတို့တွင် ဘယ်လာရုစ်နိုင်ငံမှ စိတ်ပါဝင်စားသည့် ရင်းနှီးမြှုပ်နှံသူများအား လာရောက်ရင်းနှီးမြှုပ်နှံနိုင်ရန် ဖိတ်ခေါ်ခဲ့သည်။ မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံဆောင်ရွက်ရာ၌ လုပ်ငန်းအမျိုးအစား၊ တိုင်းဒေသကြီး/ပြည်နယ်များ၏ အားသာချက်ကိုမူတည်ပြီး စက်မှုဇုန်များ၊ အထူးစီးပွားရေးဇုန်များသာမက လယ်ယာပေါင်းစည်းဇုန်များ၊ စက်မှုစီမံကိန်းများလည်း ထူထောင်ဆောင်ရွက်နိုင်သည်။ မြန်မာနိုင်ငံတွင် သီလဝါ၊ ထားဝယ်နှင့် ကျောက်ဖြူအထူးစီးပွားရေးဇုန် သုံးခုရှိသည်။ သီလဝါအထူးစီးပွားရေးဇုန်သည် လက်ရှိတွင် အအောင်မြင်ဆုံးဖြစ်ပြီး ပို့ကုန်ဦးစားပေးလုပ်ငန်းများနှင့် ကုန်ထုတ်မှုလုပ်ငန်းများ ဆောင်ရွက်ရန် အကောင်းဆုံးရွေးချယ်နိုင်သည်။ မြန်မာနှင့် ရုရှား စတင်ဆောင်ရွက်လျက်ရှိသည့် ထားဝယ်အထူးစီးပွားရေးဇုန်တွင်လည်း ဘယ်လာရုစ်နိုင်ငံ၏ အကြီးစားစက်မှုလုပ်ငန်းများဖြစ်သည့် တာယာနှင့် အကြီးစားစက်ပစ္စည်းများ ထုတ်လုပ်ခြင်း၊ အကြီးစားကုန်တင်ယာဉ်များ ထုတ်လုပ်ခြင်းကို ဆောင်ရွက်ရန် ဖိတ်ခေါ်ခဲ့သည်။

ဘယ်လာရုစ်နိုင်ငံ၏ အားကောင်းခိုင်မာသည့် စက်မှုနှင့် နည်းပညာစွမ်းရည်များကို မြန်မာနိုင်ငံ၏ သဘာဝအရင်းအမြစ်၊ လူ့စွမ်းအားအရင်းအမြစ်များနှင့်ပေါင်းစပ်ပြီး နှစ်နိုင်ငံစလုံးအတွက် အကျိုးဖြစ်ထွန်းစေမည့် စီးပွားရေးပူးပေါင်းမှုများအဖြစ် အတူတကွဆောင်ရွက်ရန် နိုင်ငံတော်သမ္မတက ကြိုးပမ်းဆောင်ရွက်ခဲ့သည်။ မြန်မာ-ဘယ်လာရုစ် စီးပွားရေးဖိုရမ်တွင် နှစ်နိုင်ငံမှ အထင်ကရ စီးပွားရေးအဖွဲ့အစည်းများ၊ လုပ်ငန်းရှင်များ တက်ရောက်ခဲ့သည့်အတွက် ဘယ်လာရုစ်နိုင်ငံမှ လုပ်ငန်းရှင်များအနေဖြင့် မြန်မာနိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်းများကို လေ့လာသုံးသပ်ပြီး ရေရှည်အကျိုးရှိမည့် ပူးပေါင်းစီမံကိန်းများ ဖော်ဆောင်နိုင်ရန် နိုင်ငံတော်သမ္မတက ဖိတ်ခေါ်ခဲ့သည်။ နိုင်ငံတော်သမ္မတ၏ ခရီးစဉ်အတွင်း ကြိုးပမ်းဆောင်ရွက်မှုများသည် မြန်မာ – ဘယ်လာရုစ် နှစ်နိုင်ငံအကြား ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ခြင်းဖြင့် နှစ်နိုင်ငံကုန်သွယ်မှုနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုများ တိုးတက်လာနိုင်ပြီး နှစ်နိုင်ငံပြည်သူအချင်းချင်း နွေးထွေးသည့်ကူးလူးဆက်သွယ်မှုမှတစ်ဆင့် “အပြန်အလှန် အကျိုးရှိသော မိတ်ဖက်ဆက်ဆံရေး၊ ရေရှည်တည်တံ့သော ရင်းနှီးမြှုပ်နှံမှုနှင့် အတူတကွဖွံ့ဖြိုးတိုးတက်မှု”ကို ဆောင်ကြဉ်းပေးနိုင်မည်ဖြစ်ပါသည်။

(ဆက်လက်ဖော်ပြပါမည်)

## ရေကြီးနစ်မြုပ်မှုဘေးဒဏ်ခံခဲ့ရသည့် ငါးမွေးမြူကန်များ ပြန်လည်မွေးမြူနိုင်ရန် လိုက်နာရမည့်အချက်များ

- ❖ ရေကြီးနစ်မြုပ်မှုကြောင့် ငါးမွေးမြူကန်ပတ်ဝန်းကျင်မှ အမှိုက်သရိုက်ဆွေး၊ အနည်အနှစ်များ၊ ဘေးအန္တရာယ်ရှိသော အညစ်အကြေးများ၊ အဆိပ်အတောက်ဖြစ်စေနိုင်သည့်အရာများ (ပိုးသတ်ဆေးဓာတ်ကြွင်း)၊ ရောဂါဖြစ်စေနိုင်သည့်ဗိုင်းရပ်စ်နှင့် ဗက်တီးရီးယားပိုးမွှားများကြောင့် အနီးဝန်းကျင်နေထိုင်သည့် လူများသည် အသုံးပြုမည့်ရေအား သေချာစွာ ကျိုချက်သန့်စင်အသုံးပြုကြပါရန်၊
- ❖ ရေကြီးဖုံးလွှမ်းခဲ့သည့် ငါးမွေးမြူကန်အတွင်းရှိ ငါးများအား ပြန်လည်ဖမ်းယူစစ်ဆေးခြင်း၊ ရောနှောသွားသောငါးများ အရွယ်အစားအလိုက်၊ ငါးမျိုးအလိုက်ခွဲခြားခြင်း၊ ပြင်ပမှဝင်ရောက်လာသည့် သားစားငါးများ၊ သဘာဝငါးရိုင်းများအား ဖယ်ရှားခြင်းတို့ လုပ်ဆောင်ပါရန်၊
- ❖ ငါးမွေးကန်များ ရေကြီးနစ်မြုပ်မှုကြောင့် ပြိုကျနိမ့်ဆင်းသွားသော ကန်ပေါင်များအား အမြန်ဆုံးပြန်လည်ဆည်ဖို့ခြင်း၊ ရေရှည်ခိုင်ခံ့မှုအားကောင်းစေရန် သေချာစွာပြုပြင်ခြင်း၊ ရေတိုက်စားမှုနှင့် မိုးများခြင်းကြောင့် ကန်ပေါင်မြေသားများ မပြိုစေရန် တုတ်များ၊ မြေထိန်းနံရံများဖြင့် ခိုင်ခံ့စွာပြုပြင်ပြီး မြေထိန်းနိုင်မည့် မြက်ပင်များစိုက်ပျိုးထားရှိရန်၊ ကန်ပေါင်ခိုင်ခံ့မှုအား ပျက်စီးစေနိုင်မည့် တိရစ္ဆာန် (ကျွဲ၊ နွား၊ ဝက်များ) မဝင်ရောက်စေနိုင်ရန် ခြံစည်းရိုးအကာအရံများ ထားရှိပါရန်၊
- ❖ ရေသွင်းမြောင်း၊ ရေထုတ်မြောင်းများရှိ အနည်အနှစ်များ၊ အမှိုက်သရိုက်များဖယ်ရှားခြင်း၊ ရေဝင်ရေထွက်ကောင်းမွန်အောင် လိုအပ်သော ရေမြောင်းအနက်၊ ရေမြောင်းအကျယ်အား သေချာစွာပြုပြင်ခြင်း၊ ငါးမွေးကန်၏ရေဝင်ပိုက်လိုင်းများနှင့် ရေထုတ်ပိုက်လိုင်းများ အမှိုက်ဖယ်ရှား၍ သေချာစွာပြန်လည်တပ်ဆင်ခြင်းတို့ ဆောင်ရွက်ရန်နှင့် အနီးဝန်းကျင်ရှိ ရေသွယ်မြောင်း၊ တံတားများ၌ အမှိုက်များ ပိတ်ဆို့ခြင်းအား အမြဲပုံမှန်စစ်ဆေး၍ သေချာစွာဖယ်ရှားပါရန်၊
- ❖ ရေကြီးနစ်မြုပ်စဉ် ကာရံထားသောပိုက်များအား ပေါက်ပြဲဆွေးမြည့်မှု သေချာစွာစစ်ဆေး၍ တစ်နှစ်တစ်ကြိမ် အသစ်လဲလှယ်ကာရံထားရန်၊ ကာရံထားသောသဲအိတ်များအား ပြန်လည်စစ်ဆေး၍ အသစ်လဲလှယ်ရန်နှင့် ထပ်မံလိုအပ်မည့်သဲအိတ်များ အဆင်သင့်ပြင်ဆင်ထားရှိပါရန်၊
- ❖ ငါးမွေးကန်ပတ်ဝန်းကျင်ရှိ ချုံနွယ်သစ်ပင်ပေါင်းပင်များနှင့် ရေမြောင်းများနှင့် ကန်အတွင်းရှိ ရေပေါက်ပင်များ (ဗေဒါပင်၊ ရေမှော်ပင်၊ တက်ပြားပင်များ) ဖယ်ရှားရှင်းလင်းပါရန်၊
- ❖ ရေကြီးနစ်မြုပ်ပြီးနောက် ငါးမွေးကန်အတွင်းရှိငါးများနှင့် အသုံးပြုရေများအား ငါးရောဂါစစ်ဆေးခြင်းနှင့် ရောဂါမပြန့်ပွားရေး ငါးအသေများ သေချာစနစ်ကျစွာ ဖယ်ရှားရှင်းလင်းပါရန်၊
- ❖ ရေအရင်းအမြစ်ရယူသောနေရာ (မြစ်၊ ချောင်း)များနှင့် ရေစွန့်ထုတ်မည့်မြောင်းများအား အတားအဆီးဖြစ်စေနိုင်မည့်နေရာ၌ ပိတ်ဆို့စေနိုင်သောအဆောက်အအုံ၊ ကန်များ တည်ဆောက်ခြင်း မပြုလုပ်ရန်၊ ငါးမွေးကန်များအား သေချာသောမြေနေရာချထားတည်ဆောက်မှု (Layout Plan)ဖြင့် ရေဝင်ရေထွက်ကောင်းမွန်အောင်၊ လုပ်ငန်းသုံးပစ္စည်း (အစာ၊ ဆေးဝါးများစသည့်)များ လွယ်လင့်တကူသယ်ယူရွှေ့ပြောင်းနိုင်မည့် လမ်း၊ ချောင်းတို့အား ပြင်ဆင်ထားရှိပါရန်၊
- ❖ ရေကြီးနစ်မြုပ်ပြီးနောက် ငါးမွေးကန်အား မွေးမြူမည့် ငါးများအတွက် သင့်တော်သောရေအရည်အသွေးရှိစေရန် တိုင်းတာစစ်ဆေးခြင်းနှင့် ရေပြင်ခြင်း(ထုံးထည့်ခြင်း၊ ရေဩဇာထည့်ခြင်းတို့ ပြုလုပ်ပေးပါရန်၊
- ❖ ရေကြီးနစ်မြုပ်ပြီးနောက် ငါးမွေးကန်အား အမြန်ပြန်လည်မွေးမြူနိုင်ရေး သင့်တော်မည့်ငါးအရွယ်များ ထည့်သွင်းမွေးမြူနိုင်ရန် သွင်းအားစုများ (ငါးအစာ၊ ငါးသားပေါက်)များ ဖြည့်ဆည်းနိုင်မည့် အစီအမံများ ချိတ်ဆက်ဆောင်ရွက်ပါရန်၊

**ငါးလုပ်ငန်းဦးစီးဌာန**
**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**

# မန္တလေးငလျင်ကြီးဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သော အရိပ်မထွက်ဘုရားနှင့် သစ္စာနန္ဒီဘုရားနီဆုတောင်းပြည့်မြတ်စွာဘုရား ပြုပြင်ထိန်းသိမ်းမှုများဆောင်ရွက်

မန္တလေး ဩဂုတ် ၂၃

မန္တလေးငလျင်ကြီးဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် အောင်မြေသာစံမြို့နယ်ရှိ အရိပ်မထွက်ဘုရား စေတီတော်ကြီး ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်း ဆောင်ရွက်လျက်ရှိရာ ၁၈ ရာခိုင်နှုန်းခန့် ပြီးစီးပြီး ၂၀၂၇ ခုနှစ်တွင် ရာနှုန်းပြည့်ပြီးစီးမည်ဟု ခန့်မှန်းထားသည်။

အလားတူ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် သစ္စာနန္ဒီဘုရားနီဆုတောင်းပြည့် မြတ်စွာဘုရား အထက်ပစ္စယံ ငြမ်းပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်း ဆောင်ရွက်လျက်ရှိရာ ဘုရားနီဘုရားသည် အမရပူရ လက်ရာဖြစ်သည့်အတွက် အတွင်းနှစ်ထပ် မူလစေတီကို ဖူးမြော်ကြည်ညိုနိုင်ရန် ဆောင်ရွက်သွားမည်ဖြစ်သည်။



ထိုသို့ပြုပြင်ဆောင်ရွက်နေမှုကို ယနေ့နံနက်ပိုင်းက သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်သည် မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်နှင့်အတူ ကြည့်ရှုအားပေးပြီး ပြုပြင်ထိန်းသိမ်းရာတွင် ရှေးဟောင်းလက်ရာများ ထိခိုက်မှုမရှိအောင် ပြုပြင်ထိန်းသိမ်းရန်၊ သာသနိက အဆောက်အအုံများ ဆောက်လုပ်ရာတွင် စေတီတော်ကြီး မြင်ကွင်းမကွယ်အောင်စီစဉ်ရန်နှင့် ဘုရားဖူးပြည်သူများ စိတ်ချမ်းမြေ့စွာ ဖူးမြော်ကြည်ညိုနိုင်ရေး ဆောင်ရွက်ရန် မှာကြားသည်။

မွန်းလွဲပိုင်းတွင် စစ်ကိုင်းမြို့ စစ်ကိုင်းတောင်ရိုးရှိ ဆွမ်းဦးပုညရှင်သာသနာ့ဗိမာန်တော်၌ ဆဋ္ဌသင်္ဂါယနာတင် ပိဋကသုံးပုံ အဋ္ဌကထာ ကွန်ပျူတာစာမူ ကျမ်းစာအုပ်များနှင့် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ မိသားစုက လှူဒါန်းသော ဗုဒ္ဓဝါဆိုစဉ် စာအလင်္ကာများ၊ ဓမ္မစကြာ မဟာဋီကာသစ် ကျမ်းကြီးစာအုပ်များအား ပရိယတ္တိ စာသင်တိုက်ကြီးများသို့ ဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားသို့ တက်ရောက်ပြီး ပြည်ထောင်စုဝန်ကြီးက ပိဋကသုံးပုံ အဋ္ဌကထာ ကွန်ပျူတာစာမူ ကျမ်းစာအုပ်များ လှူဒါန်းရခြင်းနှင့်စပ်လျဉ်း၍ လျှောက်ထားသည်။

ထို့နောက် ပိဋကသုံးပုံ အဋ္ဌကထာ ကွန်ပျူတာ စာမူကျမ်းစာအုပ်များ၊ ရှေးစာဆိုများ၏ ဗုဒ္ဓဝါဆိုစဉ် စာအလင်္ကာများနှင့် ဓမ္မစကြာ မဟာဋီကာသစ်ကျမ်းကြီးစာအုပ်များကို နိုင်ငံတော် သံဃမဟာနာယက အဖွဲ့ဝင် ရွှေဘုန်းရှိန်သီကျောင်းတိုက်ဆရာတော် အမှူးပြုသော စာသင်တိုက်ကြီးများမှ ဆရာတော် သံဃာတော်များထံ ဆက်ကပ်လှူဒါန်းပြီး အနုမောဒနာ ရေစက်သွန်းချတရား နာကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သော ဆွမ်းဦးပုညရှင်စေတီတော် ပြန်လည်ပြုပြင်တည်ဆောက်ပြီးစီးမှုများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



## မိတ္ထီလာမြို့၌ ကျန်းမာရေးဝန်ကြီးဌာန အထူးကုဆေးကုသရေးအဖွဲ့ ကွင်းဆင်းဆေးကုသ

မိတ္ထီလာ ဩဂုတ် ၂၃

ကျန်းမာရေးဝန်ကြီးဌာန၏ လမ်းညွှန်ပံ့ပိုးမှုဖြင့် နေပြည်တော် ပြည်သူ့ဆေးရုံကြီး(ခုတင်-၁၀၀၀)မှ ပါမောက္ခ၊ အထူးကုဆရာဝန်ကြီး ၁၂ ဦး ပါဝင်သည့် အထူးကုဆေးကုသရေးအဖွဲ့သည် မိတ္ထီလာမြို့ ပြည်သူ့ဆေးရုံကြီးမှ အထူးကုဆရာဝန်ကြီးများနှင့်အတူ ဒေသခံပြည်သူများအား ဩဂုတ် ၂၂ ရက်မှ ၂၃ ရက်အထိ မိတ္ထီလာမြို့ ပြည်သူ့ဆေးရုံကြီး၌ ဆေးကုသမှုများ ဆောင်ရွက်ပေးခဲ့သည်။

အဆိုပါ ဆေးကုသပေးရာတွင် ဆေးပညာဆိုင်ရာလူနာ၊ အစာအိမ်နှင့် အူလမ်းကြောင်းဆိုင်ရာလူနာ၊ နှလုံးရောဂါဆိုင်ရာလူနာ၊ ဟော်မုန်းရောဂါလူနာ၊ ကင်ဆာရောဂါလူနာ၊ ဆီးနှင့်ကျောက်ကပ်ဆေးကုသမှုဆိုင်ရာလူနာ၊ အရိုး အကြော အဆစ်ဆေးပညာလူနာ၊ ဦးနှောက်နှင့်အာရုံကြောခွဲစိတ်ကုလူနာ၊ အဆုတ်နှင့်ရင်ခေါင်းလူနာ၊ အရေပြားလူနာ၊ အသည်းရောဂါလူနာနှင့် သွေးရောဂါလူနာများအား ကြည့်ရှုကုသပေးခဲ့ပြီး အစာအိမ်နှင့်အူလမ်းကြောင်း မှန်ပြောင်းကြည့်ရှုကုသခြင်း၊ ကွန်ပျူတာ ဓာတ်မှန်ဖြင့်စစ်ဆေးခြင်း(CT Scan)၊ ဓာတ်မှန်ဖြင့် ရောဂါရှာဖွေခြင်း၊ ဓာတ်ခွဲစမ်းသပ်စစ်ဆေးမှု၊ တယ်လီဗေးရှင်းဓာတ်မှန်(Ultrasound) ဖြင့် ရောဂါရှာဖွေခြင်း၊ နှလုံးစက်ဖြင့် စစ်ဆေးခြင်း (ECG)တို့ကိုလည်း ဆောင်ရွက်ပေးသည်။ ရောဂါရှာဖွေစစ်ဆေးမှုနှင့်ကုသမှု ဆက်လက်ဆောင်ရွက်ရန် လိုအပ်သောလူနာများကို သက်ဆိုင်ရာဆေးရုံကြီးများသို့ လွှဲပြောင်းကုသပေးသွားမည်ဖြစ်သည်။

ကျန်းမာရေးဝန်ကြီးဌာနသည် ကျန်းမာရေးစောင့်ရှောက်မှုများကို ပြည်သူများလက်လှမ်းမီရရှိနိုင်ရန် ဆေးကုသမှုအတွက် လူနာမှ စိုက်ထုတ်ကုန်ကျစရိတ် လျော့နည်းစေရန်၊ ရောဂါများကို အချိန်မီ စောစီးစွာ သိရှိကုသမှုခံယူနိုင်စေရန် ရည်ရွယ်၍ ရန်ကုန်၊ မန္တလေးနှင့် နေပြည်တော်တို့မှ ပါမောက္ခ၊ အထူးကုဆရာဝန်ကြီးများက တိုင်းဒေသကြီး၊ ပြည်နယ်များရှိပြည်သူ့ဆေးရုံကြီးများသို့လည်းကောင်း၊ တိုင်းဒေသကြီး၊ ပြည်နယ်ပြည်သူ့ဆေးရုံကြီးများမှ အထူးကုဆရာဝန်ကြီးများက ခရိုင်၊ မြို့နယ်များသို့လည်းကောင်း ကွင်းဆင်းကုသမှုအစီအစဉ်များ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သိန်းမြင့်ကျော်(မိတ္ထီလာ)**

**ပြည့်ဝဆီများကို တတ်နိုင်သမျှ လျှော့စား၍**
**အသွင်ပြောင်းဆီများ စားသုံးခြင်းကို**
**လုံးဝရှောင်ကြဉ်ကြပါစို့**

## ကြို့ပင်ကောက်မြို့နယ်၌ လူငယ်စကားဝိုင်း ကျင်းပ

ကြို့ပင်ကောက် ဩဂုတ် ၂၃

ပဲခူးတိုင်းဒေသကြီး ကြို့ပင်ကောက်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ZENITH ကိုယ်ပိုင်အထက်တန်းကျောင်းတို့ ပူးပေါင်း၍ လူငယ်များ ဗလငါးတန်နှင့်ပြည့်စုံပြီး လေ့လာသိရှိထားသော ပညာရပ်များအား အချင်းချင်းဆွေးနွေးဖလှယ်တတ်စေရန် ရည်ရွယ်၍ လူငယ်စကားဝိုင်းကို ယမန်နေ့နံနက်ပိုင်းက ကျင်းပသည်။

ဦးစွာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်သန္တာအောင်၊ ခေတ္တမြို့နယ်အုပ်ချုပ်ရေးမှူး စောမောင်ဖွေ၊ ဒုတိယမြို့နယ်ပညာရေးမှူး ဒေါ်စိုးစပယ်ဖြူတို့က ကျောင်းသား ကျောင်းသူများအား အမှာစကားပြောကြား၍ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ဝင့်နန္ဒာဌေးက လူငယ်စကားဝိုင်း ကျင်းပရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး တာဝန်ခံကျောင်းအုပ်ဆရာမကြီး ဒေါက်တာထူးချစ်စုဝင်းက ကျေးဇူးတင်စကားပြောကြားသည်။

ဆက်လက်ပြီး လူငယ်စကားဝိုင်းဆွေးနွေးပွဲ ကျင်းပရာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ဝင့်နန္ဒာဌေးက ဦးဆောင်ဆွေးနွေးသူအဖြစ် ဆောင်ရွက်၍ ကျောင်းသား ကျောင်းသူများက လူငယ်နှင့်နည်းပညာ၊ လူငယ်နှင့်ကျန်းမာရေး ခေါင်းစဉ်တို့ဖြင့်



ဆွေးနွေးသည်။ ထို့နောက် တက်ရောက်လာသည့် ကျောင်းသား ကျောင်းသူများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြရာ ဦးဆောင်ဆွေးနွေးသူ ကျောင်းသား ကျောင်းသူများက ပြန်လည်ဖြေကြားပေးခဲ့သည်။

ထို့နောက် လူငယ်စကားဝိုင်းတွင် ပါဝင်ဆွေးနွေးခဲ့ကြသော ကျောင်းသား ကျောင်းသူများအား တာဝန်ရှိသူများက လက်ဆောင်ပစ္စည်းများပေးအပ်ပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက သုတ၊ ရသစာအုပ်စာစောင်များနှင့် နံရံကပ်စာစောင်များ ခင်းကျင်းပြသခဲ့ရာ ကျောင်းသား ကျောင်းသူများက စိတ်ပါဝင်စားစွာ ကြည့်ရှုလေ့လာခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## နေပြည်တော် သောက်ရေသန့်လုပ်ငန်းရှင်များအသင်း စားသုံးသူအခွင့်အရေးနှင့် ဈေးကွက်ယှဉ်ပြိုင်မှုအလုပ်ရုံဆွေးနွေးပွဲကျင်းပ



**နေပြည်တော် ဩဂုတ် ၂၃**

နေပြည်တော် သောက်ရေသန့် လုပ်ငန်းရှင်များ အသင်းက

ကောင်းမွန်သော ထုတ်လုပ်မှု ကျင့်စဉ်၊ အရည်အသွေးထိန်းသိမ်းခြင်း၊ စားသုံးသူ အခွင့်အရေးနှင့်

ဈေးကွက်ယှဉ်ပြိုင်မှု အလုပ်ရုံ ဆွေးနွေးပွဲကို ယမန်နေ့ နံနက်ပိုင်းက ပျဉ်းမနားမြို့ သုခစိုး ဟိုတယ်၌ ကျင်းပသည်။

အခမ်းအနားတွင် နေပြည်တော် သောက်ရေသန့် လုပ်ငန်းရှင်များ အသင်း နာယကဦးသန်းစိုးနှင့် ဥက္ကဋ္ဌ ဦးမိုးကျော်တို့က အမှာစကားပြောကြားပြီး စားသုံးသူရေးရာဦးစီးဌာနမှ တာဝန်ရှိသူများ၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနနှင့် မြန်မာနိုင်ငံယှဉ်ပြိုင်မှုကော်မရှင်မှ တာဝန်ရှိသူများက စားသုံးသူအခွင့်အရေးနှင့် စားသုံးသူ ဥပဒေအကြောင်း သိကောင်းစရာများ၊ ဈေးကွက်ယှဉ်ပြိုင်မှုနှင့် ယှဉ်ပြိုင်မှုဥပဒေ အကြောင်း သိကောင်းစရာများ၊ ကောင်းမွန်သော ထုတ်လုပ်မှု ကျင့်စဉ်နှင့် ထုတ်ကုန်အရည်အသွေးထိန်းသိမ်းခြင်း အကြောင်းအရာများကို ရှင်းလင်းဆွေးနွေးသည်။ ထို့နောက် တက်ရောက်လာသည့် သောက်ရေသန့်လုပ်ငန်းရှင်များက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးရာ တာဝန်ရှိသူများက သက်ဆိုင်ရာ ကဏ္ဍအလိုက် ပြန်လည် ဖြေကြားပေးခဲ့ကြောင်း သိရသည်။

**ထွန်းလင်း**

## ရောရောင်းဝယ်ရေးသမဝါယမအသင်း နှစ်ပတ်လည်စည်းဝေး

ရန်ကုန် ဩဂုတ် ၂၃

ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့နယ် ရောရောင်းဝယ်ရေးသမဝါယမအသင်းလီမိတက်၏ ၂၀၂၅ - ၂၀၂၆ ဘဏ္ဍာနှစ်အတွက် နှစ်ပတ်လည် အရပ်ရပ်ဆိုင်ရာ အစည်းအဝေးနှင့် အမှုဆောင်ရွေးချယ်ပွဲကို ဩဂုတ် ၁၈ ရက် နံနက်ပိုင်းက အမှတ်(၁၇)အခြေခံပညာမူလတန်းကျောင်း၌ ပြုလုပ်သည်။

အခမ်းအနားတွင် မြောက်ဥက္ကလာပမြို့နယ် သမဝါယမဦးစီးဌာနမှ ဦးစီးအရာရှိ ဦးချစ်ကိုကိုဦးက သမဝါယမအသင်းဥပဒေအရ လိုက်နာရမည့် စည်းကမ်းများ၊ လုပ်ထုံးလုပ်နည်း ညွှန်ကြားချက်များကို ရှင်းလင်းပြောကြားသည်။



ဆက်လက်၍ အသင်းမှ အမှုဆောင်အဖွဲ့အစီရင်ခံစာနှင့် နှစ်ချုပ်ဘဏ္ဍာရေးရှင်းတမ်းများကို အသင်းသား ဦးလှဝင်းက ဖတ်ကြားတင်ပြပြီး အမှုဆောင်ရွေးချယ်ကာ အစုပေါ်အမြတ်နှင့် အသင်းသားများအား လက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**သက်လွင်စိုး(ပြန်/ဆက်)**

# နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ရုရှားဖက်ဒရေးရှင်းနိုင်ငံနှင့် ဘယ်လာရုစ်သမ္မတနိုင်ငံတို့သို့ တရားဝင်ခရီးစဉ် သွားရောက်ခဲ့မှုတို့နှင့် စပ်လျဉ်း၍ နိုင်ငံတော်သမ္မတရုံး ပြောရေးဆိုခွင့်ရှိသူ ဒုတိယဝန်ကြီး ဒေါက်တာ ခိုင်ခိုင်စိုးက မီဒီယာများ၏ မေးမြန်းမှုများ ရှင်းလင်းဖြေကြား

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတ မစ္စတာ ဗလာဒီမာပူတင်၏ ဖိတ်ကြားချက်အရ ရုရှားဖက်ဒရေးရှင်းနိုင်ငံသို့ တရားဝင်ခရီးစဉ်သွားရောက်ခဲ့မှုနှင့် ဘယ်လာရုစ်သမ္မတနိုင်ငံသမ္မတ မစ္စတာ အလက်ဇန္ဒား လူကာရှန်ကို၏ ဖိတ်ကြားချက်အရ ဘယ်လာရုစ်သမ္မတနိုင်ငံသို့ တရားဝင်ခရီးစဉ် သွားရောက်ခဲ့မှုတို့နှင့် စပ်လျဉ်း၍ မီဒီယာများ၏ မေးမြန်းမှုများအပေါ် နိုင်ငံတော်သမ္မတရုံး ပြောရေးဆိုခွင့်ရှိသူ နိုင်ငံတော်သမ္မတရုံး ဒုတိယဝန်ကြီး ဒေါက်တာ ခိုင်ခိုင်စိုးက ရှင်းလင်းဖြေကြားခဲ့သည်များကို ဖော်ပြအပ်ပါသည်။

**မေး။ ။ အခု သွားရောက်ခဲ့တဲ့ ရုရှားနိုင်ငံခရီးစဉ်ကနေ ဘယ်လိုမျိုး အကျိုးကျေးဇူးတွေ ရရှိခဲ့တယ်ဆိုတာ သိပါရစေ။**

ဖြေ။ ။ ရုရှားခရီးစဉ်မှာ မြန်မာနဲ့ ရုရှား နှစ်နိုင်ငံ ရှိရင်းစွဲ ချစ်ကြည်ရင်းနှီးမှု၊ အပြန်အလှန် ယုံကြည်လေးစားမှု ဒါတွေကို မြှင့်တင်နိုင်ခဲ့ပါတယ်။ ဒါ့အပြင် နိုင်ငံရဲ့ စီးပွားရေး၊ ကုန်သွယ်မှု၊ ရင်းနှီးမြှုပ်နှံမှု၊ ပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍ၊ အာကာသနှင့် နည်းပညာကဏ္ဍ၊ သိပ္ပံနှင့် နည်းပညာကဏ္ဍ၊ စွမ်းအင်ကဏ္ဍတွေနဲ့ပတ်သက်ပြီးတော့ အသေးစိတ်ဆွေးနွေးနိုင်ခဲ့ပါတယ်။ ဒီခရီးစဉ်မှာ ကျွန်မတို့ Head of State အချင်းချင်း၊ Head of Government၊ Ministry level၊ University level အချင်းချင်း စသည်ဖြင့် အဆင့်စုံ ဆွေးနွေးနိုင်ခဲ့ပါတယ်။ နိုင်ငံတော် သမ္မတကြီးဆိုရင် Meeting ပေါင်း ၁၅ ခု ဆွေးနွေးခဲ့တာကို တွေ့ရပါတယ်။ ဒီခရီးစဉ်မှာ G to G MoU ၁၂ ခု ရေးထိုးနိုင်ခဲ့ပါတယ်။

**မေး။ ။ သမ္မတနှစ်ဦးရဲ့ တွေ့ဆုံမှုက နှစ်နိုင်ငံဆက်ဆံရေးအတွက် ဘယ်လောက်ထိ အရေးပါပါသလဲ။**

ဖြေ။ ။ တစ်နည်းအားဖြင့် နိုင်ငံ့ခေါင်းဆောင်နှစ်ဦး ပုဂ္ဂိုလ်ရေး ရင်းနှီးခင်မင်မှု၊ ဒီကနေမှ တစ်ဆင့် အဆင့်မြင့်ဆွေးနွေးမှုကို ဆောင်ရွက်နိုင်ခဲ့ပါတယ်။ အဲဒီ အဆင့်မြင့်ဆွေးနွေးမှုတွေကနေ တစ်ဆင့် လက်တွေ့ပူးပေါင်းဆောင်ရွက်မှုတွေကို ဆောင်ရွက်နိုင်ခဲ့ပါတယ်။ အဲဒီကနေတစ်ဆင့် ရုရှားသမ္မတကြီး ပြောကြားတာက နှစ်နိုင်ငံဆက်ဆံရေးဟာ တစ်နိုင်ငံနဲ့ တစ်နိုင်ငံ အပြန်အလှန် ယုံကြည်လေးစားမှု၊ တစ်နိုင်ငံရဲ့ ပြည်တွင်းရေးကို တစ်နိုင်ငံက ဝင်ရောက်မစွက်ဖက်ဖို့၊ တစ်နိုင်ငံရဲ့ အချုပ်အခြာအာဏာကို တစ်နိုင်ငံက လေးစားဖို့၊ နောက်တစ်ခါ International မျက်နှာစာမှာ တစ်နိုင်ငံနဲ့ တစ်နိုင်ငံ အပြန်အလှန် အမြဲသဟဲပြုပြီး အပြန်အလှန်ထောက်ပံ့ကူညီဖို့ ဒါတွေကို ဆွေးနွေးခဲ့ပါတယ်။ မြန်မာနိုင်ငံကိုလည်း အရှေ့တောင်အာရှမှာ ယုံကြည်စိတ်ချရတဲ့ မိတ်ဆွေရင်းနိုင်ငံတစ်ခုလို့ သတ်မှတ်ထားတယ်လို့လည်း ဆိုပါတယ်။ ဒါဟာ ကျွန်မတို့ ဒီခေါင်းဆောင်နှစ်ဦး တွေ့ဆုံမှုကနေတစ်ဆင့် မဟာဗျူဟာမြောက်ဆက်ဆံရေး၊ တစ်နည်းအားဖြင့် ရေရှည်အကျိုးတူ ပူးပေါင်းဆောင်ရွက်ရေးအတွက် အများကြီးအထောက်အကူပြုတယ်လို့ ဆိုနိုင်ပါတယ်။

**မေး။ ။ ဒီခရီးစဉ်က မြန်မာနိုင်ငံရဲ့ စီးပွားရေးအတွက် လက်တွေ့ရရှိမယ့် အကျိုးကျေးဇူးတွေကိုလည်း သိပါရစေ။**

ဖြေ။ ။ ဒီခရီးစဉ်မှာ နိုင်ငံတော်သမ္မတကြီးက နိုင်ငံခေါင်းဆောင်တွေနဲ့ တွေ့ဆုံတဲ့အချိန်မှာ ကုန်သွယ်ရေး တိုးမြှင့်ဖို့၊ ရင်းနှီးမြှုပ်နှံမှုအသစ်တွေ မြန်မာနိုင်ငံမှာ လာရောက်လုပ်ဖို့ ဖိတ်ခေါ်ခဲ့ပါတယ်။ ပြီးတော့ မော်စကိုမှာ စီးပွားရေးဖိုရမ် ကျင်းပခဲ့ပါတယ်။ အဲဒီ စီးပွားရေးဖိုရမ်မှာလည်း နိုင်ငံတော်သမ္မတကြီး ကိုယ်တိုင်ပဲ မြန်မာနိုင်ငံမှာ ဘယ်လို စီးပွားရေးလုပ်ငန်းတွေ ဆောင်ရွက်နိုင်မယ်၊ အခွင့်အလမ်းတွေ ဘာတွေရှိမယ်၊ မြန်မာနိုင်ငံဘက်က ဘာတွေဆောင်ရွက်ပေးမယ် စသည်ဖြင့် ဒါတွေကို အသေးစိတ် Presentation နဲ့ ရှင်းလင်းတင်ပြခဲ့တာဖြစ်ပါတယ်။ နောက်တစ်ခါ ကျွန်မတို့ ထားဝယ်ရေနက်ဆိပ်ကမ်းမှာ ပူးပေါင်းဆောင်ရွက်ဖို့ကိစ္စတွေ၊ စွမ်းအင်ကဏ္ဍ၊ အာကာသနှင့် နည်းပညာကဏ္ဍတွေမှာ ပူးပေါင်းဆောင်ရွက်ဖို့ ဖိတ်ခေါ် ခဲ့ပါတယ်။ ဒီလုပ်ငန်းတွေကိုသာ ကျွန်မတို့ အမှန်တကယ်အကောင်အထည်ဖော်နိုင်မယ်ဆိုရင် မြန်မာပြည်သူပြည်သားတွေရဲ့ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ဖို့၊ အလုပ်အကိုင်အခွင့်အလမ်းတွေရရှိဖို့ များစွာအထောက်အကူပြုမှာ ဖြစ်ပါတယ်။

**မေး။ ။ စွမ်းအင်ကဏ္ဍနဲ့ပတ်သက်ပြီး ဘယ်လို အကျိုးကျေးဇူးတွေကို ယူဆောင်ခဲ့တယ်ဆိုတာကိုလည်း ပြောကြားပေးစေလိုပါတယ်။**

ဖြေ။ ။ စွမ်းအင်ကဏ္ဍမှာ ကျွန်မတို့ ဆွေးနွေးခဲ့တာက ရေနံနဲ့ သဘာဝဓာတ်ငွေ့ကိစ္စ၊ လျှပ်စစ်ဓာတ်အားပေးစက်ရုံ တည်ဆောက်ဖို့၊ နျူကလီးယားကဏ္ဍ စသည်ဖြင့် စွမ်းအင်ကဏ္ဍစုံ ပူးပေါင်းဆောင်ရွက်မှုအတွက် ဆွေးနွေးခဲ့ပါတယ်။ နောက်တစ်ခုကတော့ LNG ပါ။ ဒီထားဝယ် ရေနက်ဆိပ်ကမ်းမှာ ကျွန်မတို့ LNG စက်ရုံတည်ဆောက်ပြီးတော့ အိမ်နီးနားချင်း နိုင်ငံတွေကို LNG နဲ့ သဘာဝဓာတ်ငွေ့တွေ တင်ပို့ရောင်းချဖို့အတွက် ဆွေးနွေးခဲ့ပါတယ်။

**မေး။ ။ အာကာသနဲ့ ဂြိုဟ်တုနည်းပညာနဲ့ ပတ်သက်ပြီး ဘယ်လိုသဘောတူညီချက်တွေကို ဖော်ဆောင်နိုင်ခဲ့ပါသလဲ။**

ဖြေ။ ။ အာကာသ ဂြိုဟ်တုနည်းပညာနဲ့ ပတ်သက်လို့လည်း ဆွေးနွေးခဲ့တာတွေ အများကြီးပါ၊ အဓိကတော့ ၄ ခုပါ။ ၂၀၂၈ ခုနှစ်မှာ ကျွန်မတို့ မြန်မာနိုင်ငံက အာကာသယာဉ်မှူးကို အာကာသယာဉ်နဲ့ စေလွှတ်နိုင်ရေး၊ ဒါက အဓိက အရေးအကြီးဆုံးအချက်ပါ။ ဂြိုဟ်တုအခြေပြု ရာဖွေကယ်ဆယ်ရေး Station မြန်မာနိုင်ငံမှာ တည်ဆောက်ဖို့၊ GNSS Station တည်ဆောက်ဖို့ ဆွေးနွေးခဲ့ပါတယ်။ အာကာသကနေ ကမ္ဘာမြေအနီးမှာ အာကာသအန္တရာယ်ကျရောက်နိုင်တဲ့ အရာတွေကို စောင့်ကြည့်ပြီး ကာကွယ်ဖို့အတွက် Station တည်ဆောက်ဖို့၊ အဲဒီ ၄ ခုကို ကျွန်မတို့ MoU ရေးထိုးနိုင်ခဲ့ပါတယ်။

**မေး။ ။ Plekhanov Economics University က နိုင်ငံတော်သမ္မတကြီးကို ဂုဏ်ထူးဆောင်ပါမောက္ခဘွဲ့ ချီးမြှင့်ခဲ့တယ်။ ဒီဟာက မြန်မာနိုင်ငံအတွက် ဘယ်လိုအကျိုးကျေးဇူးတွေ ရရှိနိုင်တယ်ဆိုတာ သိပါရစေ။**

ဖြေ။ ။ Plekhanov Economics University က ကျွန်မတို့ရဲ့ သမ္မတကြီးကို ဂုဏ်ထူးဆောင်ပါမောက္ခဘွဲ့ ချီးမြှင့်ခဲ့ပါတယ်။ ဒါတကယ်တော့ ပညာရေးကဏ္ဍ ပူးပေါင်းဆောင်ရွက်မှု ထိတွေ့ဆက်ဆံမှုရဲ့ အစကနဦးလို့ ပြောလို့ရပါတယ်။ အခုလိုချီးမြှင့်



လိုက်တဲ့အတွက် ကျွန်မတို့ ပညာရေးကဏ္ဍ ရင်းနှီးသွားတယ်။ ကျွန်မတို့နိုင်ငံတော်သမ္မတကြီးကိုယ်တိုင် အဲဒီစီးပွားရေးတက္ကသိုလ်မှာ ဂုဏ်ထူးဆောင်ပါမောက္ခဖြစ်တယ်၊ အဲဒီတော့ ကျောင်းသားအချင်းချင်း ထိတွေ့ဆက်ဆံရေး၊ တက္ကသိုလ်အချင်းချင်း ပူးပေါင်းဆောင်ရွက်ရေး၊ လူငယ်အချင်းချင်း ထိတွေ့ဆက်ဆံရေး၊ နောက်တစ်ခါ ပညာရှင်ဖလှယ်ရေး၊ တစ်နိုင်ငံနဲ့တစ်နိုင်ငံ scholarship ကိစ္စတွေ ပူးပေါင်းဆောင်ရွက်ရေး၊ ဒါတွေအားလုံးအတွက် လမ်းစပွင့်သွားပြီ ကျွန်မတို့ နိုင်ငံရဲ့ လူငယ်တွေ အနာဂတ်အတွက် အခွင့်အလမ်းလို့ ပြောလို့ရပါတယ်။

**မေး။ ။ ဘယ်လာရုစ်နိုင်ငံနဲ့ ဆွေးနွေးခဲ့တဲ့ အဓိကအကြောင်းအရာတွေကိုလည်း သိပါရစေ။**

ဖြေ။ ။ ကျွန်မတို့ နိုင်ငံတော်သမ္မတကြီးက ဘယ်လာရုစ်နိုင်ငံ သမ္မတကြီးနဲ့ အခုခရီးစဉ်အတွင်း နှစ်ကြိမ်တွေ့ဆုံဆွေးနွေးခဲ့တဲ့အပြင် ဝန်ကြီးချုပ်၊ လွှတ်တော်ဥက္ကဋ္ဌတွေနဲ့လည်း တွေ့ဆုံခဲ့ပါတယ်။ ဘယ်လာရုစ်နိုင်ငံ မင့်စ်မြို့မှာ စီးပွားရေးဖိုရမ်ပြုလုပ်ပြီးတော့ စီးပွားရေး လုပ်ငန်းရှင်တွေနဲ့ တွေ့ဆုံခဲ့ပါတယ်။ တကယ်တော့ ဘယ်လာရုစ်နိုင်ငံက ကျွန်မတို့နိုင်ငံလိုပဲ စိုက်ပျိုးမွေးမြူရေးကို အခြေခံတဲ့နိုင်ငံပါ။ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းတွေနဲ့ စက်မှုဖွံ့ဖြိုးတိုးတက်မှုကို ပူးပေါင်းပြီးတော့ ဖွံ့ဖြိုးတိုးတက်နေတဲ့ နိုင်ငံဖြစ်ပါတယ်။ ကျွန်မတို့နိုင်ငံမှာက စိုက်ပျိုးမြေ ဧရိယာ ၃၃ သန်းကျော် ရှိပါတယ်။ လုပ်သားအင်အားကလည်း အလုံအလောက်ရှိပါတယ်။ ဒါက ကျွန်မတို့ရဲ့အားသာချက်ပါ။ ဘယ်လာရုစ်နိုင်ငံရဲ့ အားသာချက်ကတော့ စိုက်ပျိုးမွေးမြူရေးနဲ့ပတ်သက်တဲ့ နည်းပညာတွေရှိပါတယ်။ နောက်တစ်ခါ သူတို့မှာ ဓာတ်မြေသြဇာစက်ရုံတွေ ရှိပါတယ်။ လယ်ယာထုတ်ကုန်ပစ္စည်းကိရိယာတွေ၊ ဒါက တကယ့်ကမ္ဘာမှာ နာမည်ကျော်တဲ့ ပစ္စည်းတွေ ထုတ်နေတာဖြစ်ပါတယ်။ အဲဒီတော့ ဘယ်လာရုစ်နိုင်ငံရဲ့ အားသာချက်နဲ့ ကျွန်မတို့နိုင်ငံရဲ့ အားသာချက် ပူးပေါင်းပြီးတော့မှ ကျွန်မတို့ ဒီ farming ကနေ food processing အထိကို ပူးပေါင်းဆောင်ရွက်ဖို့၊ ရင်းနှီးမြှုပ်နှံမှုတွေလုပ်ဖို့အတွက် သဘောတူညီချက်တွေ ရရှိခဲ့ပါတယ်။ ဒါ့အပြင် သမ္မတကြီးက ထားဝယ်ရေနက်ဆိပ်ကမ်းမှာ လာရောက်ရင်းနှီးမြှုပ်နှံဖို့စက်ရုံတွေဆောက်ဖို့၊ တာယာစက်ရုံတို့၊ ကုန်တင်ယာဉ်အကြီးစားတွေ ဆောက်ဖို့၊ သီလဝါစီးပွားရေးဇုန်မှာလည်း လာရောက်ရင်းနှီးမြှုပ်နှံဖို့ ဆွေးနွေးခဲ့ပါတယ်။

**မေး။ ။ မြန်မာ-ဘယ်လာရုစ် ပူးပေါင်းဆောင်ရွက်ရေး ၂၀၂၆-၂၀၂၈ Roadmap နဲ့ ပတ်သက်ပြီးတော့လည်း သိပါရစေ။**

ဖြေ။ ။ နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှုတွေ လုပ်တဲ့အချိန်မှာ မြန်မာ-ဘယ်လာရုစ် ပူးပေါင်းဆောင်ရွက်ရေး ၂၀၂၆-၂၀၂၈ Roadmap ဆိုတာ ရှိပါတယ်။ အဲဒီ Roadmap မှာ နိုင်ငံရေး၊ စီးပွားရေး၊ ယဉ်ကျေးမှု၊ ပညာရေး၊ ကျန်းမာရေး ကဏ္ဍတွေမှာ ပူးပေါင်းဆောင်ရွက်ဖို့အတွက် ကဏ္ဍစုံ ပါပါတယ်။ ဒီ Roadmap အတိုင်းကို အလေးထားပြီး ဆောင်ရွက်ဖို့ နှစ်နိုင်ငံ သမ္မတတွေက အလေးထားပြီး ပြောကြားခဲ့ပါတယ်။ Timeline ကိုလည်း သူ့ Timeline နဲ့ အတိအကျသွားဖို့၊ အကောင်အထည်ဖော်သွားဖို့ ရှိပါတယ်။ နောက်တစ်ခုကတော့ ဘယ်လာရုစ်နိုင်ငံဝန်ကြီးချုပ်က ပြောကြားဆွေးနွေးတာက ကျွန်မတို့ဟာ အပြိုင်အဆိုင် စီးပွားရေးလုပ်တာ မဟုတ်ပါဘူး။ ဒီနှစ်နိုင်ငံက အပြန်အလှန်အကျိုးတူ ပူးပေါင်း ဆောင်ရွက်တာပါ။ ဒီတစ်ချက်ပြောပါတယ်။ မြန်မာနိုင်ငံနဲ့ဆက်ဆံရေးမှာ ဘယ်လာရုစ်နိုင်ငံက အကန့်အသတ်လုံးဝမရှိဘူး၊ အဆင့်မြင့်ပူးပေါင်းဆောင်ရွက်မှုတွေကို ဆောင်ရွက်သွားမယ်။ နောက်တစ်ခုက မြန်မာနိုင်ငံကို တခြားမိတ်ဆွေနိုင်ငံတွေနဲ့ မတူဘဲ မြန်မာနိုင်ငံမှာ လိုအပ်နေတဲ့ ကုန်ပစ္စည်းတွေကို ကျွန်မတို့ ပြည်တွင်းမှာ ထုတ်လုပ်နိုင်တဲ့အထိကို သူတို့ ကူညီဆောင်ရွက်သွားမယ်၊ အပြန်အလှန် အကျိုးတူ ပူးပေါင်းဆောင်ရွက်သွားမယ်၊ ဈေးကွက်တစ်ခုအနေနဲ့သာ ရှုမြင်တာမဟုတ်ဘဲ ကျွန်မတို့ မိတ်ဆွေရင်းချာနိုင်ငံတွေအဖြစ် ပူးပေါင်းဆောင်ရွက်သွားမယ်ဆိုပြီး ပြောပါတယ်။ ဒါကျွန်မတို့နိုင်ငံ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို ဘယ်လာရုစ် နိုင်ငံကနေ အတတ်နိုင်ဆုံး အားဖြည့်ကူညီပေးမယ်ဆိုတဲ့ အနေအထား ဖြစ်ပါတယ်။

**မေး။ ။ သမ္မတကြီးရဲ့ နိုင်ငံတကာဆက်ဆံရေးအပေါ် ဘယ်လိုမျိုး ပြောပြချင်ပါသလဲ။**

ဖြေ။ ။ ဒီနေ့ဆိုရင် နိုင်ငံတော်အစိုးရသစ် တက်လာတာ ၁၃၆ ရက်ရှိပါပြီ၊ ဒီနေ့မပါဆိုရင် ၁၃၅ ရက်အတွင်းမှာ နိုင်ငံတော်သမ္မတကြီးက နိုင်ငံတကာဆက်ဆံရေးနဲ့ ပတ်သက်လို့ နိုင်ငံပေါင်း ခြောက်နိုင်ငံကို သွားရောက်ခဲ့ပြီးဖြစ်ပါတယ်။ သမ္မတကြီးက ခြောက်နိုင်ငံမှာ အားလုံး မိုင် ပေါင်း ၂၀၀၀၀ နီးပါး ခရီးသွားခဲ့ပါတယ်။ ဒီခရီးစဉ်တွေအတွင်း တရုတ်၊ အိန္ဒိယနဲ့ ရုရှားစတဲ့ ကမ္ဘာ့နိုင်ငံကြီး သုံးနိုင်ငံအပါအဝင် ခြောက်နိုင်ငံလုံးက Head of State ၊ Head of Government ၊ လွှတ်တော်၊ Regional level ၊ Ministerial level ခေါင်းဆောင်တွေနဲ့ တွေ့ဆုံဆွေးနွေးခဲ့ပါတယ်။ ဒီခရီးစဉ်တွေကနေ အပြန်အလှန် ယုံကြည်မှုတွေ တည်ဆောက်နိုင်ခဲ့ပါတယ်။ မဟာဗျူဟာမြောက်ဆက်ဆံရေးကို အဆင့်မြှင့်တင်နိုင်ခဲ့ပါတယ်။

**မေး။ ။ ရုရှားသမ္မတကြီးနဲ့ နျူကလီးယား ဓာတ်ပေါင်းဖို တည်ဆောက်ဖို့အတွက် ဆွေးနွေးခဲ့တယ်လို့ သိရပါတယ်။ အဲဒါနဲ့ ပတ်သက်ပြီး သိပါရစေ။**

ဖြေ။ ။ လောလောဆယ်တော့ ကျွန်မဘက်က ဒါနဲ့ ပတ်သက်လို့ အသေးစိတ် မပြောနိုင်ပါဘူး။ ဆွေးနွေးခဲ့တာတော့ ဟုတ်ပါတယ်။ ဒါကလည်း လျှပ်စစ်ဓာတ်အား ထုတ်လုပ်ဖို့အတွက် ဖြစ်ပါတယ်။ ကျွန်မသိသလောက်တော့ Mini ပါ။

**သတင်းအဖွဲ့**

## လှိုင်မြို့နယ်၌ သမဝါယမအသင်းလီမိတက်အစည်းအဝေးနှင့် အမှုဆောင်ရွေးချယ်တင်မြှောက်ပွဲ ကျင်းပ

ရန်ကုန် ဩဂုတ် ၂၃

ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ်တွင် လှိုင်သာယာရောင်းဝယ်ရေးသမဝါယမအသင်း လီမိတက်၏ နှစ်ပတ်လည်အစည်းအဝေးနှင့်အမှုဆောင်ရွေးချယ်တင်မြှောက်ပွဲ အခမ်းအနားကို ယမန်နေ့က လှိုင်သာယာရောင်းဝယ်ရေးသမဝါယမအသင်းရုံးခန်းမ၌ ကျင်းပသည်။

ဦးစွာ လှိုင်သာယာရောင်းဝယ်ရေးသမဝါယမအသင်းလီမိတက် အသင်းဥက္ကဋ္ဌ ဦးမောင်ဝင်းက အမှာစကားပြောကြားပြီး အသင်းတာဝန်ရှိသူများက ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်ချက်များနှင့် ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းများကို ကဏ္ဍအလိုက်ဆွေးနွေးကြသည်။

ဆက်လက်၍ မြို့နယ်သမဝါယမဦးစီးဌာနမှ ဦးစီးအရာရှိ ဦးစိုးမင်းသန့်က သဘာပတိအဖြစ် ဆောင်ရွက်ပြီး သမဝါယမအသင်း ဥပဒေ၊ နည်းဥပဒေနှင့်အညီစိစစ်ရွေးချယ်ကာ အသင်းသားအားလုံး၏ အတည်ပြုချက်ရယူ၍ အမှုဆောင်များကိုရွေးချယ်တင်မြှောက်ခဲ့သည်။ ထို့နောက် အသင်းသား ၉၀ တို့အား အစုအပေါ်အမြတ်များနှင့် လက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**ဇော်ဇော်နိုင်(ပြန်/ဆက်)**

# တစ်သျှူးငှက်ပျောစိုက်ပျိုးရေးလုပ်ငန်းမှ လူငယ်များအတွက် အလုပ်အကိုင် အခွင့်အလမ်းများစွာ ဖော်ဆောင်ပေး

**ကျောက်ဆည် ဩဂုတ် ၂၃**

လူငယ်များ အလုပ်အကိုင် အခွင့်အလမ်း တိုးတက်ရရှိရေး အတွက် မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ် ဓာတ်တော ကျေးရွာ၌ တစ်သျှူးငှက်ပျော စိုက်ပျိုးရေး လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက် နေမှုကို လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ မောင်သင်းသည် ကျောက်ဆည် တက္ကသိုလ်ပါမောက္ခချုပ်၊ ဘွဲ့လွန် ပညာ သင်ကြားလျက်ရှိသော ကျောင်းသား ကျောင်းသူများနှင့် အတူ ကြည့်ရှုအားပေးသည်။

ဦးစွာ တစ်သျှူးငှက်ပျော စိုက်ပျိုးသည့် ဘိုမြင့်သူကုမ္ပဏီ အထွေထွေမန်နေဂျာက လက်ရှိ စိုက်ပျိုးထားသည့် တစ်သျှူး ငှက်ပျောမျိုးများ အကြောင်း၊ စိုက်ပျိုးနည်းစနစ်၊ အပင်ပြုစုခြင်း နှင့် ဈေးကွက်ရွေးချယ်ရောင်းချ သည့်နည်းစနစ်များကို ရှင်းလင်း ပြောကြားပြီး ဇီဝနည်းပညာ သုတေသနဦးစီးဌာန ဒုတိယ ညွှန်ကြားရေးမှူးချုပ်(တာဝန်ခံ) က လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေး အတွက် ဆောင်ရွက်လျက်ရှိသည့် သုတေသနလုပ်ငန်းများ၊ ဖွင့်လှစ် ပေးလျက်ရှိသည့် သင်တန်းများနှင့် လွှဲပြောင်းပေးအပ်ခဲ့သည့် သုတေ သနများနှင့်စပ်လျဉ်း၍ ရှင်းလင်း ပြောကြားသည်။



ဆက်လက်၍ ပြည်ထောင်စု ဝန်ကြီးက စိုက်ပျိုးရေး၊ မွေးမြူရေး လုပ်ငန်းများ ပိုမိုတိုးတက်အောင်မြင် ရေး၊ နည်းပညာတတ်ကျွမ်းသည့် လူငယ်များနှင့်ပေါင်းစပ်၍ အလုပ် အကိုင် အခွင့်အလမ်းတိုးတက်ရရှိ ရေး လက်တွဲဆောင်ရွက်ရန် အမှာ စကားပြောကြားပြီး ကုမ္ပဏီသို့ စိုက်ပျိုးရေး သွင်းအားစုများ ပေးအပ်ကာ တစ်သျှူးငှက်ပျော စိုက်ခင်းကို ကြည့်ရှုလေ့လာသည်။

အလားတူ ကျောက်ဆည်မြို့ လမ်းဦးစီးရိပ်သာ အစည်းအဝေး ခန်းမ၌ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်၊ အမျိုးသား လွှတ်တော် ကိုယ်စားလှယ်၊ တိုင်းဒေသကြီး လွှတ်တော် ကိုယ်စားလှယ်၊ ခရိုင်/မြို့နယ်စီမံ ခန့်ခွဲရေးနှင့် အုပ်ချုပ်ရေး ကော်မတီ ဥက္ကဋ္ဌများ၊ လူငယ်ဖွံ့ဖြိုးရေး လုပ်ငန်းများနှင့် သက်ဆိုင်သည့် တက္ကသိုလ်များ၊ ကျောင်းများ၊ ဌာန ဆိုင်ရာများနှင့်တွေ့ဆုံ၍ လူငယ် ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်း များ ဆောင်ရွက်နိုင်ရန် မှာကြား ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ကယားပြည်နယ်အစိုးရအဖွဲ့အနေဖြင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ အောင်မြင်အောင် ဆောင်ရွက်နိုင်ရန် ဒေသခံပြည်သူများနှင့် တွေ့ဆုံ

**လွိုင်ကော် ဩဂုတ် ၂၃**

ကယားပြည်နယ် အစိုးရအဖွဲ့ အနေဖြင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်း များ အောင်မြင်အောင် ဆောင်ရွက် နိုင်ရန်နှင့် ပြည်သူများ၏ လိုအပ် ချက်များ ဖြည့်ဆည်းပေးနိုင်ရန် အတွက် ယနေ့နံနက်ပိုင်းက လောပိတစံပြကျေးရွာ ခန်းမ၌ မထောခူကျေးရွာအုပ်စု ဇရပ်ဖြူ ဝမ်ကွန်၊ မထောခူအပေါ်၊ မထောခူ အောက်၊ ရေနီကန်၊ လောလာလိ၊ ပိုးစာခြံနှင့် လောပိတကျေးရွာနေ ပြည်သူများနှင့် တွေ့ဆုံရာ ပြည်သူ များက မိမိတို့ကျေးရွာအလိုက် လိုအပ်ချက်များ ဖြည့်ဆည်းပေး ရန် တင်ပြခဲ့ကြောင်း သိရသည်။



**ရှင်းလင်းပြောကြား**

တွေ့ဆုံစဉ် ပြည်နယ်ဝန်ကြီး ချုပ်က ပြည်နယ်အစိုးရအဖွဲ့နှင့် လွှတ်တော် ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာများအားလုံး ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျရာ အခန်းကဏ္ဍမှ တာဝန်ယူဆောင် ရွက်လျက်ရှိပါကြောင်း၊ ရပ်ရွာ ဖွံ့ဖြိုးတိုးတက်မှုသည် တည်ငြိမ် အေးချမ်းမှုနှင့် တိုက်ရိုက်အချိုးကျ သည့်အတွက် ပြည်နယ်အတွင်း တည်ငြိမ်အေးချမ်းမှု ရှိစေရေး အတွက် အားလုံးပူးပေါင်း ပါဝင် ဆောင်ရွက်ရန် လိုအပ်ပါကြောင်း ပြောကြားပြီး စိုက်ပျိုးရေး၊ မွေးမြူ ရေး၊ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေးစသည့် ကဏ္ဍများတွင် လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက် လျက်ရှိသည့် အခြေအနေများ၊ လူငယ်ရေးရာကဏ္ဍဖွံ့ဖြိုးတိုးတက် ရေးနှင့် မူးယစ်ဆေးဝါးတားဆီး နှိမ်နင်းရေး ဆောင်ရွက်နေမှုများ ကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ပြည်နယ် လွှတ်တော်ဥက္ကဋ္ဌက ပြည်နယ် လွှတ်တော်၏ဆောင်ရွက်နေသည့် လုပ်ငန်းများကို ရှင်းလင်းပြော ကြားပြီး တက်ရောက်လာသည့် ပြည်သူများက မိမိတို့ကျေးရွာ အလိုက် လိုအပ်ချက်များ၊ ဖြည့်ဆည်းပေးရန်များကို တင်ပြ ၍ ပြည်နယ်အဆင့် ဌာနဆိုင်ရာ များက လက်ရှိဆောင်ရွက်ပေးနေ သည့် လုပ်ငန်းများ၊ ဆက်လက် ဆောင်ရွက်မည့် လုပ်ငန်းများနှင့် ကွင်းဆင်းဆောင်ရွက်မည့် အခြေ အနေများကို ရှင်းလင်းပြောကြား ကြရာ ပြည်နယ်ဝန်ကြီးချုပ်က တင်ပြမှုများအပေါ် ဆောင်ရွက် ပေးနိုင်မည့် အခြေအနေများကို ပြန်လည် ရှင်းလင်းပြောကြားပြီး သက်ဆိုင်ရာဌာနတာဝန်ရှိသူများ နှင့် လိုအပ်သည်များ ပေါင်းစပ် ညှိနှိုင်းပေးကာ နိဂုံးချုပ်အမှာ စကားပြောကြားသည်။

တွေ့ဆုံပွဲသို့ပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌ၊ ပြည်နယ်ဝန်ကြီး များနှင့် လွှတ်တော်သုံးရပ်မှ ကိုယ်စားလှယ်များ တက်ရောက် ခဲ့ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

# ကွမ်းခြံကုန်းမြို့နယ်၌ ကျေးလက်ဒေသဖွံ့ဖြိုးရေး ခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်း ကျင်းပ

**ကွမ်းခြံကုန်း ဩဂုတ် ၂၃**

ရန်ကုန်တိုင်းဒေသကြီး ကွမ်းခြံကုန်းမြို့နယ် ဆူးကလပ်ကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ကျေးလက်ဒေသဖွံ့ဖြိုးရေးခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်းကို ယမန်နေ့နံနက်ပိုင်းက ကျင်းပသည်။

ပြည်သူ့စကားဝိုင်း ကျင်းပရာတွင် မြို့နယ်မွေးမြူရေးနှင့် ကုသရေး ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာကြည်လင်းစိုး က အသားကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအကြောင်းအရာများ၊ မြို့နယ် သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဒေါ်စန်းယုမွန်က သမဝါယမစနစ်ကို အခြေခံ၍ စုပေါင်းဆောင်ရွက်သည့် စနစ်ကျသောစိုက်ပျိုးရေးစနစ် (CBFP)စီမံကိန်းအကြောင်းအရာများ၊ မြို့နယ်ကျေးလက်ဖွံ့ဖြိုးတိုးတက် ရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်စုသီတာလင်းက ကျေးလက်ဒေသဖွံ့ဖြိုးရေးအကြောင်းအရာများနှင့် မြို့နယ်စိုက်ပျိုးရေး ဦးစီးဌာန ဒုတိယဦးစီးမှူး ဦးတင်လေးက တစ်ကေပန်းတိုင်အထွက်နှုန်း ရရှိဖို့ မျိုးကောင်းမျိုးသန့်မျိုးစေ့ထုတ်လုပ်စို့ အကြောင်းအရာများကို ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

**ဆွေနွယ်(ပြန်/ဆက်)**



# ငဝန်တာ တာတမံနိမ့်ကျမှုဖြစ်ပေါ်ခဲ့မှုအပေါ် ရေတိုက်စားမှုကာကွယ်ခြင်းနှင့် ရေစီးလမ်းကြောင်းပိတ်ဆို့ကာကွယ်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှု ညှိနှိုင်းဆောင်ရွက်

**နေပြည်တော် ဩဂုတ် ၂၃**

ငဝန်မြစ်ရေ ပေ ၃၀ အောက်သို့ ကျဆင်းလာသည်နှင့်အမျှ Geo Bag အိတ်ကြီးများချခြင်း၊ နိုင်လွန်ကြိုးပိုက် များဖြင့် ထုပ်ပြီး သဲအိတ်တွဲများချခြင်း၊ ရေယာဉ်တွဲများ၊ Split Berge ရေယာဉ် ကြီးများဖြင့် Geo Bag အိတ်ကြီးများအား ရေနက်အိုးနှင့် ရေစီးကြောင်းများအတွင်း



ရေအောက်ကြမ်းပြင် မြင့်တက်လာစေရန် ချခြင်း၊ Stand Pipe နှင့် Steel Sheet Pile များကို Scour ခံနိုင်ရည်ရှိရန် ရိုက်သွင်း ခြင်း၊ Jumbo Bags အိတ်များ ချခြင်း၊ သောင်တူးစက်နှင့် သဲမှုတ်ခြင်း၊ Gabion ကျောက်ထုပ်တွဲများချခြင်း၊ CB တွဲချခြင်း နှင့် မြစ်ကြောင်းမှ သဲနုန်းများကို သောင်တူး သင်္ဘောများဖြင့် လိုအပ်သော နေရာများ သို့ ဖို့ခြင်း၊ Geo Tube များ ချခြင်းတို့ကို သက်ဆိုင်ရာဌာနမှ တာဝန်ရှိသူများ၊ နည်း ပညာကျွမ်းကျင်သူများ၊ ကျွမ်းကျင် လုပ်သားများ၊ ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့နှင့်အတူ ပေါင်းစပ်ညှိနှိုင်း၍ အရှိန်အဟုန်မပျက် ဆက်လက်ဆောင် ရွက်သွားရန် ကြိုးပမ်းလျက်ရှိသည်။

ယနေ့နံနက်ပိုင်းတွင် အဆိုပါလုပ်ငန်း ခွင်သို့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်သည် ဧရာဝတီ တိုင်းဒေသကြီး စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေး ဝန်ကြီး ဦးကျော်ထွန်းဇော်နှင့်အတူ ကြည့်ရှု စစ်ဆေး၍ လက်ရှိငဝန်မြစ်ရေမှတ်၊ ရေထု စီးနှုန်း လျော့နည်းကျဆင်းလာမှုနှင့် ကိုက်ညီ၍ လုပ်ငန်းများ အရှိန်အဟုန်မြှင့် ဆောင်ရွက်နိုင်ရေး ဝိုင်းဝန်းညှိနှိုင်း ဆွေးနွေးကြီးကြပ်စီမံ ဆောင်ရွက်ခဲ့သည်။

လုပ်ငန်းခွင်တွင် ဒုတိယဝန်ကြီးက ရေအောက်ကြမ်းပြင် မြင့်တက်လာစေ ရန် ဆောင်ရွက်နိုင်ရေး၊ ရေအောက် ကြမ်းပြင် ရေတိုက်စားမှုသက်သာစေရန် Geo Bags အိတ်များချခြင်း၊ Geo Textile အစများခင်းခြင်း၊ ရေလမ်းကြောင်း ထိန်းခြင်းများ ဆောင်ရွက်ရေး၊ အမြန်ဆုံး ရေစီးဝင်မှု ပိတ်ဆို့ကာကွယ်နိုင်ရေး၊ လက်ရှိ ငဝန်မြစ်၏ ရေမြင့်အမှတ်၊ ရေထုစီးနှုန်း ဆက်လက်ကျဆင်းနိုင်သည့် အခြေအနေ များကြောင့် ရေတိုက်စားမှု ကာကွယ်ခြင်း လုပ်ငန်းနှင့် ရေစီးလမ်းကြောင်းပိတ်ဆို့ ကာကွယ်ခြင်းလုပ်ငန်းများကို အရှိန် အဟုန်မြှင့် ဆောင်ရွက်နိုင်ရေး ညှိနှိုင်း ဆွေးနွေးမှာကြားသည်။

ထို့ပြင် ဟသ်ာတမြို့ ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန အစည်း အဝေးခန်းမ၌ ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယ ဝန်ကြီးနှင့် ညွှန်ကြားရေးမှူးချုပ်များ သည် ငဝန်တာ တာတမံနိမ့်ကျမှုဖြစ်ပေါ် ခဲ့မှုအပေါ် မြေပြင်ဖြစ်ပေါ်နေသည့်အနေ အထားရ လုပ်ငန်းဆောင်ရွက်နေသည့် အခြေအနေများ၊ ဆက်လက်ဆောင်ရွက် မည့် အခြေအနေများစသည့် ရေတိုက်စား မှုကာကွယ်ခြင်းနှင့် ရေစီးလမ်းကြောင်း ပိတ်ဆို့ကာကွယ်ခြင်း လုပ်ငန်းများ ဆောင်ရွက်နေမှုများနှင့် ပတ်သက်၍ ညှိနှိုင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# တစ်ပတ်အတွင်း သတင်းအနှစ်ချုပ်

**စာတည်းအဖွဲ့**

ဩဂုတ် ၁၇ ရက်မှ ၂၃ ရက်အတွင်း ကြေးမုံသတင်းစာတွင်ဖော်ပြခဲ့သည့် သတင်းများအနက် နိုင်ငံတကာဆက်ဆံရေး၊ သံတမန်ဆက်ဆံရေး၊ စီးပွားရေး၊ ကုန်သွယ်ရေး၊ သယ်ယူပို့ဆောင်ရေး၊ အွန်လိုင်းလိမ်လည်မှုတိုက်ဖျက်ရေး၊ စက်မှုနှင့်စွမ်းအင်၊ ရှေးဟောင်းအမွေအနှစ်၊ လူမှုစီးပွား၊ အားကစားနှင့် မှုခင်း စသည့်သတင်းများကိုစုစည်း၍ တစ်ပတ်အတွင်း သတင်းအနှစ်ချုပ်အဖြစ် ဖော်ပြလိုက်ပါသည်။

## နိုင်ငံတကာ ဆက်ဆံရေး

ရုရှားသမ္မတ ဗလာဒီမာပူတင်၏ ဖိတ်ကြားချက်အရ နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်သည် ရုရှားနိုင်ငံသို့ တရားဝင်ခရီးစဉ်အဖြစ် နေပြည်တော်မှ ဩဂုတ် ၁၇ ရက်တွင် ထွက်ခွာခဲ့သည်။ လမ်းခရီးတွင် အိန္ဒိယနိုင်ငံ ဂျေပူရ်မြို့နှင့် ကာဇက်စတန်နိုင်ငံ အာမတီမြို့တို့တွင် ခေတ္တဝင်ရောက်ရပ်နားခဲ့ပြီး ဒေသတွင်းအစိုးရအဖွဲ့ဝင်များနှင့်တွေ့ဆုံကာ နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့သည်။

ဩဂုတ် ၁၈ ရက်တွင် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်သည် ရုရှားသမ္မတ ဗလာဒီမာပူတင်နှင့် ကရင်မလင်နန်းတော်တွင် သီးခြားတွေ့ဆုံဆွေးနွေးခဲ့သလို ရုရှားဝန်ကြီးချုပ်၊ ဒူးမားလွှတ်တော်ဥက္ကဋ္ဌတို့နှင့်လည်း သီးခြားစီ တွေ့ဆုံဆွေးနွေးခဲ့သည်။ တွေ့ဆုံမှုများအတွင်း နှစ်နိုင်ငံအကြား လျှပ်စစ်စွမ်းအား၊ ရေနံနှင့် သဘာဝဓာတ်ငွေ့၊ ဒီဂျစ်တယ်နည်းပညာ၊ အာကာသနှင့် ယဉ်ကျေးမှုကဏ္ဍများအပါအဝင် နားလည်မှုစာချွန်လွှာ စုစုပေါင်း ၁၂ ခုကို လက်မှတ်ရေးထိုးလဲလှယ်ခဲ့ကြသည်။

ရုရှားဖက်ဒရေးရှင်းနိုင်ငံ ခရီးစဉ်အပြီးတွင် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်သည် ဘယ်လာရုစ်နိုင်ငံသမ္မတ၏ ဖိတ်ကြားချက်အရ ဘယ်လာရုစ်သမ္မတနိုင်ငံ မင့်စ်မြို့သို့ ဩဂုတ် ၂၀ ရက်တွင် ရောက်ရှိခဲ့သည်။ ထိုနေ့တွင်ပင် ဘယ်လာရုစ်နိုင်ငံ ဝန်ကြီးချုပ် H.E. Mr. Alexander Turchin နှင့်တွေ့ဆုံကာ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေးဆိုင်ရာများကို ဆွေးနွေးခဲ့သည်။

ဘယ်လာရုစ်နိုင်ငံသို့ ရောက်ရှိနေသည့် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်သည် ဘယ်လာရုစ်သမ္မတ မစ္စတာ အလက်ဇန္ဒားလူကာရှန်ကိုနှင့်တွေ့ဆုံခဲ့ပြီး နှစ်နိုင်ငံအကြား ကူးသန်းရောင်းဝယ်ရေးဆိုင်ရာ ဥပဒေရေးရာ အပြန်အလှန်အကူအညီပေးရေး၊ အာကာသနည်းပညာ၊ ရွှေးကောက်ပွဲကော်မရှင်ချင်း ပူးပေါင်းဆောင်ရွက်ရေးအပါအဝင် သဘောတူညီချက်နှင့် နားလည်မှုစာချွန်လွှာ ၉ ခုကို ဩဂုတ် ၂၁ ရက်တွင် လက်မှတ်ရေးထိုးလဲလှယ်ခဲ့ကြသည်။

## သံတမန်ဆက်ဆံရေး

ဘယ်လာရုစ်သမ္မတနိုင်ငံ မင့်စ်မြို့ရှိ သံတမန်ခန်းမ၌ ဘယ်လာရုစ်သမ္မတနိုင်ငံဆိုင်ရာ မြန်မာသံရုံးဖွင့်ပွဲအခမ်းအနားကို ဩဂုတ် ၂၁ ရက် ညနေပိုင်းတွင် ကျင်းပခဲ့ပြီး နိုင်ငံတော်သမ္မတကိုယ်တိုင် ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့သည်။

## စီးပွားရေး

ရုရှားနိုင်ငံ မော်စကိုမြို့ရှိ G.V. Plekhanov စီးပွားရေးတက္ကသိုလ်၌ ရုရှား-မြန်မာ စီးပွားရေးဖိုရမ်ကို ဩဂုတ် ၁၉ ရက်တွင် ကျင်းပခဲ့ရာ နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် တက်ရောက်၍ နှစ်နိုင်ငံကုန်သွယ်မှု၊ ရင်းနှီးမြှုပ်နှံမှုနှင့် စွမ်းအင်၊ စိုက်ပျိုးရေး၊ နည်းပညာ စသည့်ကဏ္ဍစုံတွင် မဟာဗျူဟာမြောက် စီးပွားရေးမိတ်ဖက်အဖြစ် ပိုမိုတိုးမြှင့်ပူးပေါင်းဆောင်ရွက်ရန် အဖွင့်အမှာစကားပြောကြားခဲ့ပြီး ၎င်းတက္ကသိုလ်မှ အပ်နှင်းသည့် ဂုဏ်ထူးဆောင်ပါမောက္ခဘွဲ့ကိုလည်း လက်ခံရယူခဲ့သည်။

ထို့ပြင် မင့်စ်မြို့ရှိ President ဟိုတယ်၌ ဩဂုတ် ၂၀ ရက် နံနက်ပိုင်းတွင် မြန်မာ-ဘယ်လာရုစ် စီးပွားရေးဖိုရမ်ကို ကျင်းပခဲ့ရာ နိုင်ငံတော်သမ္မတ တက်ရောက်၍ နှစ်နိုင်ငံကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်းများကို ဆွေးနွေးပြောကြားခဲ့သည်။

## ကုန်သွယ်ရေး

ဩဂုတ် ၁၆ ရက်သတင်းအရ မြန်မာနိုင်ငံမှ ဖိလစ်ပိုင်နိုင်ငံသို့ စတင်တင်ပို့သည့် GW-11 ဆန်သည် အရည်အသွေးကောင်းမွန်မှုကြောင့် အဝယ်လိုက်နေပြီး ဈေးအမြင့်ဆုံးရရှိနေသည်။ ဖိလစ်ပိုင်ဈေးကွက်တွင် ထိုင်းနိုင်ငံက ဆန်တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၄၈၀ ရရှိချိန်တွင် မြန်မာနိုင်ငံက ဒေါ်လာ ၅၈၀ အထိ ရရှိနေခြင်းဖြစ်သည်။

## သယ်ယူပို့ဆောင်ရေး

ယာဉ်ပြင်ဆင်ထိန်းသိမ်းစရိတ် မြင့်မားလာမှုကြောင့် စက်တင်ဘာ ၁ ရက်မှစတင်ကာ ဝိုင်ဘီအက်စ် (YBS) ယာဉ်စီးခများ တိုးမြှင့်ကောက်ခံသွားမည်ဟူသော ကြေညာချက်အား ရန်ကုန်တိုင်းဒေသကြီး ပုဂ္ဂလိကသယ်ယူပို့ဆောင်ရေးကြီးကြပ်မှုကော်မတီ (YRTC) က ဩဂုတ် ၁၆ ရက်တွင် ပြန်လည်ပယ်ဖျက်လိုက်သည်။ နိုင်ငံတော်က ပြည်သူများအပေါ် ဝန်ထုပ်ဝန်ပိုးမဖြစ်စေရန်နှင့် အခက်အခဲမရှိစေရန်အတွက် ယခုကဲ့သို့ ပြန်လည်ပယ်ဖျက်ပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ထို့ပြင်တောင်ပြုံးပွဲတော်ကာလ ၁၀ ရက်အတွင်း ခရီးသွားလာမှုအဆင်ပြေစေရန် သူရဲဈေးဘူတာနှင့် တောင်ပြုံးဘူတာအကြား ရထားတွဲ ရှစ်တွဲဖြင့် ဩဂုတ် ၁၈ ရက်မှစ၍ နေ့စဉ်ပြေးဆွဲပေးနေပြီး လက်မှတ်တစ်စောင်လျှင် ကျပ် ၁၀၀၀ နှုန်း သတ်မှတ်ထားသည်။

## အွန်လိုင်းလိမ်လည်မှုတိုက်ဖျက်ရေး

ကရင်ပြည်နယ် မြဝတီမြို့နယ် မင်းလက်ပံကျေးရွာအနီးရှိ အွန်လိုင်းလိမ်လည်မှုနှင့် လောင်းကစားပြုလုပ်ရာနေရာများကို တပ်မတော်စစ်ကြောင်းများက ဩဂုတ် ၁၇ ရက်တွင် ဝင်ရောက်စီးနင်းခဲ့သည်။ တရားမဝင်ဆောက်လုပ်ထားသော လူနေအဆောက်အအုံ ရှစ်လုံးကို ဖောက်ခွဲဖျက်ဆီးခဲ့ပြီး သိမ်းဆည်းရမိထားသည့် ကွန်ပျူတာနှင့်ဖုန်းများကိုလည်း မီးရှို့ဖျက်ဆီးခဲ့သည်။ ဤဖြစ်စဉ်တွင် အကာအကွယ်ပေးနေသည့် အကြမ်းဖက်သောင်းကျန်းသူများနှင့် တိုက်ပွဲခုနစ်ကြိမ် ဖြစ်ပွားခဲ့ပြီး လက်နက်ခဲယမ်းများလည်း သိမ်းဆည်းရမိခဲ့သည်။

ထို့ပြင် မြဝတီမြို့နယ်အတွင်းသို့ တရားမဝင် ဝင်ရောက်လာပြီး အွန်လိုင်းလိမ်လည်မှုနှင့် ဒုစရိုက်လုပ်ငန်းများတွင်ပါဝင်သူ ပြည်ပနိုင်ငံသားများကို စစ်ဆေးဖော်ထုတ်ခဲ့ရာ ၂၀၂၅ ခုနှစ် ဇန်နဝါရီလမှ ယခုအထိ စုစုပေါင်း ၁၄၇၆၄ ဦးကို ထိန်းသိမ်းနိုင်ခဲ့ပြီး ၎င်းတို့အနက်မှ ၁၃၈၂၀ ကို သက်ဆိုင်ရာနိုင်ငံများသို့ စနစ်တကျ ပြန်လည်လွှဲပြောင်းပေးခဲ့သည်။

## စက်မှုနှင့်စွမ်းအင်

အများပြည်သူသို့ လျှပ်စစ်မီးပိုမိုဖြန့်ဖြူးပေးနိုင်ရန်အတွက် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ စက်မှုလုပ်ငန်းကြီးများအနေဖြင့် နေ့ခင်းပိုင်း ဓာတ်အားသုံးစွဲမှုကို ညပိုင်း (ည ၁၁ နာရီမှ နံနက် ၅ နာရီ) သို့ ပြောင်းလဲသုံးစွဲပါက ဓာတ်အားခကို တစ်ယူနစ်လျှင် ၉၀၀ ကျပ်မှ ၆၀၀ ကျပ်သို့ လျှော့ချပေးမည်ဖြစ်ကြောင်း လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနက ဩဂုတ် ၁၆ ရက်တွင် အသိပေးထုတ်ပြန်ထားသည်။

## ရှေးဟောင်းအမွေအနှစ်

မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ်၌ နှစ်ပေါင်း ၁၀၀ ကျော် သက်တမ်းရှိ ဦးပိန်တံတားနှင့် ပြင်ဦးလွင်မြို့ရှိ သဇင်မြိုင်အဆောက်အအုံတို့အား ရှေးဟောင်းမြို့ပြအမွေအနှစ် အမှတ်အသားအဖြစ် ကမ္ပည်းမော်ကွန်းကြေးပြားများကို ဩဂုတ် ၂၀ ရက်တွင် တပ်ဆင်ခဲ့သည်။

## လူမှုစီးပွား

ထိုင်းနိုင်ငံရှိ အထောက်အထားမပြည့်စုံသည့် မြန်မာရွှေ့ပြောင်းအလုပ်သမား ၄၂၉၁၉၂ ဦးကို မည်သူမည်ဝါဖြစ်ကြောင်း သက်သေခံလက်မှတ် (CI) ထုတ်ပေးနိုင်ခဲ့ကြောင်း အလုပ်သမားဝန်ကြီးဌာနက ဩဂုတ် ၂၁ ရက်တွင် ထုတ်ပြန်သည်။

ထို့ပြင် တာဝန်ကျေပွန်စွာထမ်းဆောင်ခဲ့သည့် ပြည်သူ့စစ်မှုထမ်းများအတွက် အစိုးရဌာနများနှင့် ပုဂ္ဂလိကကဏ္ဍတို့တွင် အလုပ်အကိုင်အခွင့်အလမ်းများရရှိစေရန် စီမံခန့်ခွဲမှုကော်မတီမှ ဆောင်ရွက်ပေးနေကြောင်း ဩဂုတ် ၂၃ ရက်တွင် အသိပေးထုတ်ပြန်ထားသည်။

## အားကစား

ကမ္ဘောဒီးယားနိုင်ငံ၌ ကျင်းပလျက်ရှိသော Badminton Asia Southeast Asia Regional Championships 2026 ပြိုင်ပွဲတွင် ဩဂုတ် ၁၉ ရက်အထိ သတင်းများအရ မြန်မာ့လူငယ်လက်ရွေးစင် ကြက်တောင်အသင်းသည် အသင်းလိုက်ချန်ပီယံ ရွှေတံဆိပ် သုံးဆုကို ထိုက်ထိုက်တန်တန် ဆွတ်ခူးနိုင်ခဲ့သည်။

## မှုခင်း

ဩဂုတ် ၁၂ ရက်မှ ၁၅ ရက်အတွင်း မကွေးတိုင်းဒေသကြီး မင်းလှမြို့နယ်နှင့် မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ်တို့တွင် စုစုပေါင်း ငွေကျပ် ၃၆ ဒသမ ၂၂၅ ဘီလီယံတန်ဖိုးရှိ စိတ်ကြွဆေးပြား ၂၄ သန်းကျော်ကို သိမ်းဆည်းရမိခဲ့သည်။ ထိုမူးယစ်ဆေးဝါးများကို ရှမ်းပြည်နယ်မှ ရခိုင်ပြည်နယ်သို့ သယ်ဆောင်ရောင်းဝယ်ခြင်းဖြစ်ပြီး တရားခံ ခုနစ်ဦး ဖမ်းဆီးရမိကာ ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေဖြင့် ဆက်လက်အရေးယူဆောင်ရွက်နေသည်။

---

# ဗိုလ်တထောင်ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော်၌ (၁၁)ကြိမ်မြောက် ဒါနဥပပါရမီ စုပေါင်းမေတ္တာသွေးလှူဒါန်းပွဲ ကျင်းပ

ရန်ကုန် ဩဂုတ် ၂၃

(၁၁)ကြိမ်မြောက် ဒါနဥပပါရမီ စုပေါင်းမေတ္တာသွေးလှူဒါန်းပွဲကို ယနေ့ နံနက် ၉ နာရီတွင် ဗိုလ်တထောင် ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော် ဆိပ်ကမ်းလုပ်သားပေါင်းစုံဓမ္မာရုံ၌ ကျင်းပရာ ဗိုလ်တထောင်ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော်အလှည့်ကျသဘာပတိ ဂေါပကအဖွဲ့ဝင် ဦးစိန်သန်းက သွေးလှူဒါန်းပွဲ ကျင်းပရခြင်းနှင့်စပ်လျဉ်း၍ ပြောကြားကာ ရန်ကုန်ဆေးရုံကြီး အမျိုးသားသွေးလှူ ဌာနမှ တာဝန်ခံဆရာဝန်ဒေါက်တာ နွယ်နွယ်ဦးက သွေးလှူဒါန်းရခြင်းနှင့် ပတ်သက်၍ ရှင်းလင်း ပြောကြားသည်။



ဆက်လက်၍ သွေးလှူဒါန်းကြမည့် စေတီတော်ဂေါပကရုံးမှ ဝန်ထမ်းများနှင့် ဘုရားဖူးလာ သွေးအလှူရှင် ပြည်သူများအား အမျိုးသားသွေးလှူဌာနမှ တာဝန်ခံဆရာဝန်များနှင့် ကျန်းမာရေးဝန်ထမ်းများက သွေးအမျိုးအစားခွဲပေးခြင်း၊ ကျန်းမာရေးဆိုင်ရာများစစ်ဆေးပေးခြင်းတို့ကို ကူညီဆောင်ရွက်ပေးကြသည်။

**ပေးအပ်လှူဒါန်း**

ထို့ပြင် ဂေါပကအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများက ဂေါပကရုံးဝန်ထမ်းများနှင့် ဘုရားဖူးလာသွေးအလှူရှင်များက သွေးလှူဒါန်းနေမှုကို ကြည့်ရှုအားပေးကြပြီး သွေးလှူဒါန်းကြသည့် သွေးလှူရှင်များအား ထီး၊ အအေး၊ ကြက်ဥ၊ နွားနို့ စသည့် အာဟာရအစားအစာများ၊ အမျိုးသားသွေးလှူဌာနမှ သံဓာတ်အားဆေးစသည်တို့ကို ပေးအပ်လှူဒါန်းကြသည်။

ဗိုလ်တထောင်ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့က ကြီးမှူး၍ ဂေါပကအဖွဲ့ရုံးဝန်ထမ်းများနှင့် ဘုရားဖူးလာပြည်သူများက ဒါနဥပပါရမီ စုပေါင်းမေတ္တာ သွေးလှူဒါန်းပွဲကို ပထမအကြိမ်မှ ဒသမအကြိမ်အထိ ကျင်းပရာ သွေးအလှူရှင်များ၏ စုစုပေါင်း သွေးအိတ် ၁၁၇၀ ကို သွေးလှူဌာနသို့ ကုသိုလ်ပြုလှူဒါန်းနိုင်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

---

# မြောင်းမြမြို့၌ လူငယ်စကားဝိုင်းကျင်းပ



မြောင်းမြ ဩဂုတ် ၂၃

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့တွင် လူငယ်စကားဝိုင်းကို ဩဂုတ် ၁၈ ရက်က စိုက်ပျိုးရေးနှင့်မွေးမြူရေးသိပ္ပံကျောင်း၌ ကျင်းပသည်။

အခမ်းအနားတွင် မြောင်းမြမြို့ စိုက်ပျိုးရေးနှင့် မွေးမြူရေးသိပ္ပံကျောင်းအုပ်ဆရာမကြီး ဒေါ်အေးအေးမြင့်က အမှာစကားပြောကြားပြီး မြောင်းမြခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်နန်းနွဲ့သိင်္ဂီက လူငယ်စကားဝိုင်းကျင်းပရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ စိုက်ပျိုးရေးနှင့်မွေးမြူရေးသိပ္ပံကျောင်းမှ ကျောင်းသားကျောင်းသူများက ခေတ်လူငယ်နှင့်နည်းပညာ၊ လူငယ်နှင့်ပညာ၊ လူငယ်နှင့်ဝီရိယ၊ လူငယ်နှင့်လေးစားအပ်သောဆရာများ စသည့်ခေါင်းစဉ်တို့ဖြင့် ဆွေးနွေးခဲ့ကြောင်း သိရသည်။ **ဇေယျာ(ပြန်/ဆက်)**

# ကျုံပျော်ခရိုင်အတွင်းရှိ မြို့နယ်များမှ ရေဘေးသင့်ပြည်သူများအား ရှာဖွေကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိ



ပုသိမ် ဩဂုတ် ၂၃

ဧရာဝတီ တိုင်းဒေသကြီး လေးမျက်နှာမြို့နယ်ရှိ ငဝန်တာ၏ အောက်ခံမြစ်ကျိုးအင်းသဲကြောမှ ထူးပေါက်၍ ရေဖြတ်သန်းစီးဆင်းမှုကြောင့် တာတမံနိမ့်ကျမှုဖြစ်ပွားကာ ရေကျော်စီးဝင်ပြီး ရေဘေးသင့်ခဲ့ရသည့် ကျုံပျော်ခရိုင်အတွင်းရှိ မြို့နယ်များမှ ရေဘေးသင့်ပြည်သူများအား ရှာဖွေကယ်ဆယ်ရေးနှင့်ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

အဆိုပါလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည့် ကျုံပျော်ခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီမှ တာဝန်ရှိသူများအား တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးအေးကျော်သည် ယနေ့နံနက်ပိုင်းတွင် ခရိုင်စုပေါင်းရုံး အစည်းအဝေးခန်းမ၌တွေ့ဆုံပြီး ရပ်ကွက်/ကျေးရွာများ ရေဝင်ရောက်မှု၊ ရေရှောင်စခန်းများ ဖွင့်လှစ်ထားရှိမှု၊ သီးနှံများရေလွှမ်းနစ်မြုပ်မှု၊ ရေဘေးသင့် ပြည်သူများအား ကူညီကယ်ဆယ်ရေး ပစ္စည်းများ လှူဒါန်းမှု၊ ဌာနဆိုင်ရာရုံးများ ရွှေ့ပြောင်းထားရှိမှု၊ ကားလမ်း၊ ရထားလမ်းများ ရေကျော်မှုနှင့် ရေဘေးသင့် ပြည်သူများအတွက် ဆန်လိုအပ်မှု အခြေအနေများကို ဆွေးနွေးသည်။

တွေ့ဆုံ ဆွေးနွေးပွဲအပြီးတွင် ကျုံပျော်မြို့နယ် အားကစားခန်းမနှင့် မဏိရတနာရာမပရိယတ္တိစာသင်တိုက်ရှိ ရေဘေးသင့်ပြည်သူများအား သွားရောက်တွေ့ဆုံအားပေးစကား ပြောကြားပြီး တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဒုတိယတိုင်းဦးစီးမှူး၏ ကျန်းမာရေးဆိုင်ရာ အသိပညာပေးဆွေးနွေးမှုကို ကြည့်ရှုအားပေးကာ ဆန်၊ ဆီ၊ ရေသန့်နှင့် စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်သည်။

အလားတူ ကျုံပျော်မြို့အဝင် မိုင်တိုင်အမှတ်(၃၈/၇) နှင့် (၃၉/၁) အကြားရှိ ကြာအင်းတံတား ရေကျော်စီးဝင်မှု၊ ရေကြည်မြို့နယ် စိမ်းလဲ့ရေကြည်ခန်းမ၌ ရေဘေးသင့်ပြည်သူများအတွက် ဆန်ရိက္ခာစုဆောင်းထားရှိမှု၊ ပုသိမ်-မုံရွာကားလမ်း မိုင်တိုင်အမှတ် (၁၉/၂-၁၉/၄) ရွှေကျောင်းကုန်းတံတား ရေစီးဆင်းနေမှု၊ ငသိုင်းချောင်းမြို့ ရေဘေးသင့်ပြည်သူများအတွက် The Spirit of Brotherhood Mission(TSBM) အသင်းအဖွဲ့က လှူဒါန်းသောရေသန့်စင်စက် တပ်ဆင်ထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး ရေကြည်မြို့နယ် မိုးလုံလေလုံအားကစားရုံ၌ ရေဘေးသင့်ပြည်သူများနှင့် တွေ့ဆုံအားပေးစကားပြောကြားကာ ဆန်၊ ဆီ၊ ရေသန့်နှင့် စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# သာယာဝတီမြို့နယ်၌ ကျေးလက်ဒေသဖွံ့ဖြိုးရေး ခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်းကျင်းပ

သာယာဝတီ ဩဂုတ် ၂၃

ပဲခူးတိုင်းဒေသကြီး သာယာဝတီမြို့နယ်၌ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနကကြီးမှူး၍ ကျေးလက်ဒေသဖွံ့ဖြိုးရေး ခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်းကို ဩဂုတ် ၂၂ ရက်က ကျွဲသတ်အုပ်စု အင်းရွာကျေးရွာ ဝိနယဓရဘုန်းတော်ကြီးကျောင်းတိုက်ဓမ္မာရုံ၌ ကျင်းပသည်။

ပြည်သူ့စကားဝိုင်းတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းဇော်ဦး၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးသိန်းဇော်တို့က ကျေးလက်ဒေသဖွံ့ဖြိုးရေးဆိုင်ရာ အကြောင်းအရာများ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဆန်းဟိုက စိုက်ပျိုးရေး၊ မွေးမြူရေး၊ လမ်းတံတားနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးအကြောင်းအရာများ၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှူး ဒေါက်တာအေးမင်းဇော်က မွေးမြူရေးနှင့် ကုသရေးဆိုင်ရာအကြောင်းအရာများ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်လေးလေးလွင်က ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းဆိုင်ရာများ၊ စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးနိုင်ဝင်းက စိုက်ပျိုးရေးလုပ်ငန်းများ၊ ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာန (ကျွဲသတ်) ကျန်းမာရေးမှူး ဒေါ်မိုးမိုးခိုင်က ကျန်းမာရေးဆိုင်ရာကိစ္စရပ်များ၊ စားသုံးသူရေးရာဦးစီးဌာနမှ မြို့နယ်တာဝန်ခံ ဒေါ်အေးသန္တာထွန်းက ကုန်အညွှန်းအမှတ်အသားအကြောင်းသိကောင်းစရာများ စသည်တို့ကို ရှင်းလင်းဆွေးနွေးပြီး တက်ရောက်လာသူများနှင့် အပြန်အလှန်မေးမြန်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သန့်ဇော်(ပြန်/ဆက်)**



# ဧရာဝတီတိုင်းဒေသကြီးအတွင်း မြို့နယ်ခြောက်မြို့နယ်ရှိ ရပ်ကွက် ၂၀ နှင့် ကျေးရွာအချို့ ရေဝင်ရောက်မှုဖြစ်ပွား၊ ကူညီကယ်ဆယ်ရေးနှင့် တားဆီးကာကွယ်ရေးလုပ်ငန်းများ အင်တိုက်အားတိုက် ဆက်လက်ဆောင်ရွက်ပေးလျက်ရှိ

နေပြည်တော် ဩဂုတ် ၂၃

ဧရာဝတီ တိုင်းဒေသကြီး လေးမျက်နှာမြို့နယ် အတွင်း ပြီးခဲ့သည့် ဇူလိုင် ၃၀ ရက် ညပိုင်းက မိုးသည်းထန်စွာရွာသွန်းမှုနှင့် မြစ်ရေ တိုက်စားမှုများကြောင့် ငဝန်မြစ်ရေကာတာ၏ အောက်ခံမြစ်ကျိုးအင်း သဲကြောမှ ထူးပေါက်၍ ရေဖြတ်သန်းစီးဆင်းမှု စတင်ဖြစ်ပွားခဲ့သည်။ အဆိုပါ ရေဝင်ရောက်မှုကြောင့် ယနေ့အထိ လေးမျက်နှာမြို့ပေါ် ရပ်ကွက်ငါးခုနှင့် ကျေးရွာအချို့အပြင် ဟင်္သာတ၊ ရေကြည်၊ ငသိုင်းချောင်း၊ ကျုံပျော်နှင့် ကျောင်းကုန်းမြို့နယ်များရှိ ရပ်ကွက် ၁၅ ခုနှင့် ကျေးရွာအချို့တို့တွင် ရေကြီးရေလျှံ မှုများ ဖြစ်ပွားလျက်ရှိသည်။

အဆိုပါဒေသများရှိရေဘေးသင့်ပြည်သူများအတွက် နိုင်ငံတော်အစိုးရ၏ လမ်းညွှန်မှုနှင့်အတူ ရေဘေးကယ်ဆယ်ရေးစခန်းများ ဖွင့်လှစ်ထားရှိပြီး အရေးပေါ် ကူညီ ကယ်ဆယ်နိုင်ရေးအတွက် အနောက်တောင်တိုင်း စစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုကူညီရေးအဖွဲ့များ၊ ပရဟိတအသင်းအဖွဲ့များနှင့် ဒေသခံတိုင်းရင်းသားများပူးပေါင်း၍ ရှာဖွေကူညီကယ်ဆယ်ပေးခြင်း၊ စားသောက်ဖွယ်ရာများ လိုက်လံပို့ဆောင်ပေးခြင်းနှင့် အရေးပေါ်ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ပေးလျက်ရှိသည်။

ထို့ပြင် ငဝန်ပန်းတာ ရေဝင်ရောက်မှုကို ထိန်းချုပ်ကာကွယ်နိုင်ရန်အတွက် နည်းပညာသုံး အင်ဂျင်နီယာဆိုင်ရာ တားဆီးမှုများဖြစ်သည့် Geobags သဲအိတ်ကြီးများချခြင်း၊ မျောတုတ်တန်းများအတွင်း သဲအိတ်များဖြည့်၍ ကာကွယ်ခြင်းနှင့် Steel Sheet Pile ရိုက်သွင်းခြင်း စသည့် ငဝန်ပန်းတာတမံ နိမ့်ကျနေရာများ ပြန်လည်ခိုင်မာရေး လုပ်ငန်းများကို စက်ယန္တရားများနှင့် လုပ်အားစုများအသုံးပြု၍ အင်တိုက်အားတိုက် အရှိန်အဟုန်မြှင့် ဆက်လက်ဆောင်ရွက်လျက်ရှိသည်။




အဆိုပါ ကူညီကယ်ဆယ်ရေးနှင့် ရေဝင်ရောက်မှု တားဆီးကာကွယ်ရေးလုပ်ငန်း ဆောင်ရွက်နေမှုများကို အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

# ရမည်းသင်းမြို့နယ်၌ စာဖတ်ရှိန်မြှင့်တင်ရေး လူငယ်စကားဝိုင်း ကျင်းပ

ရမည်းသင်း ဩဂုတ် ၂၃

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ စာဖတ်ရှိန်မြှင့်တင်ရေး လူငယ်စကားဝိုင်းကို ဩဂုတ် ၂၂ ရက်က ခရိုင်လူထုအခြေပြုဗဟိုဌာနခန်းမ၌ ကျင်းပသည်။

ဦးစွာ အခြေခံပညာအထက်တန်းကျောင်း(မြို့မ) ဆရာမ ဒေါ်သီသီမော်က အမှာစကားပြောကြားပြီး ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်နန်းအေးခိုင်က စကားဝိုင်းကျင်းပရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ရမည်းသင်းခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဒေါ်မြတ်နိုးသူက ဦးဆောင်ဆွေးနွေးပြီး ကျောင်းသား ကျောင်းသူများက လူငယ်နှင့်စာပေ၊ လူငယ်နှင့်ရည်မှန်းချက်၊ လူငယ်နှင့်နည်းပညာ၊ လူငယ်နှင့်အားကစား စသည့်ခေါင်းစဉ်များဖြင့် ပါဝင်ဆွေးနွေးခဲ့ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**



# အမေရိကန်၏ "စီးပွားရေးအကြမ်းဖက်မှု" သည် ကမ္ဘာလုံးဆိုင်ရာစီးပွားရေးအား ခြိမ်းခြောက်နေကြောင်း အီရန်နိုင်ငံခြားရေးဝန်ကြီးပြောကြား



**တီဟီရန် ဩဂုတ် ၂၃**

အမေရိကန်၏ "စီးပွားရေးအကြမ်းဖက်မှု" သည် ကမ္ဘာလုံးဆိုင်ရာစီးပွားရေးနှင့် ကမ္ဘာတစ်ဝန်းရှိ နိုင်ငံများ၏ အချုပ်အခြာအာဏာကို ခြိမ်းခြောက်နေကြောင်း အီရန်နိုင်ငံခြားရေးဝန်ကြီး ဆာယိအဗတ်အေရာချီက ပြောကြားသည်။

အီရန်နိုင်ငံအား အကူအညီပေးသည့်မည်သည့်နိုင်ငံကိုမဆို အပြင်းထန်ဆုံး စီးပွားရေးအရ အရေးယူပိတ်ဆို့မှုကို ဆောင်ရွက်မည်ဟု အမေရိကန်သမ္မတ ထရမ့်က ကြေညာပြီးနောက် ယခုမှတ်ချက်ထွက်ပေါ်လာခြင်းဖြစ်သည်။

၎င်းစစ်ပွဲသည် မကြုံစဖူးအတိုင်းအတာဖြင့် ဆောင်ရွက်သည့် စီးပွားရေးစစ်ပွဲဖြစ်ပြီး အရေးယူပိတ်ဆို့ခံရသည့် နိုင်ငံများအား အထီးကျန်မှုဖြစ်စေလိမ့်မည်ဟု ထရမ့်က ဆိုရှယ်မီဒီယာတွင် ပြောကြားခဲ့ပြီး ၎င်းလှုပ်ရှားမှုကို "စီးပွားရေး D-DAY" ဟု ခေါ်ဆိုခဲ့သည်။

ယခုကဲ့သို့ဆောင်ရွက်ခြင်းသည် ဝါရှင်တန်အနေဖြင့် အကျပ်အတည်းမှ လွတ်မြောက်ရန် လမ်းကြောင်းပြောင်းခြင်းဖြစ်သည်ဟု အီရန်နိုင်ငံခြားရေးဝန်ကြီးက ပြောကြားခဲ့သည်။

**ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - စိုးသူရ**

# အင်ဒိုနီးရှားနိုင်ငံ၌ နေရောင်ခြည်စွမ်းအင်သုံး ဓာတ်အားပေးစက်ရုံများတည်ဆောက်ရန် နိုင်ငံပိုင်မြေများနှင့် ရေလှောင်ကန်ဧရိယာ ဟက်တာပေါင်း ၉၀၀၀ ခန့် သတ်မှတ်ဖော်ထုတ်လျက်ရှိ



**ဂျကာတာ ဩဂုတ် ၂၃**

အင်ဒိုနီးရှားနိုင်ငံ၏ ဂစ်ဂါဝပ် ၁၀၀ ရှိသော နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေး အစီအစဉ်အရ နေရောင်ခြည်စွမ်းအင်သုံး ဓာတ်အားပေးစက်ရုံများ တည်ဆောက်ရန်အတွက် နိုင်ငံပိုင်မြေများနှင့် ရေလှောင်ကန်ဧရိယာ ဟက်တာပေါင်း ၉၀၀၀ ခန့်ကို သတ်မှတ်ဖော်ထုတ်လျက်ရှိကြောင်း စွမ်းအင်နှင့် သတ္တုတွင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ယူလစ်တန်ဂျန်က က ယနေ့ ပြောကြားခဲ့သည်။

သတ်မှတ်ဖော်ထုတ်ထားသော ဧရိယာများအနက် အစိုးရက စီမံခန့်ခွဲသည့် မြေယာသီးသန့်နယ်မြေများနှင့် အနောက်ဂျာဗားပြည်နယ်ရှိ ဆာဂူလင် ရေလှောင်ကန်အပါအဝင် ရေလှောင်ကန်အချို့ ပါဝင်ကြောင်း ဒုတိယဝန်ကြီး ယူလစ်တန်ဂျန်က ပြောကြားခဲ့သည်။

လျှပ်စစ်ဓာတ်အား ပို့လွှတ်ရေးကွန်ရက်များနှင့် ဓာတ်အားခွဲရုံများအပါအဝင် လိုအပ်သော အခြေခံ အဆောက်အအုံများ ရရှိနိုင်စေရန်အတွက် နိုင်ငံပိုင် လျှပ်စစ်ဓာတ်အားကုမ္ပဏီ ပီအင်န်အယ်လ်က သင့်လျော်မည့်နေရာများ သတ်မှတ်ဖော်ထုတ်ခြင်း လုပ်ငန်းစဉ်တွင် ပါဝင်ဆောင်ရွက်လျက်ရှိသည်။

ဝေးလံခေါင်သီသော ဒေသများနှင့် ကျွန်းငယ်များရှိ ဒီဇယ်လောင်စာသုံး ဓာတ်အားပေးစက်ရုံများကို အစားထိုးနိုင်ရန်အတွက် နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အား ထုတ်လုပ်နိုင်စွမ်း ပမာဏ ဂစ်ဂါဝပ် ၃၀ ကို ကနဦးတည်ဆောက်ရန် အစိုးရက ရည်မှန်းထားသည်။

၎င်းဂစ်ဂါဝပ် ၁၀၀ ရှိသော နေရောင်ခြည် စွမ်းအင်သုံး လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေး အစီအစဉ်သည် နှစ်စဉ် လောင်စာဆီအတွက် ကုန်ကျငွေပမာဏ ရူပီးငွေ ၇၃ ဒသမ ၉ ထရီလီယံ (အမေရိကန်ဒေါ်လာ ၄ ဒသမ ၁၄ ဘီလီယံခန့်) အထိ သက်သာစေနိုင်မည်ဖြစ်ကြောင်း သိရသည်။

**ကိုးကား - ဆင်ဟွာ**
**ဘာသာပြန် - အောင်ကျော်ကျော်**

# တောင်ကိုရီးယားနိုင်ငံရှိ လုပ်ငန်းများတွင် ဉာဏ်ရည်တုနည်းပညာ သုံးစွဲမှုများလာသဖြင့် လူငယ်များအလုပ်အကိုင်ရရှိရေး ခက်ခဲလာ

**ဆိုးလ် ဩဂုတ် ၂၃**

တောင်ကိုရီးယားနိုင်ငံရှိလုပ်ငန်းများတွင် ဉာဏ်ရည်တုနည်းပညာသုံးစွဲမှုများလာခြင်းကြောင့် လူငယ်များအလုပ်အကိုင်ရရှိရန် အခက်အခဲများရှိလာနိုင်ကြောင်း ဗဟိုဘဏ်မှတ်တမ်းအရ သိရသည်။

ဉာဏ်ရည်တုနည်းပညာသုံးစက်မှုလုပ်ငန်းများတွင် လူငယ်များအလုပ်ရရှိမှုကျဆင်းနေကြောင်း အမျိုးသားပင်စင်လုပ်ငန်းမှတ်တမ်းနှင့် လုပ်ငန်းလုပ်ကိုင်ဆောင်ရွက်နိုင်သည့် လူဦးရေဆန်းစစ်ချက်များကို ကိုးကား၍ တောင်ကိုရီးယားဗဟိုဘဏ်က ပြောကြားသည်။

လူငယ်များအလုပ်အကိုင်ရရှိမှုသည် ပြီးခဲ့သည့် လေးနှစ်အတွင်း သတင်းအချက်အလက်ဝန်ဆောင်မှုတွင် ၃၁ ဒသမ ၄ ရာခိုင်နှုန်း၊ ပုံနှိပ်ထုတ်ဝေရေး၊ ကွန်ပျူတာပရိုဂရမ်ရေးဆွဲရေးနှင့် ဝန်ဆောင်မှုလုပ်ငန်းများတွင် ၂၇ ဒသမ ၄ ရာခိုင်နှုန်း၊ ၁၆ ဒသမ ၆ ရာခိုင်နှုန်းနှင့် ၁၁ ဒသမ ၆ ရာခိုင်နှုန်း အသီးသီးကျဆင်းခဲ့သည်။

ဉာဏ်ရည်တုနည်းပညာကို လူသားများနေရာတွင် အစားထိုးတာဝန်ပေးနိုင်သည့်လုပ်ငန်းများ၌ လူငယ်များအလုပ်ရရှိမှုနည်းလာခြင်းဖြစ်သည်။ **ကိုးကား- ဆင်ဟွာ၊ ဘာသာပြန် - စိုးသူရ**



# လူပုံစံတူ စက်ရုပ်တစ်ရုပ်က မီတာ ၁၀၀ အပြေးပြိုင်ပွဲတွင် လူသားတို့၏ ကမ္ဘာ့စံချိန်ကို ကျော်ဖြတ်နိုင်ခဲ့

**ပေကျင်း ဩဂုတ် ၂၃**

တရုတ်နိုင်ငံ၌ ကျင်းပသည့် ပြိုင်ပွဲတစ်ခု၌ လူပုံစံတူ စက်ရုပ်တစ်ရုပ်သည် မီတာ ၁၀၀ အပြေးပြိုင်ပွဲတွင် လူသားတို့၏ ကမ္ဘာ့စံချိန်ကို ကျော်ဖြတ်နိုင်ခဲ့ကြောင်း သိရသည်။

ဒုတိယအကြိမ်မြောက် ကမ္ဘာ့လူပုံစံတူ စက်ရုပ်ပြိုင်ပွဲ (World Humanoid Robot Games) ကို ဩဂုတ် ၂၂ ရက်က ပေကျင်းမြို့၌ စတင်ကျင်းပခဲ့သည်။ ငါးရက်ကြာမြင့်မည့် အဆိုပါပြိုင်ပွဲကို တရုတ်အစိုးရနှင့် အခြားအဖွဲ့အစည်းများက ပူးပေါင်းကျင်းပခြင်း ဖြစ်သည်။

ဂျပန်နိုင်ငံအပါအဝင် နိုင်ငံပေါင်း ၁၆ နိုင်ငံမှ ကုမ္ပဏီများအပါအဝင် အဖွဲ့ပေါင်း ၆၆၆ ဖွဲ့က တီထွင်ဖန်တီးထားသည့် လူပုံစံတူ စက်ရုပ်ပေါင်း ၂၀၀၀ ကျော် ပါဝင်ယှဉ်ပြိုင်လျက်ရှိသည်။

ပါဝင်ယှဉ်ပြိုင်သည့် စက်ရုပ်အရေအတွက်မှာ ယခင်နှစ်ကထက် လေးဆခန့် တိုးတက်များပြားလာခဲ့သည်။ ၎င်းတို့သည် ပြေးခုန်ပစ်၊ ဘောလုံးကစားခြင်းနှင့် အစားအစာနှင့် အဖျော်ယမကာများ ချပေးခြင်းကဲ့သို့သော လက်တွေ့လုပ်ငန်းဆောင်တာများအပါအဝင် ပြိုင်ပွဲအမျိုးအစားပေါင်း ၅၁ မျိုးတွင် ယှဉ်ပြိုင်လျက်ရှိကြသည်။

ဖွင့်ပွဲအခမ်းအနားတွင် စက်ရုပ်များက ဘောလုံးကစားပြသည့် သရုပ်ပြပွဲတစ်ခု ပါဝင်ခဲ့ပြီး ထိုပွဲ၌ စက်ရုပ်များက ဂိုးသွင်းယူနိုင်ခဲ့ကာ အောင်ပွဲခံမှုများလည်း ပြုလုပ်ခဲ့ကြောင်း သိရသည်။

တင်းနစ်နှင့် စားပွဲတင်တင်းနစ်ကစားနည်းများတွင်လည်း စက်ရုပ်များသည် လူသားကစားသမားများနှင့်အတူ တွဲဖက်ကစားခဲ့ကြသည်။

မီတာ ၁၀၀ အပြေးပြိုင်ပွဲ၏ ပဏာမအဆင့်တွင် စက်ရုပ်တစ်ရုပ်သည် အချိန် ၉ ဒသမ ၃၂ စက္ကန့်ဖြင့် ပြေးလမ်းကို ဖြတ်ကျော်နိုင်ခဲ့သည်။ အဆိုပါစံချိန်သည် ယခင်နှစ်က အနိုင်ရရှိခဲ့သည့် စံချိန်ဖြစ်သော ၂၁ ဒသမ ၅၀ စက္ကန့်ထက် များစွာသာလွန်သည့်အပြင် လူသားတို့၏ ကမ္ဘာ့စံချိန်ဖြစ်သော ၉ ဒသမ ၅၈ စက္ကန့်ကိုပင် ကျော်ဖြတ်နိုင်ခဲ့ကြောင်း သိရသည်။

စက်ရုပ်နည်းပညာကဏ္ဍတွင် တရုတ်နိုင်ငံသည် ကမ္ဘာ့ထိပ်တန်းနိုင်ငံများအနက် တစ်နိုင်ငံဖြစ်ကြောင်း အသက် ၂၀ ကျော်အရွယ် လာရောက်ကြည့်ရှုသူ အမျိုးသမီးတစ်ဦးက ပြောကြားခဲ့သည်။

**ကိုးကား - အင်န်အိတ်ချ်ကေ**
**ဘာသာပြန် - အောင်ကျော်ကျော်**



# ဗဟိုအာဖရိကသမ္မတနိုင်ငံ၌ ရွှေတွင်းတစ်တွင်း ပြိုကျ၊ လူပေါင်း ၁၀၀ ကျော် သေဆုံး

**ဘန်ဂွီ ဩဂုတ် ၂၃**

ဗဟိုအာဖရိကသမ္မတနိုင်ငံ၌ ရွှေတွင်းတစ်တွင်း ယမန်နေ့က ပြိုကျခဲ့ရာ လူပေါင်း ၁၀၀ ကျော် သေဆုံးခဲ့သည်။ ပျောက်ဆုံးသူအရေအတွက်များစွာ ရှိသည့်အတွက် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများကို ဆက်လက်လုပ်ဆောင်လျက်ရှိသည်။

အဆိုပါ ပြိုကျမှုဖြစ်ပွားခဲ့သည့်နေရာသည် ကင်မရွန်းနိုင်ငံနှင့် နယ်စပ်အနီးတွင် တည်ရှိသည်။ မြေသားများပြိုကျပြီး တောင်စောင်းတစ်လျှောက်ရှိ လူအများအပြားဆီသို့ လျှောကျလာသည်ကို ရုပ်သံမှတ်တမ်းများအရ သိရသည်။

ပြိုကျရသည့်အကြောင်းရင်းကို ဒေသတွင်း တာဝန်ရှိသူများက စုံစမ်းစစ်ဆေးနေပြီး ရွှေတွင်းလုပ်ငန်းကို လုပ်ကိုင်ဆောင်ရွက်သူများအား ဖော်ထုတ်ရန် ကြိုးပမ်းလျက်ရှိကြောင်း သိရသည်။

ဗဟိုအာဖရိကသမ္မတနိုင်ငံ၌ လူပေါင်းထောင်နှင့်ချီ၍ အသေးစား ရွှေတူးဖော်ရေးလုပ်ငန်းများတွင် လုပ်ကိုင်လျက်ရှိသည်။

ရွှေတွင်းလုပ်သားများအတွက် လုံလောက်သော ဘေးကင်းလုံခြုံမှုအစီအမံများ မရှိသည့်အတွက် မကြာခဏ အသက်ဆုံးရှုံးရသည့် အဖြစ်ဆိုးများ ဖြစ်ပေါ်လေ့ရှိကြောင်း သိရသည်။

**ကိုးကား - အင်န်အိတ်ချ်ကေ**
**ဘာသာပြန် - အောင်ကျော်ကျော်**

# တပ်မတော်(ကြည်း၊ ရေ၊ လေ) မိသားစုများနှင့် စေတနာရှင်ပြည်သူများ စုပေါင်းပါဝင်လှူဒါန်းသည့် ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ၊ ဆေးနှင့် ဆွမ်းပဒေသာပင် စိုက်ထူလှူဒါန်း



နေပြည်တော် ဩဂုတ် ၂၃

တပ်မတော် (ကြည်း၊ ရေ၊ လေ) မိသားစုများနှင့် စေတနာရှင်ပြည်သူများ စုပေါင်းပါဝင်လှူဒါန်းသည့် ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ၊ ဆေးနှင့် ဆွမ်းပဒေသာပင် စိုက်ထူလှူဒါန်းပွဲကို ယနေ့မွန်းလွဲပိုင်းက နေပြည်တော် တပ်ကုန်းမြို့ ငွေတောင်တောရကျောင်းတိုက်၌ ပြုလုပ်ရာ တပ်ကုန်းမြို့ မြို့ရှေ့စန္ဒာရုံကျောင်းတိုက်ဆရာတော် အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တစန္ဒသီရိ အမှူးပြုသော ဆရာတော်၊ သံဃာတော်များ ကြွရောက်တော်မူကြပြီး ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး ဇော်ဟိန်းနှင့် တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ စေတနာရှင်အလှူရှင်များ တက်ရောက်ကြသည်။

ဦးစွာ တက်ရောက်လာကြသည့် ဧည့်ပရိသတ်များက နေပြည်တော် တပ်ကုန်းမြို့ မြို့ရှေ့စန္ဒာရုံကျောင်းတိုက်ဆရာတော် အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တစန္ဒသီရိထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး ဆရာတော် သံဃာတော်များ ရွတ်ဖတ်သရဇ္ဈာယ်တော်မူကြသည့် မေတ္တာသုတ်ပရိတ်တရားတော်များကို နာကြားကြသည်။

ဆက်လက်၍ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး ဇော်ဟိန်း၊ စစ်ဦးစီးအရာရှိချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီး သိန်းထူး၊ ဒုတိယစစ်ဦးစီးအရာရှိချုပ်(လေ) ဗိုလ်ချုပ် မျိုးအောင်လတ်နှင့် တာဝန်ရှိသူများက လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် တပ်မတော် (ကြည်း၊ ရေ၊ လေ) မိသားစုများနှင့် စေတနာရှင်ပြည်သူများက လှူဒါန်းသော ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ၊ ဆေးများကို တပ်ကုန်းမြို့ မြို့ရှေ့စန္ဒာရုံကျောင်းတိုက်ဆရာတော် အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တစန္ဒသီရိနှင့် ဆရာတော်သံဃာတော်များထံ စစ်ရေးချုပ်က ဦးဆောင်၍ တပ်မတော် (ကြည်း၊ ရေ၊ လေ) အရာရှိကြီးများနှင့် အလှူရှင်များက ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် ဆွမ်းပဒေသာပင် အလှူတော်ငွေများကို တပ်မတော် (ကြည်း၊ ရေ၊ လေ)မိသားစုများနှင့် စေတနာရှင်ပြည်သူများက လှူဒါန်းကြရာ တာဝန်ရှိသူများက လက်ခံရယူကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ဆက်လက်၍ တပ်ကုန်းမြို့ မြို့ရှေ့စန္ဒာရုံကျောင်းတိုက် ဆရာတော် အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တစန္ဒသီရိထံမှ အနုမောဒနာတရားနာယူကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကာ ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်းရှိ ဘုန်းတော်ကြီးကျောင်းများ၊ သီလရှင်ကျောင်းများနှင့် ဘိုးဘွားရိပ်သာများအတွက် တပ်မတော် (ကြည်း၊ ရေ၊ လေ) မိသားစုများနှင့် စေတနာရှင်ပြည်သူများက ၂၀၀၆ ခုနှစ်မှစ၍ နှစ်စဉ်လှူဒါန်းလျက်ရှိပြီး ယနေ့ တပ်ကုန်းမြို့နယ်၊ ဇေယျာသီရိမြို့နယ်နှင့် ပုဗ္ဗသီရိမြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးကျောင်း ၂၉ကျောင်း၊ သီလရှင်ကျောင်း ကိုးကျောင်းနှင့် သဒ္ဓါမိကဘိုးဘွားရိပ်သာတို့အတွက် လှူဒါန်းမှုအစုစုမှာ အလှူငွေကျပ် ၄၂၉ သိန်း ၃ သောင်း ၆ ထောင်ကျပ်၊ ဆန် ၅၆၇ အိတ် ၈ ပြည်၊ ဆီ ၁၆၇ ပိဿာ ၈၀ ကျပ်သား၊ ဆား ၁၆၇၈ ပိဿာ၊ ပဲ ၁၆၇၈ ပိဿာ၊ တိုင်းရင်းဆေးမျိုးစုံ ၂၂၄၁ ဘူး၊ နိုင်ငံခြားဆေးမျိုးစုံ နှစ်ခြင်း၊ ဘားမား ကော်ဖီ ငါးဖာ၊ Shark အချိုရည် တစ်ဖာတို့ကို လှူဒါန်းခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# မြင်းခြံမြို့၌ လူသုံးကုန်ထုတ်လုပ်မှုနည်းပညာသင်တန်းဖွင့်



မြင်းခြံ ဩဂုတ် ၂၃

မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနက သင်ကြားပို့ချသည့် လူသုံးကုန်ထုတ်လုပ်မှုနည်းပညာသင်တန်းကို ဩဂုတ် ၂၁ ရက်က ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန လူထုအခြေပြုဗဟိုဌာန ခန်းမ၌ ဖွင့်လှစ်သည်။

သင်တန်းဖွင့်ပွဲတွင် ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမင်းမင်းထွန်းက အမှာစကားပြောကြားသည်။ ထို့နောက် ခရိုင် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးဆန်းမြင့်ထွန်းက သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

**သင်ကြားပို့ချ**

အဆိုပါသင်တန်းတွင် ပန်းကန်ဆေးဆပ်ပြာဆီ၊ အဝတ်လျှော်ဆပ်ပြာဆီ၊ သဘာဝခေါင်းလျှော်ရည်၊ ရေချိုးဆပ်ပြာ၊ ကိုယ်တိုက်ဆပ်ပြာခဲ/မျက်နှာသစ်ဆပ်ပြာခဲ၊ ဘက်စုံသုံးဆပ်ပြာဆီ ပြုလုပ်နည်းတို့ကို သင်တန်းသားသင်တန်းသူ ၂၀ ဖြင့် ငါးရက်ကြာ သင်ကြားပို့ချ သွားမည်ဖြစ်ကြောင်း သိရသည်။

**ကျော်စွာ(မြင်းခြံ)**



# မင်းဘူး(စကု)မြို့နယ်၌ အခြေခံနှင့်မွမ်းမံ စက်ချုပ်နည်းပညာသင်တန်းဆင်းပွဲ ကျင်းပ

မင်းဘူး ဩဂုတ် ၂၃

မကွေးတိုင်းဒေသကြီး မင်းဘူး(စကု)မြို့နယ်၌ ဒေသတွင်း အသေးစားကုန်ထုတ်လုပ်ငန်းများဖန်တီးပေးနိုင်ရေးနှင့် ကျေးလက်နေမိသားစု ဝင်ငွေတိုးရေးစီမံကိန်းဖြင့် ဆောင်ရွက်ခဲ့သည့် အခြေခံနှင့်မွမ်းမံ စက်ချုပ်နည်းပညာသင်တန်းဆင်းပွဲနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းသုံးပစ္စည်းများပေးအပ်ပွဲကို ဩဂုတ် ၂၂ ရက်က ကန်ရေ(၁) ကျေးရွာရှိ ဘုန်းတော်ကြီးကျောင်းဓမ္မာရုံ၌ ကျင်းပသည်။

ဦးစွာ မကွေးတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးကျော်ဝင်းမြင့်က အမှာစကားပြောကြားပြီး မကွေးတိုင်းဒေသကြီး အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်စုစုခိုင်က စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ယင်းနောက် တာဝန်ရှိသူများက သင်တန်းသူများထံ သင်တန်းဆင်းလက်မှတ်၊ သင်တန်းထွက်ကုန်ချောပစ္စည်းများနှင့် ထူးချွန်ဆုရ သင်တန်းသူငါးဦးအား ဒေသဖွံ့ဖြိုးရေးလုပ်ငန်းသုံးပစ္စည်းများ ပေးအပ်သည်။

အမှန်တကယ် ကိုယ်ပိုင်လုပ်ငန်းထူထောင်မည့် ထူးချွန်ဆုရ သင်တန်းသူငါးဦးအား သတ်မှတ်ချက်များနှင့်အညီ စိစစ်ရွေးချယ်ပြီး တစ်ဦးလျှင် ငွေကျပ် ၁၈ သိန်းနှင့်ညီမျှသော ဒေသဖွံ့ဖြိုးရေးလုပ်ငန်းသုံး စက်ပစ္စည်းများကို သုံးစွဲခွင့်ပြု၍ အသေးစားလုပ်ငန်းရှင်များဖြစ်အောင် လုပ်ငန်းမှတ်ပုံတင်များ ပြုလုပ်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**မောင်မောင်(မင်းဘူး)**



# မရမ်းကုန်းမြို့နယ်၌ သမဝါယမအသင်းလီမိတက် အစည်းအဝေးနှင့် အမှုဆောင်သစ်ရွေးချယ်ပွဲပြုလုပ်

ရန်ကုန် ဩဂုတ် ၂၃

ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ်၌ ရွှေမြန်မာရောင်းဝယ်ရေး သမဝါယမအသင်းလီမိတက်၏၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာ အစည်းအဝေးနှင့် အမှုဆောင်သစ်ရွေးချယ်ပွဲကို ယမန်နေ့က အသင်းရုံးခန်း၌ ပြုလုပ်သည်။

ဦးစွာ အသင်းဥက္ကဋ္ဌက သဘာပတိအဖြစ် ဆောင်ရွက်ပြီး အသင်း၏ လုပ်ငန်းဆောင်ရွက်ချက်များကို ရှင်းလင်းဆွေးနွေးကာ ၂၀၂၅- ၂၀၂၆ ဘဏ္ဍာနှစ်၏ အမှုဆောင်အဖွဲ့အစီရင်ခံစာနှင့် ဘဏ္ဍာရေးရှင်းတမ်းများကို ဖတ်ကြားရှင်းလင်း၍ အတည်ပြုချက်ရယူသည်။

ဆက်လက်၍ အမှုဆောင် သုံးဦး၊ အသင်းစာရင်းစစ် နှစ်ဦးတို့ကို အသင်းသားများထံမှအတည်ပြုချက်ရယူပြီး ရွေးချယ်တင်မြှောက်ခဲ့ကြောင်း သိရသည်။

**မင်းသိန်းထွန်း**

# သုဝဏ္ဏဝတီမြို့၌ လူငယ်ရေးရာအသိပညာပေးဟောပြော

သထုံ ဩဂုတ် ၂၃

မွန်ပြည်နယ် သထုံမြို့နယ်၌ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ပူးပေါင်း၍ လူငယ်ရေးရာ အသိပညာပေးဟောပြောပွဲကို ဩဂုတ် ၂၂ ရက် မွန်းလွဲပိုင်းက သုဝဏ္ဏဝတီမြို့ အခြေခံပညာအထက်တန်းကျောင်း (ကျိုက်ကော်) ရွှေရတုခန်းမ၌ ကျင်းပသည်။

ဟောပြောပွဲတွင် အထက(ကျိုက်ကော်)ကျောင်းအုပ်ဆရာမကြီး ဒေါ်စောမူက အမှာစကားပြောကြားပြီး သထုံခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်လှလှဌေးက အွန်လိုင်းများပေါ်မှ သတင်းတုသတင်းမှားများ ဂရုပြုနိုင်ရေး၊ ခရိုင်ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ စစ်ဆေးရေးမှူး(၃) ဦးကျော်မြင့်ထွန်းက ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ကင်းရှင်းရေး သိကောင်းစရာများကို ဆွေးနွေးခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



**နေရောင်အောက်က သက်ရှိတွေကို စောင့်ရှောက်ဖို့ အိုဇုန်းလွှာကို ထိန်းသိမ်းစို့**

# အလားအလာကောင်းများရှိနေသည့် ရော်ဘာစိုက်ပျိုးထုတ်လုပ်မှုနှင့် ပို့ကုန်

ကမ္ဘာပေါ်တွင် ရော်ဘာပင်များကို သဘာဝရာသီဥတုနှင့် ရေမြေအခြေအနေအရ အရှေ့တောင်အာရှနိုင်ငံများနှင့် အနောက်အာဖရိကနိုင်ငံများတွင် အများဆုံးတွေ့ရပြီး ရော်ဘာအခြေပြု စက်မှုထုတ်ကုန်များဖြစ်သည့် တာယာ၊ ရော်ဘာတုံးများ၊ ဖိနပ်၊ လက်အိတ်၊ ပူဖောင်း စသည်ဖြင့် ထုတ်ကုန်အမျိုးမျိုးပြုလုပ်နိုင်ခြင်းကြောင့် အရေးပါသည့် လယ်ယာကုန်စည်ဖြစ်သည်။

**ဒေါက်တာမောင်အောင်**

ရော်ဘာအခြေပြုထုတ်ကုန်အမျိုးမျိုးရှိသည့်အနက် တာယာထုတ်လုပ်ခြင်းသည် စုစုပေါင်းထုတ်ကုန်၏ ၇၀ ရာခိုင်နှုန်းကျော်ဖြင့် အများဆုံးဖြစ်ပြီး အရေးပါဆုံးဖြစ်သည်။ ကမ္ဘာပေါ်တွင် ရော်ဘာအများဆုံး ထုတ်လုပ်သည့်နိုင်ငံမှာ ထိုင်းနိုင်ငံဖြစ်သကဲ့သို့ အများဆုံးတင်ပို့နေသည့်နိုင်ငံလည်းဖြစ်သည်။ ကမ္ဘာ့သဘာဝရော်ဘာအသုံးပြုမှုသည် ၂၀၂၅ ခုနှစ်တွင် တန်ချိန် ၃၁ ဒသမ ၉ သန်းဝန်းကျင်ရှိပြီး နှစ်စဉ်တိုးတက်မှုနှုန်း နှစ်ရာခိုင်နှုန်းဖြစ်၍ သင့်တင့်သော တိုးတက်မှုသာဖြစ်သည်။

ဖွံ့ဖြိုးတိုးတက်လာမှုနှင့်အတူ ရော်ဘာအခြေပြုစက်မှုကုန်စည်များ ပိုမိုသုံးစွဲမှုများရှိနေသော်လည်း သဘာဝရော်ဘာထုတ်ကုန်များ၏ ပြိုင်ဘက်မှာ ဖွံ့ဖြိုးပြီးစက်မှုနိုင်ငံများမှထုတ်လုပ်သည့် ရော်ဘာတု (Synthetic Rubber) ထုတ်လုပ်မှုအနည်းအများကလည်း သဘာဝရော်ဘာထုတ်လုပ်မှုနှင့် ဈေးနှုန်းအပေါ်အကျိုးသက်ရောက်မှုရှိသည်။ လက်ရှိကာလအတွင်း လောင်စာဆီဈေးနှုန်းများတိုးတက်လာမှုကြောင့် ရော်ဘာတုထုတ်လုပ်မှု ယခင်ကထက် စရိတ်ကြီးမားလာခြင်းက သဘာဝရော်ဘာများအတွက် ဝယ်လိုအားအခွင့်အလမ်း ပို၍များလာနေပြီဖြစ်သည်။

မြန်မာ့ရော်ဘာလုပ်ငန်းသည် အဓိကတင်ပို့သူအဆင့်မရောက်သေးသော်လည်း ဖုံးကွယ်နေသည့် အရင်းအမြစ်များစွာရှိနေသောကြောင့် တိုးတက်မှုအလားအလာကောင်းများ ရှိနေသည်။ လာမည့်နှစ်အနည်းငယ်အတွင်း ကမ္ဘာ့သဘာဝရော်ဘာတင်ပို့မှုအဆင့် ၄ အတွင်းဝင်ရောက်နိုင်ရန် လက်ရှိကြုံတွေ့ရသည့် စိန်ခေါ်မှုများအတွက်ဖြေရှင်းနိုင်သည့် နည်းလမ်းများနှင့် စဉ်ဆက်မပြတ်တိုးတက်မှုနည်းလမ်းများကို ဖော်ပြသွားပါမည်။

### သဘာဝရော်ဘာထုတ်လုပ်မှု အသုံးပြုမှုနှင့် ကုန်သွယ်ရေး

သဘာဝရော်ဘာကို အရှေ့တောင်အာရှနိုင်ငံများက အများဆုံးစိုက်ပျိုးထုတ်လုပ်ပြီး ထိုင်းနိုင်ငံက အများဆုံးထုတ်လုပ်သူနှင့် တင်ပို့သူအဖြစ် ဦးဆောင်နေကာ နှစ်စဉ်ပျမ်းမျှ တန်ချိန် ၄ ဒသမ ၈ မှ ၅ သန်းဝန်းကျင်ထုတ်လုပ်နေပြီး ၎င်း၏နောက်တွင် အင်ဒိုနီးရှားနိုင်ငံက နှစ်စဉ် တန် ၃ ဒသမ ၁ သန်းကျော် ထုတ်လုပ်နေပါသည်။ တတိယအများဆုံးထုတ်လုပ်သူမှာ ဗီယက်နမ်နိုင်ငံဖြစ်ပြီး နှစ်စဉ် တန် ၁ ဒသမ ၃၄ သန်းခန့်ရှိသည်။ စတုတ္ထအများဆုံးမှာ အိုင်ဗရီကို့စ်က တန် ၁ ဒသမ ၂၉ သန်းဝန်းကျင် ထုတ်လုပ်ပါသည်။

ကမ္ဘာ့ဈေးကွက်တွင် သဘာဝရော်ဘာအများဆုံးတင်သွင်းသူနှင့် စားသုံးသူမှာ တရုတ်နိုင်ငံဖြစ်ပြီး လက်ရှိကာလများအတွင်း သဘာဝရော်ဘာကုန်သွယ်မှုတန်ဖိုးသည် အမေရိကန်ဒေါ်လာ ၁၆ ဒသမ ၉ ဘီလီယံမှ ၁၇ ဒသမ ၅ ဘီလီယံအကြားရှိသည်။ စိန်ခေါ်မှုအနေဖြင့် သဘာဝရော်ဘာဈေးကွက်လိုအပ်ချက် (ဝယ်လိုအား) နှင့် ထုတ်လုပ်မှု (ရောင်းလိုအား) အကြား လက်ရှိနှစ်များအတွင်း ထုတ်လုပ်နိုင်မှုထက် ဝယ်လိုအားကပိုများလာသည့်အတွက် အနုတ်လက္ခဏာပြနေသောကြောင့် အနာဂတ်ကာလတွင် သဘာဝရော်ဘာထုတ်ကုန်များ ပိုမိုလိုအပ်နေကြောင်း ဖော်ပြနေပါသည်။

တစ်ဆက်တည်းမှာပင် ရော်ဘာအခြေပြုထုတ်ကုန်များတွင် တာယာထုတ်ကုန်သည် အကြမ်းဖျင်းအားဖြင့် စုစုပေါင်း၏သုံးပုံနှစ်ပုံကျော်ပါဝင်သည့်အတွက် မော်တော်ကား အပါအဝင်ယာဉ်အမျိုးမျိုးအတွက် တာယာများကို တိုးချဲ့အသုံးပြုမှုက ရော်ဘာဝယ်လိုအားကို အဓိကတိုးစေမည်ဖြစ်သည်။ ၂၀၂၅ ခုနှစ်မှ ၂၀၃၂ ခုနှစ်အကြား မော်တော်ယာဉ်များ၏ တိုးတက်မှုနှုန်းကို ၃ ဒသမ ၁ ရာခိုင်နှုန်းဝန်းကျင် ခန့်မှန်းထားသည့်အတွက် ကားတာယာလိုအပ်ချက် ပိုမိုများလာမည်ဖြစ်သည်။ ထို့အတူစက်မှုနိုင်ငံများကထုတ်လုပ်သည့် ရော်ဘာတုသည်လည်း လောင်စာဆီအပါအဝင် သွင်းအားစုဈေးနှုန်းများမြင့်တက်မှုကြောင့် တိုးချဲ့ထုတ်လုပ်ရန် အကန့်အသတ်များရှိနေပြီဖြစ်သည်။ ထို့အတွက်လည်း ကမ္ဘာ့ရော်ဘာလုပ်ငန်း အလားအလာက ၂၀၂၅ ခုနှစ်တွင် သဘာဝရော်ဘာလိုအပ်ချက် တန်ချိန် ၄ ဒသမ ၈၈ သိန်း လိုအပ်မည်ဖြစ်ပြီး ၂၀၃၂ ခုနှစ်တွင် တန်ချိန် ၇ ဒသမ ၇၉ သိန်း ပိုမိုလိုအပ်မည်ဟု ခန့်မှန်းထားသည်။

သဘာဝရော်ဘာနှင့် ရော်ဘာတုထုတ်လုပ်မှုကို နှိုင်းယှဉ်ကြည့်လျှင် လွန်ခဲ့သည့်ငါးနှစ်အတွင်း ရော်ဘာတုက ၅၂ ရာခိုင်နှုန်းနှင့် သဘာဝရော်ဘာက ၄၈ ရာခိုင်နှုန်းရှိသောကြောင့် ရော်ဘာတုကပိုများခဲ့သော်လည်း လာမည့်ကာလများတွင် ရော်ဘာတုတိုးချဲ့ထုတ်လုပ်နိုင်မှု အနည်းအများမှာ ထုတ်လုပ်မှုစရိတ်ပေါ်မူတည်ပါသည်။ သဘာဝရော်ဘာနှင့် ရော်ဘာတုနှစ်ခုအကြားတွင် ထုတ်လုပ်မှုအရကြည့်သော် ၂၀၂၅ ခုနှစ်အထိ ရော်ဘာတုထုတ်လုပ်မှုက သဘာဝရော်ဘာထက် ရာခိုင်နှုန်းအားဖြင့်များခဲ့သော်လည်း ကုန်သွယ်မှုပြုလုပ်သည့် ပို့ကုန်တွင်မူ သဘာဝရော်ဘာက ရော်ဘာတုထက် ယခင်ကတည်းကများခဲ့သည်။ ၂၀၂၅ ခုနှစ် စုစုပေါင်း ရော်ဘာပို့ကုန်တွင် ၅၅ ရာခိုင်နှုန်းက သဘာဝရော်ဘာဖြစ်ပြီး ၄၅ ရာခိုင်နှုန်းက ရော်ဘာတုဖြစ်သည်။ ဆိုလိုသည်မှာ ပို့ကုန်အနေဖြင့်စဉ်းစားလျှင် သဘာဝရော်ဘာကို ပို၍နှစ်သက်ကြောင်း ဖော်ပြနေသည်။

သဘာဝရော်ဘာထုတ်လုပ်မှုတွင် ၂၀၂၅ ခုနှစ်၌ ထိုင်းက တန် ၄ ဒသမ ၉၈ သန်း၊ အင်ဒိုနီးရှားက တန် ၂ ဒသမ ၀၄ သန်း၊ အိုင်ဗရီကို့စ်က တန် ၁ ဒသမ ၉၃ သန်း၊ ဗီယက်နမ်က တန် ၁ ဒသမ ၃၅ သန်း၊ တရုတ်က တန် သုည ဒသမ ၉၃ သန်း၊ အိန္ဒိယက တန် သုည ဒသမ ၉၀ သန်း၊ ကမ္ဘောဒီးယားက တန် သုည ဒသမ ၅၅ သန်း၊ မြန်မာက တန် သုည ဒသမ ၄၃ သန်း စသည်ဖြင့် ထုတ်လုပ်ကြသည်။

> ❝သဘာဝရော်ဘာ တိုးချဲ့ထုတ်လုပ်နိုင်ရေးအတွက် ပထမဆုံးလုပ်ဆောင်သင့်သည်မှာ မစိုက်ပျိုးဘဲထားသည့် မြေလွတ်မြေရိုင်းများတွင် ရော်ဘာစိုက်ခင်းများ တိုးချဲ့စိုက်ပျိုးရေးဖြစ်သည်။ အောက်မြန်မာပြည်၏ ရာသီဥတုနှင့် ရေမြေအခြေအနေအရ ရော်ဘာပင်များစိုက်ပျိုးနိုင်သည့်အတွက် မစိုက်ပျိုးဘဲ ရှိနေသည့် မြေလွတ်မြေရိုင်းများတွင် အထွက်ကောင်းသည့် မျိုးသစ်များစိုက်ပျိုးရေးကို ပိုမိုလုပ်ဆောင်ရမည်❞

အများဆုံးတင်ပို့သူများမှာ ထိုင်းက တန် ၄ ဒသမ ၀၈ သန်း၊ အိုင်ဗရီကို့စ်က တန် ၁ ဒသမ ၉၀၊ ဗီယက်နမ်က တန် ၁ ဒသမ ၇၈ သန်း၊ အင်ဒိုနီးရှားက တန် ၁ ဒသမ ၇၀ သန်း စသည်ဖြင့် ဦးဆောင်နေပြီး အများဆုံးတင်သွင်းသူများမှာ တရုတ်က တန် ၂ ဒသမ ၀ သန်း၊ ထိုင်းက တန် သုည ဒသမ ၆၈ သန်း၊ အမေရိကန်က တန် သုည ဒသမ ၅၆ သန်း၊ ဗီယက်နမ်က တန် သုည ဒသမ ၅၃ သန်း၊ လူဇင်ဘတ်က တန် သုည ဒသမ ၄၉ သန်း၊ မလေးရှားက တန် သုည ဒသမ ၄၇ သန်းဖြစ်သည်။

သဘာဝရော်ဘာပို့ကုန်တန်ဖိုးအရ ကြည့်လျှင် ထိုင်းက ဒေါ်လာ ငါးဘီလီယံဖြင့် ဦးဆောင်နေပြီး အိုင်ဗရီကို့စ်က ဒေါ်လာ ၃ ဒသမ ၃ ဘီလီယံ၊ အင်ဒိုနီးရှားက ဒေါ်လာ သုံးဘီလီယံ၊ ဗီယက်နမ်က ဒေါ်လာ ၁ ဒသမ ၂၉ ဘီလီယံ၊ မလေးရှားက ဒေါ်လာ ၉၅၄ ဒသမ ၂ သန်းနှင့် မြန်မာက ဒေါ်လာ ၇၈၈ ဒသမ ၈ သန်း ဖြစ်သည်။ ထူးခြားချက်မှာ ၂၀၂၄ ခုနှစ်နှင့် ၂၀၂၅ ခုနှစ်အကြား သဘာဝရော်ဘာပို့ကုန်တန်ဖိုးတိုးတက်မှုနှုန်း အများဆုံးမှာ မြန်မာဖြစ်ပြီး ရာခိုင်နှုန်းအားဖြင့် ၂၄၉ ဒသမ ၆ ရာခိုင်နှုန်းဝန်းကျင်၊ ဒုတိယမှာ ဂါနာက ၆၄ ဒသမ ၆ ရာခိုင်နှုန်း၊ ကင်မရွန်းက ၃၃ ဒသမ ၆ ရာခိုင်နှုန်းတို့ ဖြစ်သည်။ ဆိုလိုသည်မှာ မြန်မာ့ရော်ဘာ ပို့ကုန်တန်ဖိုး သိသိသာသာတိုးတက်နေကြောင်း ဖော်ပြနေသည်။

### မြန်မာ့သဘာဝရော်ဘာ စိုက်ပျိုးထုတ်လုပ်မှုနှင့် ပို့ကုန်

မြန်မာနိုင်ငံသည် ရော်ဘာစိုက်ပျိုးဖြစ်ထွန်းသည့် ရေမြေသဘာဝနှင့် ရာသီဥတုရှိသည့်အတွက် ရော်ဘာပင်များကို မြန်မာနိုင်ငံအောက်ပိုင်းတွင် အများဆုံးစိုက်ပျိုးကြသည်။ ရော်ဘာစုစုပေါင်းစိုက်ဧက ၁ ဒသမ ၆၄ သန်းဝန်းကျင်ရှိပြီး အများစုကို မွန်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်တို့တွင် စိုက်ပျိုးလေ့ရှိသည်။ ဧရာဝတီနှင့် ရန်ကုန်တိုင်းဒေသကြီးတို့တွင်လည်း တွေ့ရပါသည်။ အများစုမှာ မွန်ပြည်နယ်ဖြစ်ပြီး စုစုပေါင်း၏ ၃၀ ရာခိုင်နှုန်းကျော်မှ ၅၀ ရာခိုင်နှုန်းဝန်းကျင်၊ တနင်္သာရီတိုင်းဒေသကြီးက နှစ်ရာခိုင်နှုန်းဝန်းကျင်၊ ကရင်ပြည်နယ်က ၁၇ ရာခိုင်နှုန်းဝန်းကျင်ရှိကြသည်။ လက်ရှိကာလများအတွင်း သဘာဝရော်ဘာထုတ်လုပ်မှုပမာဏ နှစ်စဉ် တန်ချိန်လေးသိန်းထုတ်လုပ်နေပြီး ပို့ကုန်အနေဖြင့် တန်ချိန်သုံးသိန်းဝန်းကျင်ကို တရုတ်နိုင်ငံသို့အများဆုံးတင်ပို့ကာ စင်ကာပူ၊ မလေးရှား၊ အင်ဒိုနီးရှား၊ တောင်ကိုရီးယား၊ ဂျပန်တို့သို့လည်း တင်ပို့သည်။

မြန်မာ့သဘာဝရော်ဘာတင်ပို့မှုတွင် နှစ်စဉ်ရရှိသည့်ဈေးနှုန်းမှာလည်း တစ်တန်လျှင် ဒေါ်လာ ၁၇၀၀ နှင့် ၁၉၀၀ ကြားတွင်ရှိသည့်အတွက် အခြားနိုင်ငံများ (ထိုင်း၊ ဗီယက်နမ်၊ မလေးရှား) ၏ ဈေးနှုန်းထက်လျော့နည်းနေသေးခြင်းမှာ တင်ပို့သည့် သဘာဝရော်ဘာ၏ အရည်အသွေးပိုင်းဆိုင်ရာ အားနည်းချက်ကြောင့် ကမ္ဘာ့စံသတ်မှတ်ချက် ဈေးနှုန်းထက် နိမ့်ကျခြင်းဖြစ်သည်။ လက်ရှိနှစ်များအတွင်း သဘာဝရော်ဘာပို့ကုန်မှ ပျမ်းမျှနှစ်စဉ် ဒေါ်လာ သန်း ၄၈၀ ဝန်းကျင်ခန့် ရရှိနေသော်လည်း နောက်ဆုံးနှစ်ဖြစ်သည့် ၂၀၂၅-၂၀၂၆ ခုနှစ်တွင်မူ ဒေါ်လာ ၅၁၈ သန်းဝန်းကျင်အထိ ရရှိခဲ့သည်။

မြန်မာ့ရော်ဘာပို့ကုန်အများစု ၇၅ ရာခိုင်နှုန်းဝန်းကျင်ကို တရုတ်နိုင်ငံသို့တင်ပို့ပြီး အခြားနိုင်ငံများမှာ မလေးရှား၊ ထိုင်း၊ ဂျပန်၊ တောင်ကိုရီးယား၊ အင်ဒိုနီးရှား၊ စင်ကာပူနှင့် ဗီယက်နမ် စသည်တို့ဖြစ်သည်။ ပို့ကုန်အများစုမှာ (RSS-3)နှင့် မြန်မာ့စံချိန်စံနှုန်း (TSR-20) တို့ဖြစ်သည်။ ယခင်က တရုတ်နှင့် ထိုင်းနိုင်ငံတို့သို့ နယ်စပ်ကုန်သွယ်ရေးမှ အများဆုံးတင်ပို့ခဲ့သလို တရားမဝင်တင်ပို့မှုများရှိခဲ့သော်လည်း ယခုအခါအများစုမှာ ပင်လယ်ရေကြောင်းဖြင့်သာ အများဆုံးတင်ပို့နေ၍ တရားမဝင်တင်ပို့မှုများ လျော့နည်းသွားပါသည်။

သေချာသည့်အချက်မှာ ၂၀၀၅ ခုနှစ် ဘဏ္ဍာနှစ်တွင် သဘာဝရော်ဘာပို့ကုန်မှာ တန်ချိန်အားဖြင့် သုံးသောင်းဝန်းကျင်၊ တန်ဖိုးအားဖြင့် ဒေါ်လာ ၃၅ သန်းအခြေအနေမှ ယခုအချိန်တွင် ပျမ်းမျှတန်ချိန်အားဖြင့် သုံးသိန်းဝန်းကျင် ဖြစ်လာသလို တန်ဖိုးမှာလည်း ပျမ်းမျှ ဒေါ်လာ သန်း ၄၈၀ မှ ၅၀၀ ရှိလာသည့်အတွက် နှစ် ၂၀ ကာလအတွင်း ပမာဏရော တန်ဖိုးပါ ဆယ်ဆကျော်တိုးတက်လာခဲ့ပါသည်။

ထို့အတွက်လည်း လယ်ယာပို့ကုန်များအနက် တိုးတက်မှုနှုန်းအမြင့်ဆုံးထဲတွင် ပါဝင်သည့် လယ်ယာပို့ကုန်ပင်ဖြစ်သည်။ ဤကာလအတွင်း ရော်ဘာစိုက်ပျိုးဧက သိသိသာသာတက်လာသည့်အပြင် ယခင်နှစ် ၂၀ ကျော်က နိုင်ငံပိုင်စိုက်ခင်းများသာ အများဆုံးရှိခဲ့သော်လည်း နောက်ပိုင်းကာလများတွင် ပုဂ္ဂလိကရော်ဘာစိုက်ပျိုးခြံများ ပိုမိုများပြားလာပြီး အဓိကစိုက်ပျိုးထုတ်လုပ်သူများ ဖြစ်လာသည်။

သို့သော် လက်ရှိမြန်မာ့ရော်ဘာများ၏ တစ်ဧကထွက်ရှိသည့်အထွက်နှုန်း (ကြက်ပေါင်စေး) မှာ ပျမ်းမျှတစ်ဧကလျှင် ၇၃၀ ဒသမ ၄၈ ပေါင်ခန့်သာရှိသည့်အတွက် အာဆီယံဒေသအတွင်း ရော်ဘာအထွက်နှုန်း အနည်းဆုံးအခြေအနေပင်ဖြစ်သည်။ ထိုင်းနှင့် ဗီယက်နမ်နိုင်ငံတို့တွင် ရော်ဘာအထွက်နှုန်းမှာ တစ်ဧကလျှင် ပေါင် ၁၂၀၀ မှ ၁၆၀၀ အကြားတွင်ရှိသည့်အတွက် အမြင့်ဆုံးအထွက်နှုန်းရှိသည်။ ထို့အတူ အင်ဒိုနီးရှားနှင့် မလေးရှားနိုင်ငံတို့တွင်လည်း တစ်ဧကလျှင် အထွက်နှုန်း ပေါင် ၁၀၀၀ မှ ၁၄၀၀ ရှိသည့်အတွက် အလယ်အလတ်နှုန်းမြင့်သော်လည်း ကျန်နိုင်ငံများမှာ အထွက်နှုန်း တစ်ဧကလျှင် ပေါင် ၁၀၀၀ ထက် နိမ့်ကျနေဆဲပင်ဖြစ်သည်။ နှိုင်းယှဉ်အထွက်နှုန်း နိမ့်ကျနေမှုကြောင့် အထွက်နည်းနေသေးသော်လည်း အခြားတစ်ဖက်မှကြည့်လျှင် အနာဂတ်တိုးတက်မှုအတွက် အခွင့်အလမ်းကောင်းပင်ဖြစ်သည်။ **စာမျက်နှာ ၁၇ သို့**❁

❁စာမျက်နှာ ၁၆ မှ

**မြန်မာ့သဘာဝရော်ဘာထုတ်ကုန်နှင့် ပို့ကုန်တိုးတက်မှုနည်းလမ်းများ**

လက်ရှိအချိန်တွင် ရော်ဘာစိုက်ပျိုးထုတ်လုပ်မှုနှင့် ပို့ကုန်တင်ပို့နိုင်မှုမှာ အခြားနိုင်ငံများနှင့် နှိုင်းယှဉ်လျှင် အားနည်းနေသေးသော်လည်း အဆိုပါအားနည်းချက်များကိုသာ အမြန်ဆုံးပြင်ဆင်ပြောင်းလဲမည်ဆိုလျှင် ထုတ်လုပ်မှုသိသိသာသာ တိုးတက်လာမည်ဖြစ်သလို ပို့ကုန်တွင်လည်း အဓိကတင်ပို့သူအဖြစ်ရောက်ရှိနိုင်မည်ဖြစ်သည်။

**သဘာဝရော်ဘာ တိုးချဲ့ထုတ်လုပ်နိုင်ရေးအတွက် ပထမဆုံးလုပ်ဆောင်သင့်သည်မှာ မစိုက်ပျိုးဘဲထားသည့် မြေလွတ်မြေရိုင်းများတွင် ရော်ဘာစိုက်ခင်းများ တိုးချဲ့စိုက်ပျိုးရေးဖြစ်သည်။ အောက်မြန်မာပြည်၏ ရာသီဥတုနှင့် ရေမြေအခြေအနေအရ ရော်ဘာပင်များစိုက်ပျိုးနိုင်သည့်အတွက် မစိုက်ပျိုးဘဲရှိနေသည့် မြေလွတ်မြေရိုင်းများတွင် အထွက်ကောင်းသည့်မျိုးသစ်များ စိုက်ပျိုးရေးကို ပိုမိုလုပ်ဆောင်ရမည်ဖြစ်သည်။**

ဒုတိယနည်းလမ်းမှာ လက်ရှိစိုက်ပျိုးနေသည့် ရော်ဘာပင်ဧကမှာ အကြမ်းဖျင်းအားဖြင့် ဧက ၁ ဒသမ ၆၄ သန်းကျော်ရှိသော်လည်း လက်တွေ့ရော်ဘာစေး(ကြက်ပေါင်စေး) ခြစ်ယူနိုင်သည့် ပမာဏမှာ ၈ ဒသမ ၅ သိန်းမှ ၉ ဒသမ ၅ သိန်းအတွင်းသာရှိသေးသည့်အတွက် လစ်ဟာနေသေးသည့် ရော်ဘာပင်များကို တိုးချဲ့ခြစ်ယူခြင်းဖြင့်လည်း ရော်ဘာအထွက်တိုးစေမည်ဖြစ်သည်။

**ရော်ဘာခြံအများဆုံးရှိသည့် မွန်၊ ကရင်ပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် တည်ငြိမ်အေးချမ်းမှု ပိုမိုဖော်ဆောင်လာနေပြီဖြစ်၍ အချို့ဖုံးကွယ်နေသည့် ရော်ဘာထုတ်ကုန်များ ပိုမိုထွက်ပေါ်လာမည်ဖြစ်သည်။ တတိယနည်းလမ်းမှာ တစ်ဧကအထွက်နှုန်းတိုးတက်စေသည့် နည်းလမ်းဖြစ်ပြီး လက်ရှိမြန်မာ့ရော်ဘာအထွက်နှုန်းမှာ အရှေ့တောင်အာရှနိုင်ငံများအတွင်း အနိမ့်ဆုံးထဲတွင် ရှိနေသေးသည့်အတွက် ရည်မှန်းချက်ဖြစ်သည့် တစ်ဧကလျှင် ပေါင် ၁၀၀၀ နှုန်းရရှိစေရန် ရော်ဘာခြံပိုင်ရှင်များ၊ ဒေသဆိုင်ရာတာဝန်ရှိသူများအနေဖြင့် စနစ်ကျသည့်စီမံခန့်ခွဲမှုများ၊ တွေ့ကြုံနေရသည့်အခက်အခဲများကို ဝိုင်းဝန်းဖြေရှင်းပေးခြင်းဖြင့် ရရှိနိုင်ပါသည်။**

စတုတ္ထနည်းလမ်းမှာ လက်ရှိတင်ပို့နေသည့် ရော်ဘာစေးများ၏ အရည်အသွေးကို ပိုမိုမြင့်တင်ပေးခြင်းဖြင့်လည်း လက်ရှိမြန်မာ့ရော်ဘာများ၏ ဈေးနှုန်းကို ပိုမိုမြင့်တက်စေမည်ဖြစ်သည်။ ဥပမာအားဖြင့် မြန်မာ့ရော်ဘာပို့ကုန်များကို နိုင်ငံတကာစံချိန်စံနှုန်းဖြစ်သည့် RSS (Ribbed Smoke Sheet) နှင့် မြန်မာ့စံချိန်စံညွှန်း– MSR (Myanmar Standard Rubber) ရော်ဘာအရည်အသွေး သတ်မှတ်ချက်ဖြစ်သည့် TSR(Technically Specified Rubber) အရကြည့်လျှင် RSS–3၊ RSS–5 နှင့် TSR–20 များသာဖြစ်ပြီး အရည်အသွေးမြင့်သည့် RSS–1 နှင့် TSR– 10 တို့ကို ထုတ်လုပ်တင်ပို့နိုင်မှုမရှိသေးပေ။ လုပ်ဆောင်သင့်သည့်အချက်မှာ လုပ်ခွင်ငယ် ခြံပိုင်ရှင်များစုပေါင်းပြီး ရော်ဘာစေး(ကြက်ပေါင်စေး) ကို ထပ်ဆင့်ပြုပြင်သည့် အသေးစားစက်များကို ဧက ၅၀၀ သို့မဟုတ် ၁၀၀၀ လျှင် စက်တစ်လုံးနှုန်း စသည်ဖြင့် ထိုင်းနိုင်ငံမှာကဲ့သို့ တစ်ပြေးညီလုပ်ဆောင်နိုင်လျှင် ရော်ဘာထုတ်ကုန်အရည်အသွေး သိသိသာသာတိုးတက်လာမည်ဖြစ်သလို ဈေးနှုန်းပါ မြင့်တက်လာမည်ဖြစ်၍ ထုတ်ကုန်တန်ဖိုးတိုးတက်စေမည်ဖြစ်သည်။

ထို့အတူ ရော်ဘာပင်များအနက် အထွက်နှုန်းကျနေသည့်အပင်အိုများ (သက်တမ်း ၂၅ နှစ်နှင့်အထက်) များကို အထွက်နှုန်းကောင်းသည့် မျိုးသစ် (PB–260)၊ ထိုင်းမျိုး (RRIT–251)၊ မလေးရှားမျိုး (RRIM–600)၊ အင်ဒိုနီးရှားမျိုး(BPM–24) များဖြင့် အစားထိုးစိုက်ပျိုးစေခြင်းဖြင့် အနာဂတ်ကာလ မြန်မာ့ရော်ဘာအထွက်ကို သိသာစွာတိုးတက်စေမည်ဖြစ်သည်။ ရော်ဘာပင်အိုများ အစားထိုးမည့်အစီအစဉ်ကို ရော်ဘာကိုအခြေပြု ပရိဘောဂများ၊ စားပွဲတင်ပစ္စည်းများပြုလုပ်ခြင်းတို့ကိုပါ လုပ်ဆောင်နိုင်လျှင် လုပ်ငန်း၏ ဝင်ငွေရလမ်းကိုတိုးစေမည်ဖြစ်သည်။

ယခုအခါ အောက်မြန်မာပြည်ရှိ မြေလွတ်မြေရိုင်းများတွင် ရော်ဘာစိုက်ခင်းများ ပိုမိုဖော်ဆောင်ရာတွင်လည်း အဆိုပါအထွက်နှုန်းအားကောင်းသည့် မျိုးများအသုံးပြုနိုင်ရန် လုပ်ဆောင်သင့်ပါသည်။ ထို့အတူ ရော်ဘာစေးခြစ်သည့် လုပ်သားများရှားပါးလာမှုကို ဖြေရှင်းနိုင်ရန်အတွက် အခြားနိုင်ငံများကဲ့သို့ ရော်ဘာခြစ်စက်များကိုပါ တွဲဖက်အသုံးပြုနိုင်မည့်နည်းလမ်းကိုလည်း လုပ်ကွက်ကြီးသူများအနေဖြင့် စတင်သင့်ပြီဖြစ်သည်။

**အတုယူသင့်သည့်လုပ်ဆောင်မှုများ**

ကမ္ဘာတွင် သဘာဝရော်ဘာစိုက်ပျိုးထုတ်လုပ်မှုနှင့်တင်ပို့မှုတွင် အရှေ့တောင်အာရှနိုင်ငံများကသာလွှမ်းမိုးထားပြီး သိသိသာသာအောင်မြင်ခဲ့သည့်နိုင်ငံများတွင် အဓိကကျသည့်လုပ်ဆောင်မှုများနှင့် အစိုးရ – ပုဂ္ဂလိကပူးပေါင်းဆောင်ရွက်မှုများအနက် ထိုင်းနိုင်ငံ၏ သဘာဝရော်ဘာစိုက်ပျိုးထုတ်လုပ်မှုနှင့်တင်ပို့မှုတွင် အများဆုံးထုတ်လုပ်သူနှင့် တင်ပို့သူဖြစ်လာသည့်အပြင် စဉ်ဆက်မပြတ်တိုးတက်လာရခြင်း အခြေခံအကြောင်းရင်းများအနက် အရေးပါဆုံးမှာ ထိုင်းရော်ဘာအာဏာပိုင်အဖွဲ့ ဖွဲ့စည်းတည်ထောင်နိုင်ခဲ့ခြင်းဖြစ်သည်။

ထိုအဖွဲ့အနေဖြင့် စဉ်ဆက်မပြတ်သုတေသနလုပ်ငန်းများဆောင်ရွက်ခြင်း၊ လုပ်ခွင်ငယ်များ၏ ကွဲပြားသည့် ရော်ဘာကုန်ကြမ်းများကို အရည်အသွေးစံတစ်ခုတည်းဖြစ်စေရန် စီမံဆောင်ရွက်ပေးခြင်း၊ လုပ်ငန်းများအဆင်ပြေချောမွေ့ လျင်မြန်သွက်လက်စေရန်ဆောင်ရွက်ခြင်း၊ ဈေးကွက်ရရှိရေး၊ သတင်းအချက်အလက်နှင့် နည်းပညာသစ်များ ပြန့်ပွားခြင်း စသည်တို့ကြောင့် စဉ်ဆက်မပြတ်ဦးဆောင်သူဖြစ်နေပါသည်။ ထို့အတူ အခြားရော်ဘာလုပ်ငန်းနှင့်ပတ်သက်၍ အတုယူသင့်သည့်နိုင်ငံမှာ သီရိလင်္ကာနိုင်ငံဖြစ်ပြီး စိုက်ပျိုးဧက သုံးသိန်းဝန်းကျင် (မြန်မာ၏ ၅ ပုံ ၁ ပုံ)ခန့်သာ ရှိသော်လည်း ရော်ဘာပို့ကုန်ရငွေမှာ လက်ရှိနှစ်များအတွင်း ပျမ်းမျှ နှစ်စဉ်အမေရိကန်ဒေါ်လာ တစ်ဘီလီယံဝန်းကျင်ရရှိအောင် နိုင်ငံတော်အစိုးရ၏ ထိရောက်သောပံ့ပိုးမှုများဖြင့် လုပ်ဆောင်နိုင်ခြင်းကလည်း အတုယူစရာပင်ဖြစ်သည်။

**မြန်မာ့ရော်ဘာအလားအလာ**

လက်ရှိကာလတွင် အစိုးရနှင့် ပုဂ္ဂလိကကဏ္ဍပူးပေါင်းဆောင်ရွက်မှု (PPP) ပုံစံဖြင့် အမြန်ဆုံးဖြေရှင်းပေးနိုင်မည်ဆိုလျှင် အချိန်တိုအတွင်း သဘာဝရော်ဘာပို့ကုန်ဝင်ငွေ ဒေါ်လာ တစ်ဘီလီယံကျော် ရရှိနိုင်မည်ဖြစ်သည်။ ပြည်တွင်းထုတ်လုပ်မှုရော်ဘာတန်ချိန် လေးသိန်းဝန်းကျင်အနက် ပြည်တွင်းလိုအပ်ချက်ကြောင့် တာယာနှင့် အခြားစက်မှုသုံးရော်ဘာပစ္စည်းများ ထုတ်လုပ်မှုများရှိသော်လည်း ပြည်တွင်းလိုအပ်ချက်ကို မဖြည့်စွမ်းနိုင်သေးသောကြောင့် တာယာများကို တင်သွင်းနေရဆဲဖြစ်သည်။ ပြည်တွင်းတွင် တာယာထုတ်လုပ်သည့်စက်ရုံကြီးနှစ်ရုံသာရှိသည့်အတွက် လိုအပ်နေဆဲဖြစ်သည်။ တာယာနှင့် ရော်ဘာစက်မှုပစ္စည်းတင်သွင်းမှု လွန်ခဲ့သည့်သုံးနှစ်ကျော်က နှစ်စဉ်ဒေါ်လာ သန်းတစ်ရာကျော်ရှိခဲ့သော်လည်း လက်ရှိနှစ်များတွင် ဒေါ်လာ သန်း ၅၀ ဝန်းကျင်သာရှိပြီး အများစု(ထက်ဝက်ဝန်းကျင်)ကို တရုတ်နိုင်ငံမှ ဝယ်ယူတင်သွင်းပြီး ဒုတိယအများဆုံးမှာ ထိုင်းနိုင်ငံဖြစ်ကာ ဗီယက်နမ်၊ အိန္ဒိယနှင့် အင်ဒိုနီးရှားတို့မှလည်း ဝယ်ယူရပါသည်။

လက်ရှိအခြေအနေတွင် သဘာဝရော်ဘာဝယ်လိုအားနှင့် ရောင်းလိုအားတွင်လည်း ဝယ်လိုအားပိုများနေခြင်းကြောင့် ဈေးနှုန်းများ ယခင်ကထက်မြင့်တက်နေသလို ပိုမိုစိုက်ပျိုးထုတ်လုပ်နိုင်ရန် အရှေ့တောင်အာရှနိုင်ငံများအနေဖြင့် အထူးကြိုးစားနေသည့်အချိန်လည်းဖြစ်သည်။ သုတေသနလေ့လာမှုများကလည်း အနာဂတ်ကာလ သဘာဝရော်ဘာ သိသိသာသာထုတ်လုပ်နိုင်သည့် နိုင်ငံများအနက် မိမိတို့နိုင်ငံက အကောင်းဆုံးဖြစ်နေသည်မှာ နှိုင်းယှဉ်ထုတ်ယူ မသုံးစွဲရသေးသည့်အရင်းအမြစ်များ အခြားနိုင်ငံများထက်ရှိနေသေးခြင်းကြောင့်ဖြစ်သည်။

စာရင်းအင်းအချက်အလက်များက ထောက်ပြနေသည်မှာ မိမိတို့နိုင်ငံအနေဖြင့် ရော်ဘာလုပ်ငန်း သိသိသာသာတိုးတက်လာစေရန်အတွက် အထွက်နှုန်းကောင်းသည့် ရော်ဘာမျိုးသစ်များ လိုအပ်နေသလို ရော်ဘာအခြေပြုစက်မှုလုပ်ငန်း (အထူးသဖြင့် တာယာလုပ်ငန်း) ကိုလည်း နိုင်ငံတော်၏ မူဝါဒများဖြစ်သည့် လယ်ယာအခြေပြုစက်မှုလုပ်ငန်းများ ပိုမိုထူထောင်ရေးနှင့် သွင်းကုန်အစားထိုးစက်မှုထူထောင်ရေးများနှင့်ပါ ကိုက်ညီနေသောကြောင့်လည်း အထူးအလေးပေး လုပ်ဆောင်သင့်ပါသည်။

ထို့အတွက် သဘာဝရော်ဘာတိုးချဲ့စိုက်ပျိုးထုတ်လုပ်ရေး၊ တင်ပို့ရေးနှင့် ရော်ဘာအခြေပြု စက်မှုလုပ်ငန်းတိုးချဲ့ရေးတို့ကို အစိုးရ–ပုဂ္ဂလိကပုံစံဖြင့် တွန်းတွန်းတိုက်တိုက် လုပ်ဆောင်မည်ဆိုလျှင် အမြန်တိုးတက်လာမည်ဖြစ်ပြီး စိုက်ပျိုးသူများ၊ လုပ်သားများ၊ ထပ်ဆင့်ပြုပြင်သူများ၊ စက်မှုလုပ်ငန်းရှင်များ၊ တင်ပို့သူများအားလုံး အကျိုးရှိစေမည့်အပြင် နိုင်ငံ့ဝင်ငွေကိုလည်း အတိုင်းအတာတစ်ခုအထိ မြင့်တင်ပေးနိုင်မည်ဖြစ်ပါသည်။ ။

**ရည်ညွှန်းကိုးကား –**

- C.S.O : Statistical Yearbooks https://www.csostat.gov.mm
- Global New Light of Myanmar: Myanmar launches plans to raise rubber yield above 1000 pounds per acre, Oct 25,2025
- Malaysia Rubber Council : Rubber Industry Overview https://www.myrubbercouncil.com
- Rubber Authority of Thailand : Key Functions https://www.raot.co.th
- Workman, David : Natural Rubber Export by Country https://www.worldtopexports.com
- သန္တာဝင်း: ရော်ဘာစိုက်ခင်း၏ အရေးပါမှုနှင့် ပျိုးပင် ထုတ်လုပ်နည်းပညာအကြောင်း သိကောင်းစရာ မြန်မာ့အလင်းသတင်းစာ၊ ဩဂုတ် ၅၊ ၂၀၁၆
- MRPPA : Myanmar Rubber Planters and Producers Association https://www.mrppa-myanmar.com.mm

## လပ်ကီးရောင်းဝယ်ရေး သမဝါယမအသင်း အစည်းအဝေးနှင့် အမှုဆောင်အဖွဲ့သစ် ရွေးချယ်ပွဲ ကျင်းပ



**မုံရွာ ဩဂုတ် ၂၃**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ ထန်းတောရပ်ကွက် လပ်ကီးရောင်းဝယ်ရေး သမဝါယမအသင်း၏ ၂၀၂၅–၂၀၂၆ ဘဏ္ဍာနှစ် နှစ်ပတ်လည် အရပ်ရပ်ဆိုင်ရာ အစည်းအဝေးနှင့် အမှုဆောင်အဖွဲ့သစ်ပြန်လည်ရွေးချယ်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းက ထန်းတောရပ်ကွက် အသင်းရုံးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် မုံရွာမြို့နယ်သမဝါယမဦးစီးဌာနမှ ဦးစီးအရာရှိ ဦးခင်မောင်လွင်က အသင်းဖွံ့ဖြိုးတိုးတက်ရေးအတွက် အသင်းလုပ်ငန်းများကို အသင်းသားများအားလုံး တက်ညီလက်ညီ ပူးပေါင်းဆောင်ရွက်ကြရန် မှာကြားပြီး သမဝါယမအသင်း ဥပဒေကို ပြင်ဆင်သည့်ဥပဒေပါ ပြဋ္ဌာန်းချက်များအတိုင်း အသင်း၏ အမှုဆောင် သုံးဦးနှင့် အသင်းစာရင်းစစ် နှစ်ဦးတို့အား တက်ရောက်လာသော အသင်းသားများ၏ အဆိုပြုထောက်ခံချက်များ အတိုင်း ညှိနှိုင်းရွေးချယ် အတည်ပြုဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ဖိုးချမ်း(မုံရွာ)**

■

## စားအုန်းဆီ လက်လီ / လက်ကားအရောင်းဆိုင်များ၌ တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေး

**ကျောက်ပန်းတောင်း ဩဂုတ် ၂၃**

မန္တလေး တိုင်းဒေသကြီး ကျောက်ပန်းတောင်း မြို့နယ် စားအုန်းဆီ ဖြန့်ဖြူးရောင်းချမှုကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများသည် စားအုန်းဆီ လက်လီ/လက်ကား ဖြန့်ဖြူးရောင်းချသည့် ဆိုင်များတွင် သတ်မှတ်စည်းကမ်းချက်များနှင့်အညီ ရောင်းချမှု ရှိ/မရှိနှင့် တစ်အိမ်ထောင်စုလျှင် စားအုန်းဆီ ၂ ပိဿာ ၅၀ ကျပ်သားနှုန်း ရောင်းချပေးနေမှုကို ယမန်နေ့နံနက်ပိုင်းက ကွင်းဆင်းစစ်ဆေးကြသည်။



ထိုသို့ စစ်ဆေးရာတွင် စားအုန်းဆီ လက်လီ/လက်ကား ဖြန့်ဖြူးရောင်းချနေသည့် အရောင်းဆိုင်များအနေဖြင့် သတ်မှတ်ရည်ညွှန်းဈေးနှုန်းအတိုင်း ဗီနိုင်းချိတ်ဆွဲ၍ ဖြန့်ဖြူးရောင်းချခြင်း ရှိ/မရှိ၊ အလေးချိန် မှန်ကန်မှု ရှိ/ မရှိနှင့် ဆီစာအုပ်များကို စနစ်တကျ ထုတ်ပေးခြင်း၊ ခွဲတမ်းအရ ရရှိသော ဆီပိဿာချိန်ကို ဌာနမှ ချမှတ်ထားသော မှန်ခြောက်မှန်နှင့်အညီ ပြည်သူများအား အမှန်တကယ် ရောင်းချပေးနေခြင်းတို့ကို လက်လီ / လက်ကား ကိုယ်စားလှယ် အရောင်းဆိုင်များအား ကွင်းဆင်းစစ်ဆေးခဲ့ပြီး အရောင်းကိုယ်စားလှယ် တာဝန်ခံများနှင့် စားသုံးသူ ပြည်သူများအား ရောင်းချမှု / ဝယ်ယူရရှိမှုများကို ရင်းရင်းနှီးနှီး တွေ့ဆုံမေးမြန်းခဲ့ကြောင်း သိရသည်။

**သဲသဲ(ပြန်/ဆက်)**

# မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ သဘာဝဘေးအန္တရာယ်များဖြစ်ပေါ်နိုင်သဖြင့် ကြိုတင်သတိပြုရန် အသိပေးနှိုးဆော်

ယနေ့နံနက် ၆ နာရီခွဲ တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားကောင်းရာမှ အားအလွန်ကောင်းနေခြင်းကြောင့်လည်းကောင်း၊ တုံကင်ပင်လယ်ကွေ့တွင် ဖြစ်ပေါ်နေသော အပူပိုင်းမုန်တိုင်း "နာရာ"မှ ပြတ်ထွက်လာသော တိမ်တိုက်များကြောင့်လည်းကောင်း၊ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် လေထုမငြိမ်မသက်မှုများ ဖြစ်ပေါ်နေခြင်းကြောင့်လည်းကောင်း ယနေ့နံနက်မှ ဩဂုတ် ၂၇ ရက်အတွင်း နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၁၁ ပေမှ ၁၃ ပေခန့် ရှိနိုင်သည်။

သို့ဖြစ်ပါ၍ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားကောင်းရာမှ အားအလွန်ကောင်းနေခြင်းကြောင့်လည်းကောင်း၊ တုံကင်ပင်လယ်ကွေ့တွင် ဖြစ်ပေါ်နေသော အပူပိုင်းမုန်တိုင်း"နာရာ"မှ ပြတ်ထွက်လာသောတိမ်တိုက်များကြောင့်လည်းကောင်း၊ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် လေထုမငြိမ်မသက်မှုများ ဖြစ်ပေါ်နေခြင်းကြောင့်လည်းကောင်း မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ ရုတ်တရက်ရေကြီးခြင်းနှင့် မြေပြိုခြင်းစသည့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်သဖြင့် ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်နှင့် မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုနိုင်ပါရန်နှင့် ပြည်တွင်းလေကြောင်းပျံသန်းရေး၊ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေးသင်္ဘောများအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ပါရန် အသိပေးနှိုးဆော်ထားသည်။ မိုးကြီးမည့်သတိပေးချက်နှင့်ပတ်သက်သည့်အခြေအနေများအား အချိန်နှင့်တစ်ပြေးညီ ဆက်လက်ထုတ်ပြန်ပေးသွားမည်ဖြစ်ကြောင်း တင်ပြအပ်ပါသည်။

မိုး/ဇလ

## ရန်ကုန်အနောက်ပိုင်းခရိုင်၌ မြန်မာသံစဉ်ဂန္ထဝင်တေးသံရှင်ကြီးများအား ဂါရဝပြုတေးဂီတဖျော်ဖြေပွဲ ကျင်းပ



**ရန်ကုန် ဩဂုတ် ၂၃**

ရန်ကုန်တိုင်းဒေသကြီး ရန်ကုန်အနောက်ပိုင်းခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန၌ မြန်မာသံစဉ် ဂန္ထဝင်တေးသီချင်းများကို ချစ်မြတ်နိုးသူများနှင့် တေးဂီတဝါသနာရှင်များ စိတ်ပါဝင်စားစွာ ခံစားနားဆင်နိုင်ရန် ရည်ရွယ်၍ မြန်မာသံစဉ်ဂန္ထဝင် အဆိုတော်ကြီးများ၏ တေးဂီတဖျော်ဖြေပွဲကို ယနေ့မွန်းလွဲ ၁ နာရီက စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။

**ဖျော်ဖြေ**

အခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်ခင်စောလင်းက ဖျော်ဖြေပွဲကျင်းပရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး မြန်မာနိုင်ငံဂီတအစည်းအရုံးဥက္ကဋ္ဌ ဦးလွင်မြင့်နှင့် RITU-70 Founder ဦးမြင့်ဖေတို့က မှဒိတာစကားနှင့် အမှာစကားများ ပြောကြားကြသည်။ ထို့နောက် မြန်မာသံစဉ် ဂန္ထဝင်တေးသံရှင်ကြီးများအား ဂါရဝပြုကန်တော့ခဲ့ကြသည်။ ဆက်လက်၍ မြန်မာ့ဂီတလောကတွင် အစဉ်အလာကောင်းများနှင့်အတူ ပရိသတ်ရင်ထဲ စွဲမြဲကျန်ရစ်ခဲ့သည့် ဂန္ထဝင်တေးသံရှင်ကြီးများက တစ်ဦးချင်းစီ သီဆိုဖျော်ဖြေခဲ့ကြရာ အမေထား(စည်သူ)က "မနက်ဖြန်သို့မဟုတ် ဘယ်သောခါ၊ သံသရာတစ်ကွေ့ဝယ်၊ နားလည်ပေးပါ"၊ သလ္လာဝတီလှလှရီက "သလ္လာဝတီမြို့တော်၊ ရွာသာယာ၊ ချစ်သောမောင်"၊ ဒေါ်မိမိလေးက "လက်ပံပွင့်ကောက်၊ အမောပြေ၊ စံပယ်မွှေးမွှေးအထွေးဖို့"၊ ဒေါ်အေးအေးသွယ်က "ယုန်ကမတိုး ပိုက်ကတိုး၊ အသဲမှာအေးတဲ့ သပြေမလေး၊ ဆရာမလေးရေ"နှင့် ဒေါ်ခင်ညွှန့်ညွှန့်သန်းက "အချစ်ဟောင်းထံမှ စာချွန်တော်၊ တံ့လှည့်မေတ္တာ၊ စံပယ်တင်မှည့်"၊ ညွှ့်သည်အဆိုတော် တက္ကသိုလ်လဲ့လဲ့တို့က လူကြိုက်များသည့် မြန်မာသံစဉ်တေးသီချင်းများဖြင့် ဖျော်ဖြေခဲ့ကြသည်။

ထို့နောက် ညွှ့်သည်တေးသံရှင်များနှင့် တေးဂီတဝါသနာရှင်များကလည်း တေးသီချင်းများဖြင့် ဆက်လက် ဖျော်ဖြေခဲ့ကြရာ ခေတ်အဆက်ဆက် မြန်မာ့ဂီတအမွေအနှစ်များကို တစ်စုတစ်စည်းတည်း ပြန်လည်ခံစားနိုင်သည့် အမှတ်တရတေးဂီတပွဲကောင်းတစ်ခု ဖြစ်ပေါ်ခဲ့ပြီး RITU-70 Founder (မြန်မာသံစဉ်မြတ်နိုးသူများ)အား အလှူငွေများ ပေးအပ်ခဲ့သည်။

အဆိုပါဖျော်ဖြေပွဲသည် မြန်မာသံစဉ် ဂန္ထဝင်တေးသီချင်းများကို မျိုးဆက်သစ်များအကြား ဆက်လက်ရှင်သန်စေရန်နှင့် ဂီတအနုပညာရှင်ကြီးများ၏ တန်ဖိုးမဖြတ်နိုင်သည့် အနုပညာအမွေအနှစ်များကို ထိန်းသိမ်းမြှင့်တင်နိုင်ရန် ရည်ရွယ်ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

နေလင်း(ပြန်/ဆက်)



## ကချင်ပြည်နယ်၌ GAP စံနှုန်းနှင့်အညီ စိုက်ပျိုးထုတ်လုပ်နိုင်ရေး ငှက်ပျောစိုက်သူများအား နည်းပညာဆိုင်ရာများ အသိပညာပေးဆွေးနွေး

**မြစ်ကြီးနား ဩဂုတ် ၂၃**

ကချင်ပြည်နယ်အတွင်း ပြည်ပပို့ကုန် ငှက်ပျောများ ပိုးသတ်ဆေးဓာတ်ကြွင်းကင်းစင်ရေးနှင့် ပိုးမွှားကင်းစင်ပြီး GAP စံနှုန်းနှင့်အညီ စိုက်ပျိုးထုတ်လုပ်နိုင်ရေး ဒေသတွင်း ငှက်ပျောစိုက်ကုမ္ပဏီများအား အသိပညာပေးခြင်းနှင့် စိုက်ပျိုးသူနှင့် တင်ပို့သူများ သိရှိလိုက်နာဆောင်ရွက်ရမည့်နည်းလမ်းများကို ဩဂုတ် ၂၂ ရက် နံနက်ပိုင်းက ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ပညာပေး ရှင်းလင်းဆွေးနွေးသည်။

ကချင်ပြည်နယ်အနေဖြင့် ဆန်စပါးပြီးလျှင် ရော်ဘာနှင့် ငှက်ပျောသည် စိုက်ပျိုးမှုအများဆုံးဖြစ်ပြီး တစ်ရှူးငှက်ပျောသည် ပြည်ပပို့ကုန် စိုက်ပျိုးရေးသီးနှံအဖြစ် စိုက်ပျိုးထုတ်လုပ်တင်ပို့လျက်ရှိသည့်အတွက် ပိုးသတ်ဆေးဓာတ်ကြွင်းကင်းစင်ရေးနှင့် GAP စံနှုန်းနှင့်အညီ စိုက်ပျိုးထုတ်လုပ်နိုင်ရေး ပိုးမွှားနှိမ်နင်းရေးလမ်းညွှန်ချက်များကို ကျယ်ကျယ်ပြန့်ပြန့်သိရှိနားလည်စေရေးနှင့် လိုက်နာဆောင်ရွက်နိုင်ရေးအသိပညာပေး ရှင်းလင်းဆွေးနွေးခြင်းဖြစ်ကြောင်း ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးသိန်းစိုးက ရှင်းလင်းပြောကြားသည်။

အဆိုပါပညာပေးဆွေးနွေးပွဲကို စိုက်ပျိုးရေးဦးစီးဌာန သီးနှံကာကွယ်ရေးဌာနခွဲ(ရုံးချုပ်)မှ ညွှန်ကြားရေးမှူး ဦးဇော်လင်း၊ သီးနှံပိုးမွှားရောဂါပြန့်ပွားထိန်းချုပ်ရေးဌာနစုမှ ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာမူမူသိန်းနှင့် လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာကိုကိုတို့က စိုက်ပျိုးသူနှင့် တင်ပို့သူများ သိရှိလိုက်နာဆောင်ရွက်ရမည့်နည်းလမ်းများ၊ စောင့်ကြည့်စစ်ဆေးရမည့် ပိုးမွှားများနှင့် နှိမ်နင်းရမည့်နည်းလမ်းများကို ဒေသတွင်း တစ်ရှူးငှက်ပျောစိုက်ပျိုးထုတ်လုပ်သည့် ကုမ္ပဏီတာဝန်ရှိသူများအား ရှင်းလင်းဆွေးနွေးခဲ့ကြပြီး အပြန်အလှန်ဆွေးနွေးဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

## ကြာအင်းဆိပ်ကြီးမြို့နယ်၌ သမဝါယမအသင်း အစည်းအဝေးနှင့် အမှုဆောင်အဖွဲ့ရွေးချယ်

**ဘားအံ ဩဂုတ် ၂၃**

ကရင်ပြည်နယ် ကြာအင်းဆိပ်ကြီးမြို့နယ် သမဝါယမဦးစီးဌာန အားမာန်ရောင်းဝယ်ရေးလုပ်ငန်း သမဝါယမအသင်းလီမိတက်၏



၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်အတွက် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာ အစည်းအဝေးနှင့် အမှုဆောင်အဖွဲ့ရွေးချယ်ပွဲကို ဩဂုတ် ၂၁ ရက်က ကြာအင်းဆိပ်ကြီးမြို့နယ် သမဝါယမဦးစီးဌာနရုံးခန်းမ၌ ကျင်းပသည်။

ဦးစွာ သဘာပတိက အမှာစကားပြောကြားပြီး ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်အတွက် ဒါရိုက်တာအဖွဲ့၏ လုပ်ငန်းအစီရင်ခံစာ၊ ဘဏ္ဍာရေးရှင်းတမ်း၊ အမြတ်ခွဲဝေမှုစာရင်းနှင့် စာရင်းစစ်အစီရင်ခံစာ၊ ရှေ့လုပ်ငန်းစဉ်များကို တာဝန်ရှိသူများက ဖတ်ကြားပြီး တက်ရောက်လာကြသော အသင်းသားများထံမှ အတည်ပြုချက်ရယူခဲ့ကြသည်။

ထို့နောက် အမှုဆောင်အဖွဲ့ ပြန်လည်ရွေးချယ်ပွဲကို ကျင်းပရာ ရွေးချယ်ခံရသည့် အမှုဆောင်နှင့် အသင်းသားစာရင်းစစ်များက သဘာပတိရှေ့မှောက်တွင် ကတိသစ္စာခံယူခဲ့ကြကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

## ကော့မှူးမြို့နယ်၌ ပြည်သူ့စကားဝိုင်းဆွေးနွေးပွဲ ကျင်းပ

**ကော့မှူး ဩဂုတ် ၂၃**

ရန်ကုန်တိုင်းဒေသကြီး ကော့မှူးမြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ လွှတ်တော်ကိုယ်စားလှယ်များ၊ အုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ ဌာနဆိုင်ရာများ၊ ကျေးရွာ ပြည်သူများနှင့် ပူးပေါင်း၍ ကျင်းပသော ပြည်သူ့စကားဝိုင်းဆွေးနွေးပွဲကို ယမန်နေ့နံနက်ပိုင်းက ကော့မှူးမြို့နယ် ဘုရားနီကျေးရွာ ဘုရားကြီးကျောင်းတိုက် ဘုန်းတော်ကြီးကျောင်းဓမ္မာရုံ၌ ကျင်းပသည်။

အခမ်းအနားတွင် အမှတ်(၁) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးကျော်ဇင်ဟိန်းနှင့် အမှတ်(၂) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးလေးစိုးတို့က အမှာစကားပြောကြားပြီး မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီအဖွဲ့ဝင် ဦးဝင်းထိန်က ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့်ပတ်သက်၍ ဆွေးနွေးတင်ပြသည်။

**ရှင်းလင်းပြောကြား**

ဆက်လက်၍ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှဦးစီးအရာရှိ ဒေါ်ဇာခြည်စိမ့်က ပြည်သူ့စကားဝိုင်းဆောင်ရွက်ခြင်း၏ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။



ထို့နောက် တာဝန်ရှိသူများက သက်ဆိုင်ရာကဏ္ဍအလိုက် ဆွေးနွေးခဲ့ကြောင်း သိရသည်။

ကျော်သူရ(ကော့မှူး)

# AFC WOMEN’S CHAMPIONS LEAGUE 2026/2027 ပြိုင်ပွဲ ခြေစစ်ပွဲ မြန်မာအမျိုးသမီးကလပ် Ayeyawady FC အသင်းနှင့် တရုတ်တိုင်ပေအမျိုးသမီးကလပ် New Taipel City Hang Yuan FC အသင်းတို့ ယှဉ်ပြိုင်



ရန်ကုန် ဩဂုတ် ၂၃

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပနေသည့် AFC WOMEN’S CHAMPIONS LEAGUE 2026/ 2027 ပြိုင်ပွဲခြေစစ်ပွဲ မြန်မာအမျိုးသမီးကလပ် Ayeyawady FC အသင်းနှင့် တရုတ်တိုင်ပေအမျိုးသမီးကလပ် New Taipel City Hang Yuan FC အသင်းတို့သည် ယနေ့ညနေပိုင်းက ရန်ကုန်မြို့ သုဝဏ္ဏဘောလုံးကွင်း၌ယှဉ်ပြိုင်ကစားခဲ့သည်။

**အနိုင်ရရှိ**

ထိုသို့ မြန်မာအမျိုးသမီးကလပ် Ayeyawady FC အသင်းနှင့် တရုတ်တိုင်ပေ အမျိုးသမီးကလပ် New Taipel City Hang Yuan FC အသင်းတို့၏ ယှဉ်ပြိုင်ကစားနေမှုများကို ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးအောင်နိုင်သူ၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ အားကစားနှင့် ကာယပညာဦးစီးဌာနမှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များနှင့် ဘောလုံးပရိသတ်များက ကြည့်ရှုအားပေးကြရာ ပွဲပြီးဆုံးချိန်တွင် မြန်မာအမျိုးသမီးကလပ် Ayeyawady FC အသင်းက (၁-၀) ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

မြန်မာအမျိုးသမီး ကလပ် Ayeyawady FC အသင်းသည် AFC WOMEN’S CHAMPIONS LEAGUE 2026/ 2027 ပြိုင်ပွဲ ခြေစစ်ပွဲ၏ အုပ်စု(F)တွင် စင်ကာပူ အမျိုးသမီးကလပ် FC Jurong FC အသင်း၊ လက်ဘနွန်အမျိုးသမီး ကလပ် No Limits အသင်းနှင့် တရုတ်တိုင်ပေ အမျိုးသမီးကလပ် New Taipel City Hang Yuan FC အသင်းတို့ဖြင့် ယှဉ်ပြိုင်ကစားခဲ့ရပြီး သုံးပွဲကစား ရမှတ်(၉)မှတ်ရရှိကာ အုပ်စု ပထမနေရာအဖြစ် AFC WOMEN’S CHAMPIONS LEAGUE 2026/ 2027 ပြိုင်ပွဲအုပ်စုအဆင့်သို့ ဝင်ရောက်ယှဉ်ပြိုင်ရမည်ဖြစ်ကြောင်း သိရသည်။

**ဖွဲ့ထက်ကို(ပြန်/ဆက်)**

# U-12 Junior Soccer World Challenge 2026 ပြိုင်ပွဲတွင် မြန်မာ ယူ-၁၂ အသင်း အုပ်စုမှထွက်ရပြီးနောက် ခြေစမ်းပွဲများကစား

ရန်ကုန် ဩဂုတ် ၂၃

ဂျပန်နိုင်ငံ၌ကျင်းပသည့် U–12 Junior Soccer World Challenge 2026 ပြိုင်ပွဲတွင် မြန်မာ ယူ–၁၂ အသင်း အုပ်စုအဆင့်မှ ထွက်ရပြီးနောက် ဩဂုတ် ၂၃ ရက်တွင် ခြေစမ်းပွဲနှစ်ပွဲ ယှဉ်ပြိုင်ကစားခဲ့သည်။

မြန်မာ ယူ–၁၂ အသင်းသည် ခြေစမ်းပွဲတွင် ဂျပန်လူငယ်ကလပ် နာဒီရှီကိုအသင်းကို တစ်ဂိုး–ဂိုးမရှိဖြင့် အနိုင်ရပြီး လီဘာ၁တီအသင်းကို တစ်ဂိုး–ဂိုးမရှိဖြင့် အရေးနိမ့်ခဲ့သည်။

U–12 Junior Soccer World Challenge 2026 ပြိုင်ပွဲတွင် ရာသီဥတုအခြေအနေကြောင့် အုပ်စုသုံးပွဲအနက် နှစ်ပွဲသာကစားခဲ့ရန် ပြိုင်ပွဲကျင်းပရေးက ဆုံးဖြတ်ခဲ့ပြီး မြန်မာ ယူ–၁၂ အသင်းနှင့် အူရာဝါရတ်ဒိုင်းမွန်းအသင်းတို့ ရမှတ်တစ်မှတ်စီတူညီခဲ့ပြီး အုပ်စုဒုတိယနေရာအတွက် မဲနှိုက်ဆုံးဖြတ်ခဲ့ရသည်။ ပြိုင်ပွဲစည်းမျဉ်းအရ ဂိုးမရှိသရေကျသည့်ပွဲကို ရမှတ်မပေးသဖြင့် မြန်မာအသင်းသည် နှစ်ဂိုးစီသရေကျသည့်ပွဲအတွက်သာ တစ်မှတ်ရခဲ့ပြီး မဲနှိုက်ဆုံးဖြတ်ရာတွင် အသင်းကိုယ်စား အသင်းခေါင်းဆောင်က မဲနှိုက်ရာ ကံမကောင်းဘဲ အုပ်စုတတိယသာရပြီး နောက်တစ်ဆင့်တက်ခွင့် ဆုံးရှုံးခဲ့ခြင်းဖြစ်သည်။

**သတင်း –ညီမြတ်သော်တာ၊ ဓာတ်ပုံ –MFF**



# ၂၀၂၆ ခုနှစ် မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ်ဖလား မြို့နယ်ပေါင်းစုံ အသက်(၁၈)နှစ်နှင့်အောက် ပြေးခုန်ပစ်ပြိုင်ပွဲ ဆုပေးပွဲကျင်းပ

မကွေး ဩဂုတ် ၂၃

မြန်မာ့အားကစား လောကအဆင့်အတန်း တိုးတက်မြင့်မားလာစေရန်နှင့် မြို့နယ်ပေါင်းစုံ အားကစားပြိုင်ပွဲများမှ တစ်ဆင့် နိုင်ငံ့လက်ရွေးစင် အားကစားသမားကောင်းများ စဉ်ဆက်မပြတ် ပေါ်ထွက်လာစေရန်၊ နိုင်ငံ့ဂုဏ်ဆောင် ဘောလုံးအားကစားသမားကောင်းများ ပေါ်ထွက်လာစေရန်ရည်ရွယ်၍ မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ်ဖလား မြို့နယ်ပေါင်းစုံ အသက် (၁၈) နှစ်နှင့်အောက် ပြေးခုန်ပစ်ပြိုင်ပွဲကျင်းပခဲ့ပြီး ဆုပေးပွဲကို ယနေ့နံနက် ၉ နာရီခွဲတွင် တိုင်းဒေသကြီးအားကစားကွင်း၌ ကျင်းပခဲ့သည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် အမျိုးသား/ အမျိုးသမီး ၄x၁၀၀၊ ၄x၄၀၀ လက်ဆင့်ကမ်းပြိုင်ပွဲ ယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးကြသည်။

ဆက်လက်၍ ဆုပေးပွဲအခမ်းအနားကို ကျင်းပရာ အမျိုးသား/အမျိုးသမီး မီတာ ၃၀၀၀၊ မီတာ–၈၀၀၊ မီတာ–၂၀၀၊ မီတာ_၁၀၀ ပြိုင်ပွဲ၊ အမျိုးသား/အမျိုးသမီး (၄x၁၀၀)၊ (၄x၄၀၀) လက်ဆင့်ကမ်းပြိုင်ပွဲများ၊ အလျားခုန်၊ သုံးဆင့်ခုန်၊ လုံတံပစ်၊ သံလုံးပစ်၊ သံပြားပစ်၊ အမြင့်ခုန်ပြိုင်ပွဲများတွင် ဆုရရှိကြသူများကို တိုင်းဒေသကြီး လွှတ်တော် ဒုတိယဥက္ကဋ္ဌနှင့် တာဝန်ရှိသူတို့က ဆုများ ချီးမြှင့်ပေးအပ်ပြီး အမျိုးသား/အမျိုးသမီး အသက်(၁၈) နှစ်အောက် ၄x၄၀၀ လက်ဆင့်ကမ်းပြိုင်ပွဲတွင် ပထမဆုရရှိသော တောင်တွင်းကြီးမြို့နယ်အသင်းအား ဆုကလပ်နှင့် ငွေသား ဂုဏ်ပြုဆုငွေများနှင့် အမျိုးသား/ အမျိုးသမီး အသက် (၁၈) နှစ်အောက် ပြေးခုန်ပစ်ပြိုင်ပွဲတွင် တံခွန်စိုက်ဆုရရှိသော ဆိတ်ဖြူမြို့နယ်အသင်းအား တံခွန်စိုက်ဆုဖလားနှင့် ငွေသားဂုဏ်ပြုဆုငွေများကို တိုင်းဒေသကြီးဝန်ကြီးချုပ်က ချီးမြှင့်ပေးအပ်ခဲ့ကြောင်း သိရသည်။




**မောင်ခိုင်မင်း(ပြန်/ဆက်)**

❍ **ဒေါ့မွန်အသင်းမှ**

အခုပွဲစဉ်မှာ ဘိုင်ယန်မြူးနစ်အသင်းအတွက် သွင်းဂိုးတစ်ဂိုးသွင်းယူနိုင်ခဲ့တဲ့ တိုက်စစ်မှူးအိုလစ်ဟာ ပြီးခဲ့တဲ့ဘောလုံးရာသီက ဘိုင်ယန်မြူးနစ်အသင်းနဲ့အတူ ပြိုင်ပွဲစုံသွင်းဂိုး ၂၅ ဂိုးအထိ သွင်းယူနိုင်ခဲ့တာဖြစ်ပါတယ်။

ဒေါ့မွန်အသင်းကတော့ ဒုတိယပိုင်းပွဲကစားချိန် ၇၅ မိနစ်ရောက်မှ ဖေဘီယိုဆေးလ်ဗားရဲ့သွင်းဂိုးနဲ့ချေပဂိုးတစ်ဂိုးရရှိခဲ့ပြီး ချေပဂိုးထပ်မံရရှိရေးကြိုးပမ်းရင်း မိနစ် ၉၀ မှာ ဘင်ဆီဘိုင်နီ တိုက်ရိုက်အနီကတ်ပြခံခဲ့ရလို့ ကစားသမားတစ်ယောက်လျော့နဲ့ ကစားခဲ့ရတာဖြစ်ပါတယ်။

**ငွေကြယ်**

✤ **MFF မှ**

ကံစမ်းမဲအစီအစဉ်များပါ ထည့်သွင်းထားပြီး ကွင်းဝင်ကြေးအဖြစ် အထူးတန်းကျပ် ငါးထောင်၊ ရိုးရိုးတန်း ကျပ်နှစ်ထောင် သတ်မှတ်ထားသည်။ ရရှိသည့် ကွင်းဝင်ကြေးအားလုံးကို ရေဘေးသင့်ပြည်သူများထံ ပေးပို့လှူဒါန်းသွားမည်ဖြစ်သည်။ မြန်မာနေရှင်နယ်လိဂ်သည် ရာသီကြိုရန်ပုံငွေကွင်းဖွင့်ဖလားပွဲကို ၂၀၂၀ ပြည့်နှစ်တွင် နောက်ဆုံးကျင်းပပြီးနောက် ယခုနှစ်မှ ပြန်လည်ကျင်းပခြင်းဖြစ်ပြီး ရှမ်းယူနိုက်တက်အသင်းနှင့် ရန်ကုန်ယူနိုက်တက်အသင်းသည် နောက်ဆုံးလေးကြိမ်ဆက်တိုက် တွေ့ဆုံခြင်းဖြစ်သည်။ ရှမ်းယူနိုက်တက်အသင်းနှင့် ရန်ကုန်ယူနိုက်တက်အသင်းသည် ပြိုင်ပွဲသမိုင်းတစ်လျှောက် လေးကြိမ် တွေ့ဆုံထားပြီး ရှမ်းယူနိုက်တက်အသင်းက သုံးကြိမ်အနိုင်ရကာ ရန်ကုန်ယူနိုက်တက်အသင်းက တစ်ကြိမ်အနိုင်ရထားသည်။ MFF Charity Shield 2026 ရန်ပုံငွေ ကွင်းဖွင့်ဖလားပွဲကို ၂၀၁၂ ခုနှစ်မှ ၂၀၂၀ ပြည့်နှစ်အထိ ကျင်းပခဲ့ပြီး ယင်းကိုးကြိမ်တွင် ရှမ်းယူနိုက်တက်အသင်းနှင့် ရန်ကုန် ယူနိုက်တက်အသင်းက သုံးကြိမ်စီ၊ ရေ၀တီယူနိုက်တက်အသင်းက နှစ်ကြိမ်၊ မကွေးအသင်းက တစ်ကြိမ် ဗိုလ်စွဲထားသည်။

MFF Charity Shield 2026 ရန်ပုံငွေ ကွင်းဖွင့်ဖလားပွဲကစားမည့် နှစ်သင်းစလုံးမှာ ယခုရာသီတွင် ပြည်ပပြိုင်ပွဲများ ယှဉ်ပြိုင်ရမည်ဖြစ်သလို ရာသီကြိုပြင်ဆင်မှု များစွာပြုလုပ်ထားသည့်အသင်းများလည်းဖြစ်သည်။ ရှမ်းယူနိုက်တက်အသင်းသည် နည်းပြချုပ်သစ်အဖြစ် မြန်မာ့လက်ရွေးစင်တိုက်စစ်မှူးဟောင်း ဦးအောင်ခိုင်ကို ခန့်အပ်ထားသလို နိုင်ငံခြားသားကစားသမားသစ် ခြောက်ဦး၊ လက်ရွေးစင်ကွင်းလယ်ကစားသမားများဖြစ်သည့် ကျော်မင်းဦး၊ လွင်မိုးအောင်အပါအဝင်ပြည်တွင်းကစားသမားသစ်ခြောက်ဦး ခေါ်ယူထားသည်။ ရန်ကုန်ယူနိုက်တက်အသင်းမှာလည်း အာဂျင်တီးနားနိုင်ငံသား မာဆယ်လိုကို နည်းပြချုပ်အဖြစ် ခန့်အပ်ထားသလို နိုင်ငံခြားသားကစားသမားသစ် ခြောက်ဦး၊ မောင်မောင်လွင်၊ ဟိန်းဖြိုးဝင်း၊ သန်းပိုင်အပါအဝင် ပြည်တွင်းကစားသမားသစ်များ ခေါ်ယူထားသည်။

**သတင်း – ကိုညီလေး၊ ဓာတ်ပုံ – စိုးညွန့်သော်**

❂ **ရေ၀တီအသင်းမှ**

တစ်ခဲနက် အားပေးမှုနှင့်အတူ အကောင်းဆုံးတုံ့ပြန်ကာ ရာနှုန်းပြည့်နိုင်ပွဲရယူခဲ့ခြင်းဖြစ်သည်။

ရေ၀တီအသင်းသည် ပွဲထွက်လူစာရင်းကို အပြောင်းအလဲအချို့ပြုလုပ်ခဲ့ပြီး ဂျပန်ကစားသမား ငါးဦးနှင့်အတူ အိစန္ဒာဇော် (ဂိုး)၊ ဇွန်ယုယဦး၊ ဖြူဖြူဝင်း၊ ဇင်မိုးပြည့်၊ မေထက်လူ၊ နော်ထက်ထက်ဝေတို့ကို အသုံးပြုခဲ့သည်။ ပွဲအစပိုင်းတွင် နယူးတိုင်ပေစီးတီးအသင်းက ဂိုးရရန်ကြိုးပမ်းသော်လည်း ရေ၀တီအသင်းက ပြန်လည်ထိန်းချုပ်ကာ ၁၅ မိနစ်နောက်ပိုင်းတွင် ပိုဖိကစားနိုင်ခဲ့သည်။ ပထမပိုင်းတွင် ရေ၀တီအသင်း ဂိုးရနိုင်သည့်အခွင့်အရေးအချို့ရသော်လည်း အသုံးမချနိုင်ခဲ့သဖြင့် ပထမပိုင်းအပြီးတွင် ဂိုးမရှိသရေကျနေသည်။ ဒုတိယပိုင်းအစတွင် ရေ၀တီအသင်းက ဇင်မိုးပြည့်အစား လင်းမြင့်မိုရ်ကိုထည့်ကာ တိုက်စစ်မြင့်ခဲ့ပြီး ၅၆ မိနစ်တွင် လင်းမြင့်မိုရ်က တစ်လုံးတည်းသော အနိုင်ဂိုးသွင်းယူခဲ့သည်။

ရေ၀တီအသင်းသည် အုပ်စုသုံးပွဲကစားရာတွင် သုံးပွဲစလုံး အနိုင်ရပြီး ရမှတ်ကိုးမှတ်ဖြင့် အုပ်စုပထမရရှိကာ ခြေစစ်ပွဲအောင်မြင်ခဲ့ခြင်းဖြစ်သည်။ ရေ၀တီအသင်းသည် စင်ကာပူကလပ် FC Jurong အသင်းကို လေးဂိုး–ဂိုးမရှိ၊ လက်ဘနွန်ကလပ် No Limits အသင်းကို ရှစ်ဂိုး–ဂိုးမရှိ၊ တရုတ်တိုင်ပေကလပ် နယူးတိုင်ပေစီးတီးအသင်းကို တစ်ဂိုး–ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။ အာရှအမျိုးသမီးချန်ပီယံလိဂ်ပြိုင်ပွဲ နောက်ဆုံးအဆင့်ကို နိုဝင်ဘာ ၁ ရက်မှ ၇ ရက်အထိ ကျင်းပမည်ဖြစ်သည်။

**သတင်း – ကိုညီလေး**

**ဓာတ်ပုံ – စိုးညွန့်သော်**

# ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်မြို့အတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်သူ ၂၀ အား လုပ်ငန်းသုံးပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိ

နေပြည်တော် ဩဂုတ် ၂၃

နိုင်ငံတော် အစိုးရအနေဖြင့် ကမ္ဘာလုံးဆိုင်ရာ လူမှုစီးပွားနယ်ပယ်နှင့် အမျိုးသားလုံခြုံရေးကို ခြိမ်းခြောက်လာသည့် အွန်လိုင်းလိမ်လည်မှုဆိုင်ရာနှင့် အွန်လိုင်းလိမ်လည် လောင်းကစားမှု (Online Scam)များကို ပပျောက်စေရေးအတွက် နိုင်ငံတော်အစိုးရက အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်း နိုင်ငံများနှင့် ပူးပေါင်းကာ စနစ်တကျအစီအစဉ်ချ၍ အင်တိုက်အားတိုက် အရှိန်အဟုန်မြင့်ဆောင်ရွက်လျက်ရှိပြီး ကျူးလွန်နေသူများကိုလည်း ပြင်းပြင်းထန်ထန် ဖမ်းဆီးအရေးယူ ဆောင်ရွက်လျက်ရှိသည်။




မူဆယ်မြို့ ကောင်းမှုတံုရပ်ကွက်အတွင်း၌ အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်သူများနှင့် လုပ်ငန်းသုံးပစ္စည်းများ ဖမ်းဆီးရမိသည့်နေရာအား တွေ့ရစဉ်။

ထိုသို့ အရှိန်အဟုန်ဖြင့် တက်ကြွစွာ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် လုံခြုံရေးပူးပေါင်းအဖွဲ့များက ရှမ်းပြည်နယ် (မြောက်ပိုင်း) မူဆယ်မြို့အတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်သူ ၂၀ အား လုပ်ငန်းသုံးပစ္စည်းများနှင့်အတူ အောင်မြင်စွာ ဖော်ထုတ်ဖမ်းဆီးနိုင်ခဲ့သည်။

လုံခြုံရေး ပူးပေါင်းအဖွဲ့များက သက်ဆိုင်ရာ နယ်မြေများအတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှုလုပ်ကိုင်သူများ အခြေပြုနေထိုင်ခြင်းမရှိစေရန်နှင့် အွန်လိုင်းလိမ်လည် လောင်းကစားမှုများ ဆောင်ရွက်ခြင်းမရှိစေရန်အတွက် စုံစမ်းရှာဖွေ ဖော်ထုတ်စစ်ဆေးခြင်း လုပ်ငန်းများကိုဆောင်ရွက်ခဲ့ရာ ယနေ့ ညနေ ၄ နာရီခွဲခန့်တွင် ရှမ်းပြည်နယ် (မြောက်ပိုင်း) မူဆယ်မြို့ ကောင်းမှုတံုရပ်ကွက် ကောင်းမူးလွယ်နယ်မြေရှိ နေအိမ်တစ်လုံးအတွင်းမှ အွန်လိုင်းလိမ်လည် လောင်းကစားမှု ကျူးလွန်သူတရားမဝင် ဝင်ရောက်နေထိုင်သည့် တရုတ်နိုင်ငံသား အမျိုးသား တစ်ဦးနှင့် မြန်မာနိုင်ငံသား အမျိုးသား ၁၇ ဦး၊ အမျိုးသမီး နှစ်ဦး စုစုပေါင်း ၂၀ တို့အား ဖုန်းမျိုးစုံ ၇၇ လုံး၊ All In One ကွန်ပျူတာ သုံးလုံး၊ Laptop တစ်လုံး၊ အခြားလုပ်ငန်းသုံး ဆက်စပ် ပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

ထိုသို့ ဖမ်းဆီးရမိခဲ့သည့် အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်သူများအား စစ်ဆေးမှုများဆောင်ရွက်ပြီးစီးပါက တည်ဆဲဥပဒေများနှင့်အညီ ထိရောက်စွာ ပြင်းပြင်းထန်ထန် အရေးယူဆောင်ရွက်သွားမည် ဖြစ်ပြီး သိမ်းဆည်းရမိသည့် လုပ်ငန်းသုံးပစ္စည်းများကိုလည်း လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

နိုင်ငံတော်အနေဖြင့် မြန်မာနိုင်ငံအတွင်း အွန်လိုင်းလိမ်လည် လောင်းကစားမှုများ အခြေချလုပ်ကိုင်နိုင်ခြင်း မရှိစေရေးနှင့် အပြီးတိုင် ပပျောက်စေရေးတို့အတွက် အမြစ်ပြတ်တိုက်ဖျက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်မပျက် အထူးအလေးထား၍ တက်ကြွစွာ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်



ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်မြို့ ကောင်းမှုတံုရပ်ကွက်အတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်သူ ၂၀ အား လုပ်ငန်းသုံးပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိသည့်နေရာကို တွေ့ရစဉ်။



ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်မြို့ ကောင်းမှုတံုရပ်ကွက်အတွင်း ဖမ်းဆီးရမိခဲ့သည့် အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်သူ တရုတ်နိုင်ငံသား အမျိုးသား တစ်ဦး၊ မြန်မာနိုင်ငံသားအမျိုးသား ၁၇ ဦး၊ အမျိုးသမီး နှစ်ဦး စုစုပေါင်း ၂၀ နှင့် လုပ်ငန်းသုံးပစ္စည်းများကို တွေ့ရစဉ်။

# ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ်နှင့် ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်တို့တွင် တက္ကစီယာဉ်မောင်းများကို ဓားထောက်ခြိမ်းခြောက်၍ မော်တော်ယာဉ်များကို လုယက်မှုကျူးလွန်ခဲ့သူ အမျိုးသားလေးဦးအား သက်သေခံပစ္စည်းများနှင့်အတူ ဖော်ထုတ်ဖမ်းဆီးရမိ

နေပြည်တော် ဩဂုတ် ၂၃

ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ်နှင့် ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ်တို့တွင် တက္ကစီယာဉ်မောင်းများကို ဓားထောက်ခြိမ်းခြောက်၍ မော်တော်ယာဉ်များကို လုယက်မှုကျူးလွန်ခဲ့သူ အမျိုးသားလေးဦးအား သက်သေခံပစ္စည်းများနှင့်အတူ ဖော်ထုတ်ဖမ်းဆီးရမိပြီး ဥပဒေနှင့်အညီ အရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

ဖြစ်စဉ်မှာ ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ် ယင်းတိုက်ကွင်းကျေးရွာနေ ဦးအောင်စိုး (၅၆)နှစ်သည် ဩဂုတ် ၁၇ ရက် ညနေ ၆ နာရီခွဲခန့်တွင် ၎င်းပိုင်ဆိုင်သည့် YGN–1 DD–7113 TOYOTA SUCCEED တက္ကစီယာဉ်အား အမျိုးသားသုံးဦး(စိစစ်ဆဲ)က ငှားရမ်းခဲ့သဖြင့် လိုက်ပါခဲ့ပြီး မှော်ဘီမြို့နယ် ဘွက်ကြီးကျေးရွာမြေစာရင်းတောရရိပ်သာဘုန်းကြီးကျောင်းမုခ်ဝအရောက်တွင် အဆိုပါအမျိုးသား သုံးဦးမှ ဦးအောင်စိုးကို ကတ်ကြေးဖြင့်ထောက် ခြိမ်းခြောက်ပြီး ငွေကျပ် လေးသိန်း၊ Redmi note 5 အမျိုးအစားဖုန်းတစ်လုံးနှင့် မော်တော်ယာဉ်ကို လုယက်ယူဆောင်သွားခဲ့ကြောင်း သတင်းအရ ပြစ်မှုကျူးလွန်သူများကို ဖမ်းဆီးရမိနိုင်ရေး မှော်ဘီမြို့မရဲစခန်း (ပ)၄၀၁/၂၀၂၆၊ ရာဇသတ်ကြီးပုဒ်မ ၃၉၄/၃၉၇/၃၄ ဖြင့် အမှုရေးဖွင့် စုံစမ်းစစ်ဆေးဆောင်ရွက်ခဲ့သည်။



ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ်နှင့် ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ်တို့တွင် တက္ကစီယာဉ်မောင်းများကို ဓားထောက်ခြိမ်းခြောက်၍ မော်တော်ယာဉ်များကို လုယက်မှုကျူးလွန်ခဲ့သူ အမျိုးသားလေးဦးတို့အား သက်သေခံပစ္စည်းများနှင့်အတူ ဖော်ထုတ်ဖမ်းဆီးရမိမှု မှတ်တမ်းဓာတ်ပုံ။

လုံခြုံရေးတပ်ဖွဲ့ဝင်များသည် တရားခံများကို ဖော်ထုတ်ဖမ်းဆီးရမိရေး အခင်းဖြစ်ရပ်မှတ်တမ်းများအား စစ်ဆေးဆောင်ရွက်ခြင်း၊ နယ်မြေသတင်းရယူစုံစမ်းခြင်းတို့ ဆောင်ရွက်ခဲ့ရာ လုယက်မှုကျူးလွန်ရာမှ ပါသွားခဲ့သည့် သက်သေခံ YGN–1 DD–7113 TOYOTA SUCCEED တက္ကစီမော်တော်ယာဉ်အား ဩဂုတ် ၂၁ ရက် နံနက်ပိုင်းတွင် ဒဂုံမြို့သစ် (အရှေ့ပိုင်း)မြို့နယ် (၅၂)ရပ်ကွက် မဒကျေးရွာ အောင်သပြေလမ်းဘေး၌ တွေ့ရှိသိမ်းဆည်းရမိခဲ့ပြီး ဩဂုတ် ၂၂ ရက် နံနက်ပိုင်းတွင် လုယက်မှုကျူးလွန်သူ ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ် (၅၁) ရပ်ကွက်နေ သက်ပိုင်ဦး (ခ)ဝက်ကုန်း(၂၇)နှစ်ကို ၎င်း၏နေအိမ်၌ ဖမ်းဆီးရမိခဲ့သည်။

တရားခံ သက်ပိုင်ဦး(ခ)ဝက်ကုန်း၏ ထွက်ဆိုချက်အရ တက္ကစီယာဉ်များအား လုယက်မှု ကျူးလွန်ခဲ့ရာတွင် ပူးပေါင်းပါဝင်ခဲ့သူများမှာ လှိုင်ကျော်ထွန်း(ခ)ကျော်ကြီး၊ ဝေယံ(ခ)ဖိုးစည်နှင့် ဝေယံထွန်း(ခ)ဝေယံတို့ဖြစ်ကြောင်းသိရှိရသဖြင့် ဖမ်းဆီးရမိရေးဆက်လက်ဆောင်ရွက်ခဲ့ရာ ယင်းနေ့ မွန်းလွဲပိုင်းတွင် ထပ်မံဖမ်းဆီးရမိခဲ့သည်။

၎င်းတို့သည် ဩဂုတ် ၁၄ ရက်၊ ၁၇ ရက်၊ ၂၀ ရက်တို့က အလားတူ လုယူမှုများ ကျူးလွန်ခဲ့ပြီး လုယက်ရာမှရရှိသည့်ငွေများကို ခွဲဝေသုံးစွဲခဲ့ကြကြောင်း သိရသည်။ ဖြစ်စဉ်တွင် တက္ကစီယာဉ်မောင်းများကို ဓားထောက်ခြိမ်းခြောက်၍ လုယက်မှုကျူးလွန်ခဲ့သူ သက်ပိုင်ဦး(ခ) ဝက်ကုန်း၊ လှိုင်ကျော်ထွန်း (ခ)ကျော်ကြီး၊ ဝေယံ(ခ)ဖိုးစည်နှင့် ဝေယံထွန်း (ခ) ဝေယံတို့အား သက်သေခံပစ္စည်းများနှင့်အတူ ဖော်ထုတ်ဖမ်းဆီးရမိခဲ့ပြီး ဥပဒေနှင့်အညီ အရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်



# ချောက်မြို့နယ်၌ အစိုးရမဟုတ်သော ပြည်တွင်းအသင်းအဖွဲ့များနှင့် တွေ့ဆုံပွဲ ကျင်းပ

ချောက် ဩဂုတ် ၂၃

မကွေးတိုင်းဒေသကြီး ချောက်မြို့နယ်၌ အစိုးရမဟုတ်သော ပြည်တွင်းအသင်းအဖွဲ့များနှင့်တွေ့ဆုံပွဲကို ဩဂုတ် ၂၁ ရက် နံနက်ပိုင်းက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

